# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပို့တွဲလဆန်း(၆)ရက် ၊ တနင်္လာနေ့ ၊ (3-2-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၇၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့်တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁**

## ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ ရှားပါးစာရင်းဝင် ဘင်္ဂလားကျား၊ ဝက်ဝံမျိုးစိတ်နှင့် တောရိုင်းတိရစ္ဆာန်များ ကျက်စားနေထိုင်မှုကို မှတ်တမ်းတင်စာရင်းပြုစုနေ

နေပြည်တော် ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်အတွင်း တည်ရှိသည့် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိရှားပါးစာရင်းဝင် ဘင်္ဂလားကျား၊ ဝက်ဝံမျိုးစိတ်နှင့် တောရိုင်းတိရစ္ဆာန်များ၏ ကျက်စားနေထိုင်မှုကို ကင်မရာထောင်ချောက် ၂၄ လုံးတပ်ဆင်၍ ရက် ၉၀ ကြာ မှတ်တမ်းတင်စာရင်းပြုစုနေကြောင်း ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။ **စာမျက်နှာ ၁၇ ကော်လံ ၁**



ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ကျက်စားနေသည့် ဘင်္ဂလားကျားကို တွေ့ရစဉ်။




ရတနာပုံ
၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်
အယ်ဒီတာ့အာဘော်

# စိုက်ပျိုးရေးမွေးမြူရေးထုတ်ကုန်များ မြှင့်တင်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများကိုလည်း တွဲဖက်လုပ်ကိုင်ကြသည်။ ထို့ပြင် မြန်မာနိုင်ငံသည် ယခင်ကတည်းက စိုက်ပျိုးရေးမွေးမြူရေးကို အဓိကထားပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်သည့် နိုင်ငံလည်းဖြစ်သည်။ မြန်မာနိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့်ထုတ်ကုန်များ ပြည်ပနိုင်ငံများသို့ စဉ်ဆက်မပြတ်တင်ပို့ရောင်းချနိုင်မည်ဆိုပါက ပြည်သူများနှင့် နိုင်ငံ၏စီးပွားရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပေသည်။

**"ပြည်တွင်းမှ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို မြှင့်တင်နိုင်ရန်နှင့် ပြည်ပမှတင်သွင်းကုန်များလျှော့ချနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်နိုင်မှသာ ၎င်းတို့နှင့်ဆက်စပ်နေသည့် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ပြည်ပမှတင်သွင်းကုန်များလျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုလည်း လျော့ကျလာစေနိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်တွင်းငွေကြေးခိုင်မာမှုရှိလာပြီး ကုန်ဈေးနှုန်းတည်ငြိမ်မှုကိုပါ ဖြစ်စေနိုင်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုကို နှစ်ဆတိုးမြှင့်နိုင်ရန် ကြပ်မတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း"** ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၅)တွင် ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ထည့်သွင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေးထုတ်ကုန်များတိုးမြှင့်နိုင်ရန် စိုက်ပျိုးရေးလုပ်ငန်းမှထွက်ရှိသည့် ထွက်ကုန်များကို အခြေခံပြီး စက်မှုနည်းပညာများနှင့်ပေါင်းစပ်အသုံးပြုကာ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ကြောင့် ၂၀၂၂ ခုနှစ်မှစပြီး MSME လုပ်ငန်းများအရှိန်မြှင့်တင်ဆောင်ရွက်ရန် တွန်းအားပေးလျက်ရှိပေသည်။ MSME လုပ်ငန်းတွင် ကုန်ကြမ်းရရှိရေးသည်အဓိကဖြစ်သောကြောင့် ဒေသအလိုက်ထွက်ရှိသည့်ကုန်ကြမ်းအပေါ်မှာ အခြေခံရန် မူဝါဒပေးထားပြီး ထိုမှတစ်ဆင့် တန်ဖိုးမြင့်ကုန်ပစ္စည်းများထုတ်လုပ်ရေး၊ ပြည်ပသို့ တင်ပို့ရေး၊ သွင်းအားစုများရရှိရေး၊ ဘဏ္ဍာငွေအကူအညီပေးရေး၊ လူသားအရင်းအမြစ်များရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာနည်းလမ်းအတိုင်းဆောင်ရွက်ခြင်းထက် ခေတ်မီနည်းပညာများကိုအသုံးချနိုင်မှသာ အထွက်နှုန်းတိုးတက်လာမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ၂၀၂၄-၂၀၂၅ စိုက်ပျိုးရေးရာသီအတွင်း မိုးစပါးစိုက်ပျိုးဧက ၁၄ ဒသမ ၈ သန်းကျော်၊ နွေစပါးစိုက်ပျိုးဧက ၂ ဒသမ ၀၉ သန်းကျော်၊ ပြောင်းမျိုးစုံစိုက်ပျိုးဧက ၂ ဒသမ ၁ သန်းကျော်၊ ဆီထွက်သီးနှံစိုက်ပျိုးဧက ၃ ဒသမ ၂ သန်းကျော်နှင့် ပဲမျိုးစုံစိုက်ပျိုးဧက သုံးသန်းကျော်စိုက်ပျိုးပြီးဖြစ်သည်။ စိုက်ပျိုးပြီးစီးသည့်စပါးအပါအဝင် သီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးဆောင်ရွက်သွားကြရန် လိုအပ်ပေသည်။ မွေးမြူရေးနှင့်ပတ်သက်ပါကလည်း အစာနှင့်ရေကို စနစ်တကျတိုက်ကျွေးသည့်စနစ်ဖြင့် ဒေသတွင်းထွက်ရှိသည့်ကုန်ကြမ်းများကိုအသုံးပြုပြီး အောင်မြင်သောမွေးမြူရေးလုပ်ငန်းဖြစ်အောင် ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုအတွက် အခြေခံကောင်းများရှိပြီးဖြစ်သည့်အတွက် အောင်မြင်အောင် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်နေသကဲ့သို့ စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းရှင်များကလည်း စိုက်ပျိုးရေးမွေးမြူရေးထုတ်ကုန်များ မြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြူစင်မှုတရားနှင့် ၁ (ဖြဟ္မစိုရ်) — ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

## ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ရမည်းသင်းခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းကြည့်ရှု



**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယမန်နေ့ နံနက်ပိုင်းက ရမည်းသင်းခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ်ရှိ အင်ကြင်းကန်ကျေးရွာ ကန်အောက်ဘုန်းတော်ကြီး၌ ကျင်းပသည့် နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ပံ့ပိုးပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကာ တောင်သူများကိုတွေ့ဆုံ၍တောင်သူများထံ နွေစပါးမျိုးကောင်း မျိုးသန့် GW-11၊ GW-18 ၊ အောင်နိုင်တိုးမျိုးစေ့များနှင့် ယူရီးယား ဓာတ်မြေဩဇာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တဘက္ကာကျေးရွာအုပ်စုရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ သုတေသနခြံသို့ ရောက်ရှိပြီး ခြံတာဝန်ခံက Net House ဖြင့် သဘာဝ ဝတ်မှုန်ကူးမျိုးဆင်းရွှေကြာ-၂ နေကြာ၊ မျိုးသန့်မျိုးစေ့အဆင့်ဆင့် မျိုးသန့်ထိန်းသိမ်းနည်းစနစ်နှင့်ထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သုတေသနဆောင်ရွက်နေမှုကို ကြည့်ရှုခဲ့ကြောင်း သိသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပျော်ဘွယ်မြို့နယ် ဖက်တောကျေးရွာအုပ်စု ဖက်တောကျေးရွာရှိ Chung Bo Myanmar Food & Global Co.,Ltd ၏ နှမ်းလှော်မှုန့်ထုတ်လုပ်ခြင်းနှင့် စားသုံးဆီ၊ နှမ်းဆီထုတ်လုပ်ရောင်းချခြင်း စက်ရုံသို့ရောက်ရှိပြီး စက်ရုံတာဝန်ခံက စက်ရုံဆိုင်ရာအချက်အလက်များ၊ ကိုရီးယားနိုင်ငံထုတ် စက်ကိရိယာများ တပ်ဆင်အသုံးပြုမှု၊ နှမ်းကုန်ကြမ်းကို ပြည်တွင်းဈေးကွက်မှ ဝယ်ယူအသုံးပြုခြင်းနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်အလိုက် ဆောင်ရွက်ပြီး နှမ်းဆီထုတ်လုပ်မှုနှင့် နှမ်းလှော်မှုန့်ပြုလုပ်ခြင်း၊ တစ်နှစ်လျှင် ကုန်ကြမ်း တန် ၃၂၀၀ ခန့်အသုံးပြု၍ ကုန်ချော ၂၇၃၇ တန် ထုတ်လုပ်နိုင်မှု၊ နိုင်ငံတကာအဆင့်ထုပ်ပိုးမှုပုံစံဖြင့် ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက် ကိုရီးယားနိုင်ငံသို့ တင်ပို့ဖြန့်ဖြူးနေမှုနှင့် ပြည်ထောင်စုအဆင့် အသေးစား၊ အငယ်စားနှင့်အလတ်စား(MSME)လုပ်ငန်းများ၏ ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ပါဝင်ပြသသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လှည့်လည် ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# ကန်ကြီးထောင့်မြို့နယ်တွင် မြေပဲ ၁၅၇၅ ဧက စိုက်ပျိုးပြီးစီး

**ပုသိမ် ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၅၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထား ဧက ၁၅၇၀ ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မြေပဲ ၁၅၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါမြေပဲများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများက ဒေသခံတောင်သူများနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကန်ကြီးထောင့်မြို့နယ်မှာ ဆောင်းသီးနှံ စိုက်ပျိုးရာသီက မြေပဲ ၁၅၇၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲတွေရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ နည်းပညာနဲ့ အခြားသွင်းအားစုတွေကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါတယ်။ မြေပဲတွေ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့ စတဲ့လုပ်ငန်းတွေကို ဆက်လက်ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

မြေပဲများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ဖက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မလှိုင် ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဖက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် နို့စားနွား မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖက်ကုန်းကျေးရွာ၌ နို့စားနွား မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ဦးရေ ၂၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သန်း ၃၀ ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် စစ်ကိုင်းမြို့နယ် ကျောက်ဆည် ကျေးရွာအုပ်စု ကုန်းရွာနေ ငုဝါစိုး မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့်ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ကောလင်းခရိုင်တွင် စပါးဧက ၃၇၆၀ စိုက်ပျိုးပြီးစီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ



**ကောလင်း ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် စပါးဧက ၃၇၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၆၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၃၄၇၄ ဧကနှင့် ဝန်းသိုမြို့နယ်တွင် ၂၈၆ ဧက စုစုပေါင်း ဧက ၃၇၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကောလင်းခရိုင်မှာ နွေသီးနှံ စိုက်ပျိုးရာသီ စပါးဧက ၆၃၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၇၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၅၂၆၉ ဧကနှင့်ဝန်းသိုမြို့နယ်တွင် ၁၀၃၁ ဧက စုစုပေါင်း ဧက ၆၃၀၀ တို့ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက် လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စပါးများ အထွက်နှုန်း တိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဖြူးမြို့နယ် ရွာတန်းရှည်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖြူး ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွာတန်းရှည်ကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP)မှ ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ရွာတန်းရှည်ကျေးရွာရှိ လုပ်ကွက်ငယ် တောင်သူများ၊ အသေးစားစီးပွားရေးလုပ်ငန်းရှင်များ အတွက်လိုအပ်သောငွေကြေး ရင်းနှီးမတည် ငွေများရရှိစေရန် ရည်ရွယ်၍ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း(VRFP)ကိုအကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း ဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၄၉ သန်းကို ရွာတန်းရှည်ကျေးရွာ မတည်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်မှုဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များက ရွာတန်းရှည်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၉၁ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၄၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငရုတ်သီးစိမ်းပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ငရုတ်သီးစိမ်း ပိဿာချိန် ၅၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ငရုတ်သီးစိမ်း ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ဇန်နဝါရီလအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ညောင်တုန်းမြို့နယ်က ဒေသထွက်ငရုတ်သီးစိမ်းတွေက အရည်အသွေးကောင်းပါတယ်"ဟု ညောင်တုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။


ညောင်တုန်းမြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ငရုတ်သီးစိုက်ပျိုးသည့် လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိလာသော ငရုတ်သီးများ အရည်အသွေးကောင်းမွန်ကြောင်း၊ ထိုသို့ ငရုတ်သီးစိမ်းများ တင်ပို့ရောင်းချအားတက်လာခြင်း ငရုတ်သီးအရည်အသွေး ကောင်းလာကောင်းခြင်းကြောင့် တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# အလွမ်းစာ

## ချစ်နိုင်(စိတ်ပညာ)




လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်ကဖြစ်ပါသည်။ ရှုမဝ၊ ရုပ်ရှင်အောင်လံ၊ လုံမလေး၊ မြတ်လေး၊ အတွေးအမြင်၊ သောင်းပြောင်းထွေလာ စသည့်မဂ္ဂဇင်းမျိုးစုံတို့တွင် လစဉ်အဆက်မပြတ် ရေးလာခဲ့သည်မှာ ဆယ်နှစ်ကြာခဲ့ပြီဖြစ်သော်လည်း လုံးချင်းစာအုပ်တော့ မထုတ်နိုင်သေးပေ။ ရှုမဝမဂ္ဂဇင်းက လစဉ်ပင်တိုင်ဆောင်းပါးရှင်နေရာပေး၍ စင်တင်ခဲ့ပါသည်။ ဆရာကြီးသော်တာဆွေ အယ်ဒီတာချုပ် လုပ်နေချိန် သောင်းပြောင်းထွေလာမှာလည်း လစဉ်ပင်တိုင်ရေးနိုင်ခွင့်ရနေခဲ့ပါပြီ။ စာပေဝါသနာရှင် ကလောင်သစ်ဟုသာဆိုပါစို့။ စာဖတ်အားတော့ ကောင်းခဲ့ပါသည်။ အလုပ်တာဝန်ကလည်း ကလောမြို့ရှိ တပ်မတော်စစ်ဦးစီးတက္ကသိုလ်မှာ နည်းပြမှူးကြီးဖြစ်သဖြင့် တာဝန်အရလည်း စာကြည့်တိုက်ကြီးအတွင်း၌ပင် ရေးလိုက်ဖတ်လိုက်နှင့်သာ အချိန်ကုန်သည်။

၁၉၉၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်မှာ ဆရာကြီး ဦးရွှေအောင်ကွယ်လွန်ရှာပြီဟု ကြားသိရသောအခါ မိမိစိတ်ထဲမှာ ဝမ်းနည်းကြေကွဲမှု၊ နှမြောတသမှုခံစားရပါသည်။ ဆရာကြီးရေးသားသွားခဲ့သည်မှာ စာအုပ်ပေါင်းသုံးဆယ်ခန့်သာရှိပါလိမ့်မည်။ သို့ရာတွင် ဘာသာရေးနှင့် စာပေအနုပညာရသ၊ အတွေးအခေါ်ဆိုင်ရာ လေးနက်ကျယ်ဝန်းလှသော စာကြီးပေကြီး၊ စာကောင်းပေကောင်း သန့်သန့်တွေချည်းဖြစ်ပါ၏။

ရသစာပေ၏ရသ (၁၉၈၀)၊ အတ္တဝါဒမှ အနတ္တဝါဒသို့ခရီးစဉ် (၁၉၈၆) စသောစာအုပ်များကို မိမိဖတ်ဖူးရအောင် ကြိုးစားလေ့လာသော်လည်း မိမိဉာဏ်မမီခဲ့ပေ။ စာဖတ်သက် နောက်ထပ် ဆယ်နှစ်လောက်ကြာလာပြီးမှ ဆရာကြီး၏ စာကောင်းပေကောင်းများကို နားလည်ခံစားနိုင်သော အဆင့်အတန်းသို့ မိမိရောက်ရှိခဲ့သည်။

ကံကောင်းထောက်မ အကြောင်းတိုက်ဆိုင်စွာ ဘာဘကြီး ဦးထိန်ဝင်းက ဗုဒ္ဓ သို့မဟုတ် အနှိုင်းမဲ့(၁၉၉၅) စာအုပ်ကို မိမိစာတည်းမှူးချုပ်(အမှုဆောင်အရာရှိချုပ်) တာဝန် ဒုတိယဝန်ကြီး ဦးသိန်းစိန်ထံမှ လွှဲပြောင်းယူပြီးစအချိန်၌ အကူအညီလာတောင်းသဖြင့် စာမူဖတ်ကြည့်ပြီး ဝမ်းမြောက်ဝမ်းသာ "မြဝတီစာပေတိုက်မှ ပထမအကြိမ်" ထုတ်ဝေနိုင်ခဲ့ပါသည်။ ထိုစာအုပ်သည် ယနေ့အထိ ပါရမီ၊ ရာပြည့် စသည့်စာပေတိုက်များမှ အကြိမ်ပေါင်းများစွာ ထပ်မံထုတ်ဝေနေရပေသည်။ စာဖတ်ပရိသတ်က ဆရာကြီး ဦးရွှေအောင်၏စာအုပ်များကို ထုနှင့်ထည်နှင့် ဖတ်ရှုအားပေးကြလေသည်။ မိမိသည် အသက်သုံးဆယ်အရွယ်အထိ အထိုက်အလျောက် စာဖတ်များခဲ့သူမှန်သော်လည်း လေးနက်ခက်ခဲသော စာပေမျိုးနှင့်မရင်းနှီးခဲ့သေးပေ။ အသက် ၄၀ ကျော်လာမှသည်မှ အဆီအနှစ်ပြည့်ဝသော စာကောင်းပေကောင်းများကို နှစ်သက်မြတ်နိုးတတ်လာပါ၏။ ထိုအချိန်တွင် ဆရာကြီး ဦးရွှေအောင်ကား ကွယ်လွန်သွားခဲ့ပြီ။

စာအုပ်စာပေမှတစ်ဆင့် လေးစားကြည်ညိုရသော ဆရာ ဓူဝံ(ဦးသန်းတင်)၊ ဆရာတင့်တယ်(ဦးဝင်းစိန်)၊ ဆရာကြပ်ကလေး၊ သက်လုံ(ဦးသောင်းတင်)၊ ဆရာသော်တာဆွေ(ဦးကြင်ဆွေ)၊ ဆရာမောင်စူးစမ်း(ဦးတင်ရွှေ) စသည့်ပုဂ္ဂိုလ်များကို တွေ့မြင်ဖူးသူလည်းရှိ၊ မမြင်လိုက်ရဖူးသူလည်းရှိ၊ မည်သို့ဆိုစေ သူတို့၏လက်ရာများဖြင့် မိမိတို့လူလားမြောက်ခဲ့ရသဖြင့် လေးစားကြည်ညိုသည်။ မိမိသည် သူတို့၏တပည့်ဟု သူတို့က သိကြမည်မဟုတ်သော်လည်း သူတို့သည်ကား မိမိဘဝ၏ လမ်းပြရှေ့ဆောင်ရင်းနှီး ချစ်ခင်ရသော ဆရာရင်းများဟု ခံစားမှတ်ယူပါသည်။ သူတို့၏လက်ရာ စာပေမှတ်တိုင်များ၏ သက်သေအထောက်အထားအရ စာပေဆုများ၊ တံဆိပ်များ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စာပေမြတ်နိုးသူတစ်ဦးအနေနှင့် ကျေးဇူးကြီးမားခဲ့သူများဟု အမှတ်သညာထားကာ ဦးခိုက်ပူဇော်ပါသည်။

လူတချို့က သူတစ်ပါးကိုစာဖတ်ကြပါ၊ စာဖတ်ကြပါဟု တစာစာပြောဆိုနေလေ့ရှိကြသည်။ အသံသြဇာမပါလှပေ။ အဘယ်ကြောင့်ဆိုသော် ဘယ်အသက်အရွယ်အုပ်စု(အတန်းပညာအဆင့်ခွဲသကဲ့သို့ မူလတန်းနှင့် အလယ်တန်း၊ အလယ်တန်းနှင့်အထက်တန်းဥပမာနယ်)မတူကြပေ။ ဘယ်အရွယ်မှာ ဘယ်စာပေမျိုးနှင့်သာ နားဝင်နိုင်သည်ဆိုသောအချက်ကို ဂဃနဏ ရေရေရာရာသိပြီး တိတိကျကျလမ်းညွှန်အကြံပေးနိုင်မှသာ ထိရောက်အသုံးကျမည်ထင်ပါသည်။

၁၉၈၀-၁၉၈၄ ကာလ ငါးနှစ်ကြာမျှ မိမိရေးချင်တာတွေရေးပြီး ပေးချင်သောမဂ္ဂဇင်းတိုက်များကို တစ်တိုက်ပြီးတစ်တိုက် ပေးချင်ရာပေးနေခဲ့ဖူးပါသည်။ ဤမဂ္ဂဇင်းတိုက်က လေး၊ ငါး၊ ခြောက်လကြာ မသုံးတော့မှန်းသိသောအခါ လက်ခံစာမူကို နောက်တစ်ကြိမ်ပြင်ရေးကာ အခြားတိုက်သို့သွားပို့ပြန်၏။ ထိုအချိန်လောက်က မဂ္ဂဇင်းအယ်ဒီတာများ မိမိကိုတွေ့မြင်ဖူးခဲ့ကြပါ၏။ စာတိုက်မှမပို့ဘဲ လူကိုယ်တိုင် အယ်ဒီတာလက်ထဲထည့်ချင်အောင် တိကျသောမိမိဆန္ဒဖြစ်ပါသည်။

သို့သော် ပယ်လိုက်သောစာမူတွေ များလာပြီးမှ ဆရာနတ်နွယ်က တိုးတိုးညင်းညင်းလေသံလေ ဖြင့် မိမိကိုရှင်းပြပါသည်။ "ယေဘုယျဆန်လွန်းတာပဲ များနေတယ်" ဩော်...ပယ်ရခြင်းအကြောင်းရင်းကို ငါးနှစ်ကြာပြီးမှသာ ကိုယ်တွေ့နားလည်ရတော့၏။

ဆရာလယ်တွင်းသားစောချစ်ထံ သွားတပည့်ခံ၍ စာမူများ ပြသသောအခါ စာမူ ၁၀ ပုဒ်၊ ၁၂ ပုဒ် အားလုံးကို မှတ်ချက်ပေး၍ သင်ကြားလိုက်ပါ၏။ "ဒီအပုဒ်က သုံးမျက်နှာပဲရှိလို့ တိုတယ်၊ ချဲ့ရေး။ ဒီအပုဒ်က ၁၀ မျက်နှာ ရှည်လွန်းတယ် ခုနစ်မျက်နှာလောက်ဖြစ်အောင် ပြန်ချုံ့ရေး။ ဒီဆောင်းပါးက နွယ်နီကိုပို့၊ ဒီဆောင်းပါးက အတွေးအမြင်ပို့၊ ဒီဆောင်းပါးက လုံမလေးပို့၊ ဒီဆောင်းပါးကို ရှုမဝပို့ပါ" အတိအကျ မှတ်ချက်ပေးလိုက်၏။ သူက ဆရာနတ်နွယ် ဘာကြိုက်သည်၊ မောင်မြင့်မြတ် ဘာကြိုက်သည်၊ ဆရာမ မလေးလုံ ဘာကြိုက်သည်သိပြီးသားပေကိုး။

မဂ္ဂဇင်းစာမူတစ်ပုဒ်သည် အယ်ဒီတာစားပွဲပေါ်မှ တစ်ဆင့် စာဖတ်သူထံသို့ပို့ရသည်ဖြစ်ရကား တိုက်၏ သဘောသဘာဝ(House Style)ကို လိုက်ဖက်ဆီလျော်အောင်ရွေး၍ ပေးရမည်ပါတကား။ ရေးချင်ရာရေး၊ ပေးချင်ရာသို့ပို့။ ဂဃနဏ မခွဲခြားတတ်ဘဲ ယေဘုယျသာ လုပ်နေခဲ့သည်မှာ ငါးနှစ်ကြာခဲ့ပါလေသည်။ လေ့ကျင့်ခန်းရေးကျင့်ရာတော့ ရောက်ခဲ့သည်။ ဖွဲ့သတ္တိကို အစမ်းသပ်ခံရဘိသကဲ့သို့ရှိခဲ့သည်။ အမှားကြာမှ အမှန်သိခဲ့ရ၏။ ကိုယ်တွေ့သင်ယူခဲ့သော သင်ခန်းစာပေတည်း။ (အရာမရောက်သောစကားတွေ၊ စာတွေ၊ ပြောသူ၊ ရေးသူတို့ကို အပြစ်မဆိုလိုပါ။ မိမိမှားခဲ့၊ ချော်ခဲ့ပြီးသားတွေပါ။ မဆန်းပါ)

စာရေးသက်နှစ်ပေါင်း ၄၀ ကျော်ကာလအတွက် ချွတ်ယွင်းချက်၊ ချို့တဲ့မှု၊ အလွဲအချော်၊ အမှားအယွင်း နည်းပါးစေရန် အနီးကပ်လမ်းမှန်ညွှန်ပြသင်ကြားခဲ့သောဆရာကား ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)၊ အမည်ရင်း ပါမောက္ခဒေါက်တာ ဦးခင်အေး(၁၉၄၂- ၂၀၂၅)ပင်ဖြစ်ပါတော့သည်။ ၁၉၇၉ ခုနှစ်က ရန်ကုန်ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ် မြန်မာစာအသင်းက ပထမအကြိမ် ထုတ်ဝေခဲ့သော မောင်ခင်မင်(ဓနုဖြူ)၏ **"စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ"** စာအုပ်သည် ၁၉၈၁-၁၉၈၂ ခုနှစ်ခန့်တွင် မိမိစတင်တွေ့ရှိရသည်။ တော်တော်ကောင်းသည့်စာအုပ်။ တိတိကျကျ ထိထိမိမိရှိလှသည်ဟု သေချာစွာ ထပ်ခါထပ်ခါဖတ်မှတ်လေ့လာခဲ့ပါသည်။ အကြိမ်ကြိမ်ဖတ်ရှုနားလည်လေလေ အခြေခံကျကျ တန်ဖိုးပို၍သိရလေလေဖြစ်ရလေသည်။ စာရေးသူက ချီးမွမ်းလွန်းနေရာရောက်လျှင် ရတနာပုံခေတ်က မြင်းထိန်းငတေဆိုသူက တွေ့သမျှလူကို "ခင်ဗျားတို့ရွှေပြည်ဝန်မင်းစာတွေ ဖတ်ဖူးကြရဲ့လား။ သိပ်ကောင်းတယ်၊ ဖတ်ဖြစ်အောင် ဖတ်ကြစမ်းပါ စသဖြင့်ပြောသကဲ့သို့ဖြစ်မည်လည်း စိုးမိပါ၏။ ရွှေပြည်ဝန်ကြီးကား ပညာရှိသော ယောအတွင်းဝန် ဦးဘိုးလှိုင်ဖြစ်ပါသည်။ စာရေးသူ၏ဘဝတစ်လျှောက်တွင် စာရေးသူစားပွဲပေါ်၌တင်ထားပြီး မကြာမကြာ ပြန်လည်ဖတ်ရှု ကိုးကားစရာကြည့်ရသဖြင့် အနီးကပ်ဆရာသမားရှိသည့်နှယ် အရေးပါသောစာအုပ်ဖြစ်ခဲ့ပါ၏။ စကားပြေသဘောတရားနှင့် စကားပြေအတတ်ပညာစာအုပ်သည် သူ့ရှေ့က သဒ္ဒါစာအုပ်စာစီစာကုံးရေးနည်း စာအုပ်များထက် ပိုမိုစေ့စပ်ပြည့်စုံခဲ့ပါ၏။ နောက်ထွက်သည့်စာအုပ်များသည် သူ့ထက် ပိုမိုသာလွန်ကောင်းမွန်ရန် မလွယ်ကူဟုထင်ပါ၏။

လန်ဒန်တက္ကသိုလ် ပါမောက္ခ ဒေါက်တာလှဘေက ဤသို့မှတ်ချက်ပြုခဲ့ဖူးပေသည်-

**"ဆရာမောင်ခင်မင်(ဓနုဖြူ)က "စကားပြေသဘောတရား စကားပြေအတတ်ပညာ"စာအုပ်ကို "ဆရာကြီးသို့ ဂါရဝဖြင့် "စာတန်းထိုးပြီးပေးပါသည်။ စာအုပ်ကို အိမ်ပြန်ရောက်မှ ဖတ်ကြည့်ပါသည်။ မောင်ခင်မင်၏ တပင်တပန်းသုတေသနပြု၍ အချိန်ကြာမြင့်စွာ စနစ်တကျတွေးတောစဉ်းစားပြီး ဦးနှောက်အလုပ်ပေးကာ ပြုစုထားသောစာအုပ်သည် ပညာသားပါသဖြင့် ပညာရှင်တို့ဖတ်ရှုသင့်ပါသည်"**

(ဒေါက်တာလှဘေ
ပါရဂူဘွဲ့စာတမ်းဟောပြောပွဲအချီး
မြန်မာစာသုတေသနဂျာနယ်အတွဲ ၃ အမှတ် ၁
၁၉၉၈ ခုနှစ် ဧပြီလ)

အင်္ဂလန်နိုင်ငံ လန်ဒန်တက္ကသိုလ်တွင် ပါမောက္ခအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့သည့် အရွယ်တွင်လည်း အမိနိုင်ငံမြန်မာပြည်သို့ ပြန်လာနေထိုင်ကာ မော်လမြိုင်မြို့တွင် ခေါင်းချသွားခဲ့သော ကမ္ဘာသိမြန်မာစာပညာရှင် ဒေါက်တာလှဘေက တိတိကျကျ ဖော်ပြရည်ညွှန်း၍ ချီးကျူးခဲ့သည်ကိုထောက်လျက် ဆရာကြီးမောင်ခင်မင်၏ "စကားပြေသဘောတရားစကားပြေအတတ်ပညာ" စာအုပ်သည် ရွှေအကြောင်း ဖယောင်းသက်သေဆိုသကဲ့သို့ ရွှေစင်ရွှေသားအဖိုးတန်စစ်မှန်ကြောင်းအလွန်ထင်ရှားပေါ်လွင်ခဲ့ပေသည်။ ပုံနှိပ်ခဲ့ပြီးသော အုပ်ရေကား မည်မျှရှိပြီမသိရသော်လည်း ၂၀၂၃ ခုနှစ်ထိ (၁၀)ကြိမ်တိုင်တိုင်ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်ခြင်းကလည်း ပန်းသတင်းလေညင်းဆောင်သကဲ့သို့ စာပေလောကနယ်ပယ်တစ်ဝန်းလုံး ဤစာအုပ်၏ကောင်းသတင်းသည် အထူးဖော်ပြနေစရာမလိုတော့ပါချေ။

မိမိကိုယ်တိုင် လေးစားအားကိုးစွာ လေ့လာမှတ်သား ကောင်းကျိုးတရားရရှိခဲ့သဖြင့် သူငယ်ချင်းမိတ်ဆွေများကိုလည်း ဖတ်စေချင်၊ ဆောင်စေချင်သဖြင့် လက်ဆောင်အနေနှင့်ပေးလေ့ရှိခဲ့သည်။

မိမိဟောပြောပို့ချရသော စာရေးနည်းသင်တန်း၊ သတင်းစာပညာသင်တန်း၊ ပြန်ကြားရေးသင်တန်းများတွင်လည်း ကိုးကားထည့်သွင်း ပြောပြရသည်။ ထူးချွန်သူ ငါးဦး၊ ၁၀ ဦး စသည်တို့အတွက် မိမိက အလှူဒါနအဖြစ်ဝယ်၍ ဤစာအုပ်ကို ဂုဏ်ပြုလက်ဆောင်ဆုချလေ့ရှိခဲ့သည်။

စကားပြေသဘောတရား စကားပြေအတတ်ပညာစာအုပ်ကို ဆရာကြီးသည် ၁၉၇၆ ခုနှစ်မှာ ရေးသားခဲ့ခြင်းဖြစ်သဖြင့် သူ့အသက် ၃၄ နှစ်အရွယ်က ပြုစုခြင်းဖြစ်ပေသည်။ စာအုပ်သက်တမ်း ၄၅ နှစ်ကာလအတွင်း (၁၀) ကြိမ်မက စာအုပ်တိုက်အမျိုးမျိုးက ထပ်မံပုံနှိပ်ခဲ့ကြသည်။ ဤစာအုပ်ရှေ့မှာ စကားပြေသဘောတရားနှင့် ရေးနည်းအတတ်ပညာအကြောင်းကို စာတစ်စောင်ပေတစ်ဖွဲ့ ရေးသားထားသောစာအုပ်ဟူ၍ မြန်မာစာပေလောကတွင် မပေါ်ပေါက်ခဲ့သေးပေ။ တက္ကသိုလ်တွင် ၁၃ နှစ်ကြာမျှ မြန်မာစာကိုသင်ကြားပို့ချနေသော ဆရာဖြစ်သဖြင့် ဤဘာသာရပ်ကိုနှံ့စပ်ပိုင်နိုင်၏။ မဟာဝိဇ္ဇာဘွဲ့လည်းရခဲ့ပြီးဖြစ်၏။ရှေးခေတ်ကာလမှ ၂၀ ရာစုအထိ စကားပြေရေးနည်းကျမ်းဟုမတွေ့ရပေ။ ဆရာကြီးများဖြစ်ကြသော ရွှေဥဒေါင်း၊ ပီမိုးနင်း၊ ဇော်ဂျီ၊ မောင်ထင်၊ မင်းသုဝဏ်၊ သိပ္ပံမောင်ဝ၊ သိန်းဖေမြင့် စသောပုဂ္ဂိုလ်တို့၏ဆောင်းပါးများရှိကြသော်လည်းကျမ်းတစ်စောင်တစ်ဖွဲ့မရှိခဲ့သေးပေ။

**❖စာရေးသူသည် ဆရာကြီး မောင်ခင်မင်ရေးသမျှ ကျမ်းစာရော၊ ဘဝရုပ်ပုံလွှာများရော၊ တေးသီချင်းများအကြောင်း၊ သူ၏ခင်မင်ရင်းနှီးသူများအကြောင်း၊ အိုဆာကာခရီးသည်အကြောင်း စသည်အကုန်ဖတ်ပါသည်။ ချစ်လို့ဖတ်ပါသည်။ ချစ်စရာ၊ လေးစားစရာပညာရှင်၊ စိတ်ထားလှသော ပညာရှိကြီးအဖြစ် ကြည်ညိုမြတ်နိုးစွာခင်မင်ပါသည်။ ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ကွယ်လွန်သွားခဲ့ရှာလေပြီ။ လွမ်းလောက်စရာ နိုင်ငံ့သားကောင်းလမ်းပြကြယ်တစ်ပွင့် ကြွေလွင့်ခဲ့ချေပြီ။ ❖**

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၆၆၃ ဧက စိုက်ပျိုးပြီးစီး



**ကလေး ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၆၆၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် ပဲတီစိမ်းဧက ၁၅၆၅၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်၍စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၆၆၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကလေးခရိုင်မှာ ပဲတီစိမ်း ဧက ၁၅၆၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၅၆၆၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် ပိုတိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ပညာပေးတာတွေရှိပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မြို့နယ်အလိုက် ပဲတီစိမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ဧက ၉၁၃၉၀၊ ကလေးဝမြို့နယ်တွင် ၈၃၆ ဧက၊ မင်းကင်းမြို့နယ်တွင် ၅၆၃၇ ဧက စုစုပေါင်း ၁၅၆၆၃ ဧကဖြစ်ကြောင်း၊ ပဲတီစိမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ဧက ၁၃၆၆၀၊ ကလေးဝမြို့နယ်တွင် ဧက ၆၀၀၊ မင်းကင်းမြို့နယ်တွင် ဧက ၁၃၉၀ စုစုပေါင်းဧက ၁၅၆၅၀ ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ ပဲတီစိမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ဆရာကြီး မောင်ခင်မင်၏စာအုပ်မှာ အင်္ဂလိပ်စကားပြောကျမ်းများကိုလည်း ရှင်းရှင်းနီးနီး(ပို့ချသင်ကြားရန်အလို့ငှာ) လေ့လာထားပြီးဖြစ်၍ ဤစာအုပ်အမြင်ရှုထောင့်သည် ရေးရိုးမြန်မာ့အစဉ်အလာ စကားပြေသဒ္ဒါရေးထုံးကျမ်းသက်သက်မျှမဟုတ်တော့ဘဲ နိုင်ငံတကာအမြင်၊ ကျယ်ဝန်းသောနောက်ခံကားရှုခင်းထားရှိပြီးကြည့်သော(Out of the Box) အမြင်လည်း ပါဝင်နေခဲ့သည်။ ဤစာအုပ်တွင်မှ စကားပြေကောင်း၏အခြေခံလက္ခဏာများကို တိကျပြည့်စုံစွာသိရပေသည်။

၁။ **ရှင်းလင်းမှု**

၂။ **မှန်ကန်မှု** (စကားလုံး၊ သတ်ပုံ၊ သဒ္ဒါ စသည်)

၃။ **တိကျမှု** (ဘယ်သူ၊ ဘယ်အချိန်၊ ဘယ်မှာ၊ ဘာကြောင့်၊ ဘာကို၊ ဘယ်လိုလုပ်၊ ဖြစ်၊ ရှိခြင်း)

၄။ **ပြေပြစ်မှု**

၅။ **ကျစ်လျစ်မှု**

၆။ **လိုက်ဖက်မှု**

ရေးဟန်ကွဲပြားပုံကို အောက်ပါအတိုင်း ခွဲခြားပြသည်။

**၁။ ရည်ရွယ်ချက်ကိုလိုက်၍ ရေးဟန်ကွဲပြားပုံ**

**၂။ အကြောင်းအရာကိုလိုက်၍ ရေးဟန်ကွဲပြားပုံ**

**၃။ စာဖတ်သူကိုလိုက်၍ ရေးဟန်ကွဲပြားပုံ**

**၄။ အလင်္ကာ**

**၅။ စည်းဝါး၊ နရီ**

**၆။ လေသံ**

စာဖတ်သူသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ စာအုပ်ပေါင်းအရေအတွက် ထောင်သောင်းသိန်းချီ၍ ဖတ်ဖူးသူတစ်ဦးပင်ဖြစ်ပါစေ၊ ဤစာအုပ်ကို မဖတ်ဖူး၊ မမှတ်ဖူးပါက စကားပြေစည်းရုံးမှုအဆင့် မည်မျှရှိသည်ကို ဂဃနဏမသိနိုင်ပေ။

ဆရာကြီးမောင်ခင်မင် အသက်အရွယ် ၃၄ နှစ်က ပြုစုခဲ့သည့် "စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ"စာအုပ်တွင် စကားပြေစည်းရုံးမှုအဆင့် လေးဆင့်ခွဲခြားပိုင်းဖြတ်၍ ရှင်းလင်းဖော်ပြထားပေသည်။ ဘာတွေလဲ။

**၁။ စကားအသုံးအနှုန်းအဆင့်၊** ၁၁ ချက်မှတ်စရာပါသည်။

**၂။ ဝါကျအဆင့်၊** ၈ ချက် မှတ်သားစရာပါသည်။

**၃။ စာပိုဒ်အဆင့်၊** ၇ ချက်မှတ်သားစရာပါသည်။

**၄။ စာတစ်ပုဒ်လုံးအဆင့်၊** ၉ ချက်မှတ်သားစရာပါသည်။

နမူနာကောက်နုတ်လျက် အခန်း(၆) (၇) (၈) (၉) တို့တွင်ပါရှိချက်ကို သိသာနိုင်ပါရန် တင်ပြခြင်းပါ။

ဤစာအုပ်ကိုပြုစုရာတွင် ကိုးကားရှာဖွေလေ့လာခဲ့ရသော စာအုပ် ၂၀၁ အုပ် ဖော်ပြထားသည်။ အက္ခရာစဉ်အညွှန်းလည်းပါသည်။ (စာအုပ်တိုင်းတော့ ပါလေ့မရှိကြပါ။ တက္ကသိုလ်မြန်မာစာပါမောက္ခဖြစ်လာမည့် ကထိကတစ်ယောက်အနေနှင့် ဆရာကောင်းတစ်ဦး၏ စေ့စပ်တိကျပြည့်စုံတတ်မှုသင်္ကေတလက္ခဏာရပ်ဖြစ်ပါသည်)

စာရေးသူသည် ဆရာကြီး မောင်ခင်မင်ရေးသမျှ ကျမ်းစာရော၊ ဘဝရုပ်ပုံလွှာများရော၊ တေးသီချင်းများအကြောင်း၊ သူ၏ခင်မင်ရင်းနှီးသူများအကြောင်း၊ အိုဆာကာခရီးသည်အကြောင်း စသည် အကုန်ဖတ်ပါသည်။ ချစ်လို့ဖတ်ပါသည်။ ချစ်စရာ၊ လေးစားစရာပညာရှင်၊ စိတ်ထားလှသော ပညာရှိကြီးအဖြစ် ကြည်ညို မြတ်နိုးစွာ ခင်မင်ပါသည်။ ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ကွယ်လွန်သွားခဲ့ရှာလေပြီ။ လွမ်းလောက်စရာ နိုင်ငံ့သားကောင်းလမ်းပြကြယ်တစ်ပွင့် ကြွေလွင့်ခဲ့ချေပြီ။

## အေးချမ်းသာယာဖွံ့ဖြိုးစေမည် မြန်မာပြည်

– တို့ပြည်ထောင်စု ညီနောင်ပြုမှ
ပြည်သူ့ဘဝ သာယာလှမည်
ဘေးကသွေးထိုး အဖျက်ပိုးကြောင့်
ဆိုးကျိုးများစွာ ရောက်ရှိလာက
သာယာမှုကင်း မှန်မယွင်းတည်း။

– လူသားဘဝ နေကြရချိန်
အလှများစွာ လှကမ္ဘာတွင်
ကြည်သာရွှင်ပျ ရှိကြမှသာ
ဘဝတန်ဖိုး ဂုဏ်ရှိန်တိုးသည်
ပြည်ကျိုးဆောင်၍ စဉ်ချမ်းမြေ့။

– တိုင်းရင်းသားချင်း သွေးသားရင်းမို့
ချစ်ခြင်းခိုင်မြဲ သွေးမကွဲနှင့်
ရင်ထဲမေတ္တာ ထားရှိကာဖြင့်
ညီညာဝန်တာ ထမ်းဖို့ရာမှာ
မြန်မာရေမြေ အတူနေသည့်
ဆွေမျိုးရင်းချာ စိတ်ထားသာ။

– ပြည်ထောင်စုကို ညီညွတ်လိုက
ကိုယ်နှင့်တန်းတူ စိတ်ထားဖြူ၍
မတူကွဲပြား ရှိခဲ့ငြားက
ရိုးသားစိတ်ရင်း တွေ့ဆုံခြင်းဖြင့်
သွေးချင်းညီနောင် တို့ပြည်ထောင်စု
ရွက်ဆောင်ကြိုးပမ်း ကြပါလေ။

– အမြင်မတူ ငဲ့ရန်သူဟု
လူမျိုးခွဲခြား သပ်လျှိုထားလျှင်
များလှပြည်ရွာ လူများစွာတို့
ဘယ်မှာသာယာ ရှိမည်နည်း။

– သို့ကြောင့်ပင်လျှင် ပြည်တစ်ခွင်မှာ
အစဉ်အေးချမ်း ရည်ရွယ်မှန်းလျက်
ပန်းစုံသင်းပျံ့ မွှေးရနံ့တို့
တည်တံ့ရှည်ကြာ ရှိစေဖို့။
စည်းလုံးညီညာ နေကြစို့။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

## နိုင်ငံတကာ သတင်းများ

# အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ဝါရှင်တန်ခရီးစဉ် စတင်မည်



**ဂျေရုဆလင် ဖေဖော်ဝါရီ ၂**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံဆွေးနွေးရေးအတွက် ယနေ့တွင် ဝါရှင်တန်ခရီးစဉ်ကို စတင်မည်ဖြစ်ကြောင်း သိရသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုသည် သမ္မတ ဒေါ်နယ်ထရန့် ဦးဆောင်သော အမေရိကန်အစိုးရ အဖွဲ့သစ်နှင့် ဆက်ဆံရေးမြှင့်တင်ရန် ကြိုးပမ်းခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ဂါဇာကမ်းမြောင်စစ်ပွဲကို အကြောင်းပြု၍ သမ္မတ ဂျိုးဘိုင်ဒင်ဦးဆောင်သည့် အမေရိကန်အစိုးရအဖွဲ့ဟောင်းနှင့်ဆက်ဆံရေးပြေလည်ခြင်းမရှိခဲ့ကြောင်း သိရသည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် အမေရိကန်သမ္မတရာထူးကို ဒေါ်နယ်ထရန့်ရရှိခဲ့ပြီးနောက်ပိုင်း အိမ်ဖြူတော်သို့သွားရောက်မည့် ပထမဆုံးပြည်ပခရီးစဉ်ဖြစ်သည်။

သမ္မတဟောင်း ဂျိုးဘိုင်ဒင်ဦးဆောင်သည့် အမေရိကန်အစိုးရအဖွဲ့ဟောင်းနှင့် ဆက်ဆံရေးကျေလည်မှုမရှိသည့် နေတန်ယာဟုသည် ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ အမေရိကန်နိုင်ငံသို့ သွားရောက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံစဉ် အစ္စရေးဝန်ကြီးချုပ်အနေဖြင့် ဂါဇာစစ်ပွဲပြဿနာကို အဓိကထားဆွေးနွေးကြဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဆိုမာလီယာနိုင်ငံအတွင်း အိုင်အက်စ်ပစ်မှတ်များကို အမေရိကန်တပ်မတော် လေကြောင်းတိုက်ခိုက်မှုပြုလုပ်

**နယူးယောက် ဖေဖော်ဝါရီ ၂**

ဆိုမာလီယာနိုင်ငံအတွင်းရှိ အစ္စလာမ်မစ်အကြမ်းဖက်အုပ်စုပစ်မှတ်များကို အမေရိကန်တပ်မတော်က ဖေဖော်ဝါရီ၁ရက်တွင်လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

ဆိုမာလီယာနိုင်ငံအတွင်း ခိုအောင်းနေသော အိုင်အက်စ်အုပ်စုထိပ်တန်း စစ်ဆင်ရေးမှူးတစ်ဦးနှင့် အခြားအိုင်အက်စ်အဖွဲ့ဝင်များကို ပစ်မှတ်ထားတိုက်ခိုက်ရန် အမေရိကန်တပ်မတော်ကို မိမိညွှန်ကြားခဲ့ကြောင်း သမ္မတ ဒေါ်နယ်ထရန့်က ဖေဖော်ဝါရီ ၁ ရက်တွင် လူမှုမီဒီယာစာမျက်နှာပေါ်၌ ရေးသားထားသည်။

ဆိုမာလီယာနိုင်ငံ ဂိုလစ်တောင်ကုန်းဒေသ မြေအောက်လိုဏ်ဂူများထဲ၌ ပုန်းအောင်းနေသည့် အဆိုပါအိုင်အက်စ်အုပ်စုဝင်များသည် အမေရိကန်နိုင်ငံနှင့် မဟာမိတ်များကို ခြိမ်းခြောက်နေကြသူများဖြစ်ကြကြောင်း ဒေါ်နယ်ထရန့်က ပြောကြားထားသည်။

ဆိုမာလီယာနိုင်ငံ ဂိုလန်တောင်ကုန်းဒေသ၌ပြုလုပ်ခဲ့သော အမေရိကန်တပ်မတော်၏ လေကြောင်းတိုက်ခိုက်မှုများကို အမေရိကန် ကာကွယ်ရေးဝန်ကြီးသစ် ပီတီဟက်ဇ်ဆက်ကလည်း အတည်ပြုထားပြီး တိုက်ခိုက်မှုများအတွင်း အိုင်အက်စ်စစ်သွေးကြွအများအပြား သေဆုံးခဲ့ကြောင်း ပြောကြားထားသည်။

အိုင်အက်စ် ပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုမပြုလုပ်မီ အမေရိကန်အစိုးရက ဆိုမာလီယာအစိုးရကို ကြိုတင်အသိပေးခဲ့ကြောင်း ဆိုမာလီယာသမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် အမေရိကန်လေကြောင်းတိုက်ခိုက်မှုကြောင့် အိုင်အက်စ်အုပ်စုဝင် မည်မျှသေဆုံးခဲ့ရသည်ကို မသိရသေးကြောင်း သိရသည်။

Ref : RT

Trs : KKO

# ယူကရိန်းပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှု ရုရှားပြုလုပ်

**မော်စကို ဖေဖော်ဝါရီ ၂**

ရုရှားတပ်များသည် ဖေဖော်ဝါရီ ၁ ရက်တွင် ယူကရိန်းနိုင်ငံအတွင်းရှိ ပစ်မှတ်များကို ဒုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။



တစ်ချိန်တည်းမှာပင် ရုရှားတပ်များသည် ယူကရိန်းအရှေ့ပိုင်းရှိ အရေးကြီးသည့် မြို့တစ်မြို့ဖြစ်သော တိုရက်ခ်မြို့ကို သိမ်းပိုက်ရေးအတွက်ထိုးစစ်ဆင်တိုက်ခိုက်နေကြောင်း သိရသည်။

ဖေဖော်ဝါရီ၁ရက်လေကြောင်းတိုက်ခိုက်မှုများတွင် ရုရှားတပ်များက ဒုံးကျည် ၄၄ စင်းနှင့် မောင်းသူမဲ့လေယာဉ် ၁၂၃စင်း အသုံးပြုခဲ့ကြောင်း ယူကရိန်းအစိုးရက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ရုရှားတပ်များသည် တိုရက်ခ်မြို့ ဆင်ခြေဖုံးရှိ ကျေးရွာတစ်ရွာကို ထိန်းချုပ်ထားကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဒွန်းနက်ခ်ဒေသ၌ တည်ရှိသော ဟာတိုရက်ခ်မြို့သည် မဟာဗျူဟာအရ အရေးကြီးသည့်မြို့တစ်မြို့ဖြစ်ပြီး ယင်းမြို့ကို ရုရှားတပ်များက ပြီးခဲ့သည့်ရက်သတ္တပတ်များကပင် စတင်တိုက်ခိုက်ခဲ့သည်။

တိုရက်ခ်မြို့ကို ထိန်းချုပ်နိုင်ခဲ့ပါက ရုရှားတပ်များအနေဖြင့် ယူကရိန်းတပ်မတော်၏ အရေးကြီးသော ထောက်ပို့လမ်းကြောင်းများကို ကြားဖြတ်ပိတ်ဆို့ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# မာလီနိုင်ငံ ရွှေတွင်းတစ်တွင်း၌ ရေလွှမ်းမိုးမှုဖြစ်ပွား အမျိုးသမီးများနှင့် ကလေးများအပါအဝင် ၁၃ ဦးသေဆုံး

**ဘာမာကို ဖေဖော်ဝါရီ ၂**

မာလီနိုင်ငံ အနောက်တောင်ပိုင်းရှိ ရွှေတွင်းတစ်တွင်း၌ ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ရာ အမျိုးသမီးများနှင့် ကလေးများအပါအဝင် တစ်ပိုင်တစ်နိုင်ရွှေတူးသမား၁၃ ဦး သေဆုံးခဲ့ရကြောင်း မာလီရွှေတူးဖော်သူများသမဂ္ဂက ဖေဖော်ဝါရီ ၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သော ရွှေတွင်းသည် မာလီအနောက်တောင်ပိုင်း ကိုလီကိုရိုဒေသ ကျေးရွာတစ်ခုအနီး တည်ရှိကြောင်း သိရသည်။



ရွှေတွင်းရေလွှမ်းမိုးမှုဖြစ်စဉ်သည် ဇန်နဝါရီ ၂၉ရက်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မာလီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရွှံ့နှစ်ရေများ လှောင်ထားသည့် ရွှံ့ကန်တစ်ကန် ကျိုးပေါက်ခဲ့ပြီးနောက် ရွှေတွင်းရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

ပြီးခဲ့သည့် နှစ်များအတွင်း ကမ္ဘာ့ဈေးကွက်၌ ရွှေဝယ်လိုအားနှင့် ရွှေဈေးတက်လာမှုတို့ကြောင့် မာလီနိုင်ငံအပါအဝင် အနောက်အာဖရိကနိုင်ငံများ၌ တစ်နိုင်တစ်ပိုင်ရွှေတူးဖော်မှုလုပ်ငန်းများအားကောင်းလာခဲ့သည်။

သို့ရာတွင် စည်းမဲ့ကမ်းမဲ့ ရွှေရှာဖွေ တူးဖော်မှုများကြောင့်လည်း ရွှေတွင်းမတော်တဆမှုများလည်း မကြာခဏဖြစ်ပွားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# မြေကျွံတွင်းထဲပိတ်မိနေသူကို ကယ်ထုတ်ရေးအတွက် လျှောလမ်းတစ်ခု ဂျပန်ကယ်ဆယ်ရေးသမားများတည်ဆောက်

**တိုကျို ဖေဖော်ဝါရီ ၂**

ဂျပန်နိုင်ငံ ယာရှီယိုမြို့ မြေကျွံတွင်းအတွင်း ပိတ်မိနေသော ကုန်တင်ယာဉ်မောင်းတစ်ဦးကို ကယ်တင်ရေးအတွက် ဂျပန်ရှာဖွေကယ်ဆယ်ရေးသမားများက ဖေဖော်ဝါရီ ၁ ရက်တွင် လျှောလမ်းတစ်ခု တည်ဆောက်ထားသည်။

ဇန်နဝါရီ ၂၈ ရက်က ယာရှီယိုမြို့လမ်းဆုံတစ်ခု၌ မြေကျွံတွင်းတစ်တွင်း ရုတ်တရက်ပေါ်ထွက်လာခဲ့ရာ ယင်းမြေကျွံတွင်းထဲသို့ ကုန်တင်ယာဉ်တစ်စီးထိုးကျခဲ့ပြီး ယာဉ်မောင်းအမျိုးသားပိတ်မိနေခဲ့ရသည်။

၎င်းအမျိုးသားကို ကယ်တင်ရန် ဂျပန်ရှာဖွေကယ်ဆယ်ရေးသမားများက ကယ်တင်ရန် မြေကျွံတွင်း စတင်ပေါ်ထွက်ခဲ့သည့်နေ့ကပင် စတင်ခဲ့သော်လည်း ဖေဖော်ဝါရီ ၁ ရက်ထိ အောင်မြင်မှုမရှိသေးကြောင်း သိရသည်။

လက်ရှိအချိန်တွင် လူမှုကယ်ဆယ်ရေးသမားများသည် မြေကျွံတွင်းထဲသို့ အကြီးစားယာဉ်ယန္တရားများ ဆင်းသက်နိုင်မည့် မီတာ ၃၀ အရွယ်ရှိ လျှောလမ်းတစ်ခု တည်ဆောက်ထားကြောင်း သိရသည်။

အဆိုပါမြေကျွံတွင်းမှာ လက်ရှိအချိန်တွင် အိုလံပစ်အားကစားပွဲရေကူးကန်အရွယ်အစားထိရှိပြီး ကြီးမားလာကာ အနက်မှာ ၁၅ မီတာထိရှိလာပြီဖြစ်သည်။


ယင်းမြေကျွံတွင်းသည် စတင်ပေါ်ထွက်လာစဉ်က အရွယ်အစားအားဖြင့် အချင်းငါးမီတာခန့်သာ ရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## SWARM ဂြိုဟ်တုအုပ်စုတစ်ခုက ကမ္ဘာပေါ်ရှိ သမုဒ္ဒရာရေလှိုင်းများက ထုတ်ပေးနေသော လျှပ်စစ်သံလိုက်အချက်ပြလှိုင်းများကို ထောက်လှမ်းဖမ်းယူနိုင်ခဲ့



**ပဲရစ် ဖေဖော်ဝါရီ ၂**

ဥရောပ အာကာသအေဂျင်စီ၏ SWARM အမည်ရှိ ဂြိုဟ်တုအုပ်စုတစ်ခုသည် ကမ္ဘာပေါ်ရှိ သမုဒ္ဒရာရေလှိုင်းများက ထုတ်ပေးနေသော လျှပ်စစ်သံလိုက်အချက်ပြလှိုင်းများကို ထောက်လှမ်းဖမ်းယူနိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁ ရက် သတင်းများအရ သိရသည်။

ဥရောပ အာကာသအေဂျင်စီ၏ SWARM ဂြိုဟ်တုအုပ်စုတွင် ကမ္ဘာ မြေပြင်အထက် အမြင့် ၂၈၇ မိုင်နှင့် ၃၁၈ မိုင်ကြားပတ်လမ်းများပေါ်၌ နေရာယူထားသည့် ဂြိုဟ်တုသုံးစင်း ပါဝင်သည်။

၂၀၁၃ ခုနှစ်တွင် လွှတ်တင်ခဲ့သော SWARM ဂြိုဟ်တုများသည် သမုဒ္ဒရာများ၏ ဒီရေလှုပ်ရှားမှုကြောင့် ကမ္ဘာ့သံလိုက်စက်ကွင်းနယ်မြေ၌ ပေါ်ထွက်လာသော အပြောင်းအလဲများကို ရှာဖွေပေးမည့် မဂ္ဂနက်တိုမီတာ ခေါ် လေ့လာရေးစနစ်များ တပ်ဆင်ထားကြောင်း သိရသည်။

ဥရောပ အာကာသအေဂျင်စီ သိပ္ပံပညာရှင်များသည် SWARM ဂြိုဟ်တုအုပ်စုက ၂၀၁၇ ခုနှစ်အတွင်းရယူထားသည့် သတင်းအချက်အလက်များထဲတွင် သမုဒ္ဒရာရေလှိုင်းများက ထုတ်ပေးသည့် လျှပ်စစ်သံလိုက်စက်ကွင်းအချက်ပြလှိုင်းများကို ရှာဖွေနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သမုဒ္ဒရာရေပြင်များတွင် ဆားဓာတ်ပါသော စွမ်းအင်ဆောင်ရှပ်မှုန်များတည်ရှိနေမှုကြောင့် လျှပ်စစ်ဓာတ်ကို ထုတ်ပေးနိုင်ကြောင်း သိရသည်။

သမုဒ္ဒရာရေပြင်များက ထုတ်ပေးသည့် အထက်ပါလျှပ်စစ်ဓာတ်များသည် ကမ္ဘာ့သံလိုက်စက်ကွင်းနယ်မြေနှင့် ထိတွေ့မိချိန်တွင် အာကာသမှတစ်ဆင့် ထောက်လှမ်းတွေ့ရှိနိုင်သော လျှပ်စစ်သံလိုက်အချက်ပြလှိုင်းများ ပေါ်ထွက်လာတတ်ကြောင်း ဥရောပအာကာသအေဂျင်စီ သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO


## Astro Forge ဂြိုဟ်သိမ် သတ္တုတူးဖော်ရေးကုမ္ပဏီက ဂြိုဟ်သိမ်ကင်းထောက်အာကာသယာဉ်ကို လွှတ်တင်ရန်စီစဉ်ထား

**ဝါရှင်တန် ဖေဖော်ဝါရီ ၂**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အခြေစိုက် Astro Forge အမည်ရှိ ဂြိုဟ်သိမ် သတ္တုတူးဖော်ရေး ကုမ္ပဏီသည် ဂြိုဟ်သိမ်ကင်းထောက်အာကာသယာဉ်ကို ယခုလအတွင်း လွှတ်တင်ရန် စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၁ ရက် သတင်းများအရ သိရသည်။

အိုဒင်ဟူ၍ အမည်ပေးထားသော အဆိုပါအာကာသယာဉ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖေဖော်ဝါရီ ၂၆ ရက်တွင် လွှတ်တင်ရန် Astro Forge ကုမ္ပဏီက စီစဉ်ထားသည်။

ဖေဖော်ဝါရီ ၂၆ ရက် မစ်ရှင်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် အိုဒင်အာကာသယာဉ်အပြင် Intuitive Machines ကုမ္ပဏီ၏ အေသီနာ အမည်ရှိ လဆင်းယာဉ်ကိုပါ သယ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။



လွှတ်တင်ပြီးချိန်တွင် အိုဒင်အာကာသယာဉ်သည် 2022 0B 5 အမည်ရှိ ဂြိုဟ်သိမ်တစ်စင်းဆီသို့ ပျံသန်းထွက်ခွာမည်ဖြစ်သည်။

Astro Forge ကုမ္ပဏီသည် အိုဒင်အာကာသယာဉ်ဖြင့် 2022 0B 5 ဂြိုဟ်သိမ်ကို လေ့လာစူးစမ်းပြီးနောက် ဗက်စထရီအမည်ရှိ အာကာသယာဉ်တစ်စင်း ထပ်မံစေလွှတ်၍ ဂြိုဟ်သိမ်သတ္တုတူးဖော်ရေးနည်းပညာကို စမ်းသပ်မည်ဖြစ်ကြောင်း သိရသည်။

ဗက်စထရီအာကာသယာဉ်ကို မူ ယခုနှစ်ကုန်ပိုင်းတွင် လွှတ်တင်ရန် Astro Forge ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၂ စင်းကို Space-X အာကာသနည်းပညာကုမ္ပဏီက လွှတ်တင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၂ စင်းကို ဖေဖော်ဝါရီ ၁ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တုသစ်များ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ကျော်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီး မိနစ် ၆၀ ကျော်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ယခုနှစ်အတွင်း ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင်ပေါင်း ၁၄ ခု လွှတ်တင်ထားပြီးဖြစ်ရာ ကိုးခုမှာ စတားလင့်ခ်ဂြိုဟ်တုမစ်ရှင်များ ဖြစ်ကြသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ၎င်း၏ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်း ၇၀၀၀ ကျော် လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## နေ့ကာလများ၌ တစ်နာရီကျော်ထိ အိပ်ငိုက်ပါက လေဖြတ်နိုင်ခြေမြင့်တက်နိုင်

**ပေကျင်း ဖေဖော်ဝါရီ ၂**

နေ့ကာလများ၌ တစ်နာရီကျော်ထိ အိပ်ငိုက်နေတတ်ပါက လေဖြတ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ဖေဖော်ဝါရီ ၁ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံ ဖူတန်းတက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နေ့လယ်နေ့ခင်း၌ တစ်နာရီကျော်ကြာထိ အိပ်ငိုက်တတ်သူများတွင် လေဖြတ်နိုင်ခြေ ၂၃ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း သိရသည်။

နေ့လယ်နေ့ခင်း၌ မိနစ် ၃၀ မှ မိနစ် ၄၀ ထိ အိပ်ငိုက်မှုသည် စိတ်အာရုံစုစည်းနိုင်စွမ်းကို မြှင့်တင်ပေးနိုင်သော်လည်း တစ်နာရီကျော်ထိ အိပ်ငိုက်ပါက လေဖြတ်နိုင်ခြေမြင့်မားလာတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် နေ့လယ်နေ့ခင်း၌ အချိန် တစ်နာရီကျော်ထိ အိပ်ငိုက်တတ်သူများတွင် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေလည်း မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နေ့လယ်နေ့ခင်း အလွန်အကျွံ အိပ်ငိုက်မှုကြောင့် ဦးနှောက်ဆီသို့ သွေးဖြည့်ဆည်းပေးနေသော သွေးကြောများ ရောင်ရမ်းလာတတ်ပြီး သွေးခဲများ ပေါ်ထွက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

Ref : Xinhua News

Trs : KKO

## သွားများကိုကြိုးမျှင်ဖြင့် သန့်ရှင်းရေးလုပ်သူများ လေဖြတ်နိုင်ခြေပုံမှန်ထက် ပိုနည်းပါး

**နယူးယောက် ဖေဖော်ဝါရီ ၂**

သွားများကို Dental Floss ခေါ် ကြိုးမျှင်တစ်မျိုးဖြင့် သန့်ရှင်းရေး ပြုလုပ်သူများတွင် လေဖြတ်နိုင်ခြေ ပုံမှန်ထက်ပိုနည်းပါးကြောင်း ဖေဖော်ဝါရီ ၁ ရက် သတင်းများအရ သိရသည်။

တောင်ကာရိုလိုင်းနား တက္ကသိုလ်မှ အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သွားရှင်းကြိုးမျှင်ဖြင့် သွားများကို အနည်းဆုံး သီတင်းတစ်ပတ်လျှင် တစ်ကြိမ် ရှင်းလင်းရေးလုပ်သူများ၌ သွေးခဲပိတ်ဆို့မှုကြောင့် လေဖြတ်နိုင်ခြေ ပုံမှန်ထက် ၂၂ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

ထို့ပြင် သွားရှင်းကြိုးမျှင်ဖြင့် သွားသန့်ရှင်းရေး ပုံမှန်ပြုလုပ်သူများတွင် နှလုံးမှရောက်ရှိလာသော သွေးခဲများကြောင့် ဦးနှောက်သွေးကြောများပိတ်ဆို့၍ လေဖြတ်နိုင်ခြေလည်း ၄၄ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အလားတူ သွားရှင်းကြိုးမျှင်ဖြင့် သွားသန့်ရှင်းရေးပုံမှန်ပြုလုပ်ပါက လေဖြတ်နိုင်ခြေကိုအားပေးသော နှလုံးခုန်နှုန်းမမှန်မှုပြဿနာ ပေါ်နိုင်ခြေကိုလည်း ၁၂ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အာခံတွင်းကျန်းမာရေးမှာ ရောင်ရမ်းမှုပြဿနာ၊ သွေးကြောများ မာကျစ်လာမှုပြဿနာတို့နှင့် ဆက်စပ်နေကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၆၂၀၀ ကျော်ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ပရီးမီးယားလိဂ်သမိုင်းတွင် စတုတ္ထမြောက်အမြန်ဆုံး ဂိုးသွင်းနိုင်သူအဖြစ် ဒိုကိုရီ မှတ်တမ်းဝင်

**လန်ဒန် ဖေဖော်ဝါရီ ၂**

အဲဗာတန်အသင်းက လက်စတာအသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် ကွင်းလယ်ကစားသမားဒိုကိုရီသည် ပွဲအစ စက္ကန့် ၁၀ ဒသမ ၁၈ စက္ကန့်အတွင်း အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ်သမိုင်းတွင် စတုတ္ထမြောက် အမြန်ဆုံးဂိုးသွင်းယူနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဒိုကိုရီသည် ဂိုးသမားပစ်ဖို့ဒ် ကန်တင်ပေးလိုက်သည့် ဘောလုံးကို အားပါပြင်းထန်သည့် အဝေးကန်ချက်ဖြင့် ကန်သွင်း၍ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သဖြင့် ပရီးမီးယားလိဂ်သမိုင်းတွင် အမြန်ဆုံးဂိုးသွင်းယူနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် သမိုင်းတွင် အမြန်ဆုံးဂိုးသွင်းယူနိုင်သည့် ကစားသမားများမှာ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီက ဆောက်သမ်တန် တိုက်စစ်မှူးရှိန်းလောင်းက ပွဲချိန် ၇ ဒသမ ၆၉ စက္ကန့်ဖြင့် အမြန်ဆုံး ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် ရပ်တည်လျက်ရှိပြီး ၎င်းနောက်တွင် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီက ဘုန်းမောက်ကစားသမား ဘီလင်းက ပွဲချိန် ၉ ဒသမ ၁၁ စက္ကန့်ဖြင့် ဒုတိယ၊ ၂၀၀၀-၂၀၀၁ ဘောလုံးရာသီတွင် စပါးအသင်းကစားသမား လက်ဒလေကင်းက ပွဲချိန် ၉ ဒသမ ၈၂ စက္ကန့်ဖြင့် တတိယနေရာတွင် ရပ်တည်နေကာ ယခုပွဲစဉ်တွင် ဒိုကိုရီက ပွဲချိန် ၁၀ ဒသမ ၁၈ စက္ကန့်ဖြင့် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် စတုတ္ထမြောက် အမြန်ဆုံးဂိုးသွင်းနိုင်သူဖြစ်ခဲ့သည်။

အဲဗာတန်အသင်းသည် နည်းပြမိုယက်စ်တာဝန်ယူပြီးနောက် ပုံစံကောင်းပြန်လည်ရရှိခဲ့သောကြောင့် ယခုပွဲစဉ်တွင်လည်း လက်စတာအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုအသာတို့ဖြင့် ကစားနိုင်ခဲ့သဖြင့် လေးဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့ပြီး အဆင့်(၁၅) နေရာထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : ML




## အားကစားသတင်းအတိုအထွာများ

- လီဗာပူးအသင်းက ဘုန်းမောက်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ခံစစ်ကစားသမား အာနိုး ဒဏ်ရာရရှိခဲ့မှုကြောင့် လူစားလဲခဲ့ရသဖြင့် လာမည့်ကွာရာဘောင်းဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် စပါးအသင်းနှင့် ကစားရမည့်ပွဲစဉ်တွင် ပါဝင်နိုင်ရန်မသေချာကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။
- ဘာစီလိုနာအမျိုးသမီးအသင်းက လီဗန်တေးအမျိုးသမီးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ၄၆ ပွဲဆက် ရှုံးပွဲမရှိစံချိန် ရပ်တန့်ခဲ့ရကြောင်း သိရသည်။
- မန်ယူအသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေသည့် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သည် အေဗီလာအသင်းသို့ ရာသီဝက်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ရန် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ သဘောတူညီမှုရခဲ့ကြောင်း သိရသည်။
- ဝုဗ်အသင်းက ပရီးမီးယားလိဂ်အသင်းကြီးများက ခေါ်ယူရန် ကြိုးပမ်းနေသည့် တိုက်စစ်မှူးကန်ဟာကို လေးနှစ်ခွဲသက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီး ကစားသမားကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။ ML

# ဘွန်ဒက်လီဂါပွဲ ၅၀ တွင် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ဟယ်ရီကိန်းရပ်တည်



**ဘာလင် ဖေဖော်ဝါရီ ၂**

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘွန်ဒက်လီဂါ အမှတ်ပေးပွဲစဉ်အဖြစ် ဟိုစတိန်းအသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ဘွန်ဒက်လီဂါပြိုင်ပွဲ ၅၀ တွင် သွင်းဂိုး ၅၅ ထိသွင်းယူနိုင်ခဲ့ပြီး သမိုင်းတစ်လျှောက် ဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ဟယ်ရီကိန်းသည် ၂၀၂၃ ခုနှစ် နွေရာသီက ဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် အသင်းနှင့်အတူ ခြေစွမ်းပြဂိုးများသွင်းယူနိုင်ခဲ့သဖြင့် စံချိန်သစ်များ ရရှိခဲ့သူဖြစ်ပြီး ယခုအခါ ဟိုစတိန်းအသင်းကို လေးဂိုးသုံးဂိုးဖြင့် အနိုင်ရသည့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးနိုင်ခဲ့သဖြင့် ဘွန်ဒက်လီဂါပွဲ ၅၀တွင် သွင်းဂိုး ၅၅ ဂိုးထိရှိခဲ့ကြောင်း သိရသည်။

ဘွန်ဒက်လီဂါသမိုင်းတွင် ပွဲ ၅၀ ဖြင့် ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သည့် ကစားသမားများမှာ တိုက်စစ်မှူး ဟယ်ရီကိန်းက ၅၅ ဂိုးဖြင့် အဆင့်(၁)၊ တိုက်စစ်မှူး ဟာလန်းက သွင်းဂိုး ၅၀ ဖြင့် အဆင့်(၂)၊ ဟမ်းဘတ် တိုက်စစ်မှူးဟောင်း ဆီးလာက သွင်းဂိုး ၄၄ ဂိုးဖြင့် အဆင့်(၃)၊ ဒေါ့မွန် တိုက်စစ်မှူးဟောင်း တီမိုကိုနီဇ်ကာက သွင်းဂိုး ၄၁ ဂိုးဖြင့် အဆင့်(၄)၊ ဝုဗ်ဘတ် တိုက်စစ်မှူးဟောင်း ဂရာဖစ်တ်က သွင်းဂိုး ၄၀ ဖြင့် အဆင့်(၅)နေရာတွင် ရပ်တည်လျက်ရှိသည်။

ဟိုစတိန်းအသင်းနှင့် ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းသည် ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့သဖြင့် ပွဲချိန် ၁၉မိနစ်တွင် မူစီအာလာ၊ ပွဲချိန် ၄၃ မိနစ်နှင့် ၄၆ မိနစ်တွင် ဟယ်ရီကိန်း၊ ပွဲချိန် ၅၄ မိနစ်တွင် ဂနာဘရီတို့က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ဟိုစတိန်းအသင်းက ချေပဂိုးရရှိရန် အပြင်းအထန်ကြိုးစားခဲ့သဖြင့် ပွဲချိန် ၆၂ မိနစ်တွင် ပိုရက်တ်၊ ပွဲချိန် မိနစ် ၉၀ ကျော်တွင် ခရစ်ဇက်စကီးတို့က ချေပဂိုး ပြန်လည်သွင်းယူခဲ့သောကြောင့် လေးဂိုးသုံးဂိုးဖြင့် အနိုင်ရခဲ့ကာ အမှတ်ပေးပွဲ ၂၀ အပြီးတွင် ရမှတ် ၅၁ မှတ်ဖြင့် အဆင့်(၂) မှ လက်ရှိချန်ပီယံ လေဗာကူဆင်အသင်းကို ရမှတ်ရှစ်မှတ်ဖြတ်တောက်နိုင်ခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : ML

# ခံစစ်ကစားသမား ရူဒီဂါဒဏ်ရာကြောင့် မန်စီးတီးအသင်း၊ အေတီကိုအသင်းနှင့် ပွဲစဉ်များကို လွဲချော်မည်



**မက်ဒရစ် ဖေဖော်ဝါရီ ၂**

ရီးရဲလ်မက်ဒရစ်အသင်း အဓိကဗဟိုခံစစ်ကစားသမား ရူဒီဂါသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အက်စ်ပန်ညိုအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် ပေါင်ခြံဒဏ်ရာရရှိခဲ့သည့်အတွက် အသင်း၏အရေးကြီးပွဲစဉ်များဖြစ်သည့် မန်စီးတီးအသင်း၊ အေတီကိုအသင်းနှင့် ပွဲစဉ်များကို လွဲချော်သွားရမည်ဖြစ်သည်။

စပိန်လာလီဂါပွဲစဉ်အဖြစ် ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းက အက်စ်ပန်ညိုအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ရူဒီဂါသည် ပွဲချိန် ၁၅ မိနစ်တွင် ပေါင်ခြံဒဏ်ရာ ရရှိခဲ့သည့်အတွက် ဆက်လက်ကစားနိုင်ခြင်းမရှိသောကြောင့် လူစားလဲထွက်ခွာခဲ့ရသည်။

ရူဒီဂါ၏ ပေါင်ခြံဒဏ်ရာနှင့်ပတ်သက်ပြီး အသေးစိတ်စစ်ဆေးမှုများပြုလုပ်ခဲ့ရာတွင် ဒဏ်ရာမှာ ပြင်းထန်မှုမရှိသော်လည်း ကြံ့ခိုင်မှု ပြန်လည်ပြည့်ဝရန်အတွက် အနည်းဆုံးရက် ၂၀ ခန့်ထိ အနားယူရမည့် အခြေအနေများကြောင့် အသင်း၏ အဓိကအရေးကြီးပွဲစဉ် နှစ်ပွဲကို လွဲချော်ရမည်ဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် လာမည့် ကိုပါဒယ်ရေးပွဲစဉ်အဖြစ် လီဂါနက်အသင်းနှင့် ပွဲစဉ်အပြီးတွင် ဖေဖော်ဝါရီ ၉ ရက်၌ စပိန်လာလီဂါပွဲစဉ်အဖြစ် မက်ဒရစ်ဒါဘီဖြစ်သည့် အေတီကိုအသင်းနှင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ရှုံးထွက် ပထမအကျော့ပွဲစဉ်အဖြစ် မန်စီးတီးအသင်းနှင့်လည်းကောင်း အသီးသီး ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို စထရာကာ ဆက်လက်ဦးဆောင်

**ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၂**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် ဩစတြီးယားဂေါက်သီးရိုက်ကစားသမား စထရာကာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ချက်လျော့ရိုက်ကာအမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းနှင့် အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား ရှိန်းလော်ရီတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ပြီး အင်္ဂလန်ဂေါက်သီးရိုက် ကစားသမားဂျက်စတင်ရို့စ်၊ တောင်ကိုရီးယားဂေါက်သီးရိုက် ကစားသမားတွမ်ကင်မ်နှင့် ဩစတြေးလျဂေါက်သီးရိုက်ကစားသမားကင်မရွန်းဒါဗစ်တို့က စုစုပေါင်းသတ်မှတ် ရိုက်ချက်ထက် ၁၄ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာသည် ဒုတိယနေ့တွင် ရလဒ်ဆိုးရွားခဲ့သော်လည်း တတိယနေ့တွင် ရလဒ်ကောင်းများရရှိခဲ့ပြီး စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ထားသည်။

စထရာကာက "တတိယနေ့မှာရလဒ်တွေ သိပ်မကောင်းခဲ့ဘူး။ ဒါပေမဲ့လဲ ပထမနေ့နဲ့ ဒုတိယနေ့တွေမှာ နှစ်ရက်ဆက်တိုက်ရလဒ်ကောင်းရရှိထားတဲ့အတွက် အမှတ်ပေးဇယားကိုဆက်လက်ဦးဆောင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးနေ့မှာတော့ တတိယနေ့ကလို အမှားတွေကျူးလွန်လို့ မရတော့ဘူး။ နောက်ဆုံးနေ့မှာအကောင်းဆုံးကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# WBC ယာယီလိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်နှင့် WBA လိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်တို့ကို ဘီနာဗီဒက်ဇ် ဆွတ်ခူး




**လက်စ်ဗီးဂက်စ် ဖေဖော်ဝါရီ ၂**

WBC ယာယီလိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်နှင့် WBA လိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် အမေရိကန်လက်ဝှေ့သမား ဘီနာဗီဒက်ဇ်နှင့် ကျူးဘားလက်ဝှေ့သမား မော်ရယ်တို့ ယနေ့တွင် အမေရိကန်နိုင်ငံ လက်ဗီးဂက်မြို့၌ ထိုးသတ်ခဲ့ရာ ဘီနာဗီဒက်ဇ်က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

WBC ယာယီလိုက်ဟဲဗီး ဝိတ်တန်းလက်ရှိချန်ပီယံ ဘီနာဗီဒက်ဇ်နှင့် WBA လိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံ မော်ရယ်တို့ ပွဲစဉ်သည် အကြိတ်အနယ်ရှိခဲ့သလို ပရိသတ်များ မျှော်လင့်နေသည့်စိန်ခေါ်ပွဲစဉ်လည်းဖြစ်သည်။

ဘီနာဗီဒက်ဇ်က ကမ္ဘာ့ချန်ပီယံခါးပတ်များနှင့် ထိုက်တန်ကြောင်းကိုပြသနိုင်ခဲ့ပြီး အမှတ်ပေးဒိုင်သုံးဦးရှိသည့်အနက် နှစ်ဦးက (၁၁၅-၁၁၁) ရမှတ်ဖြင့် ဘီနာဗီဒက်ဇ်ကိုအနိုင်ပေးခဲ့ပြီး ကျန်အမှတ်ပေးဒိုင်တစ်ဦးက (၁၁၈-၁၁၀)ရမှတ်ဖြင့် ဘီနာဗီဒက်ဇ်ကို အနိုင်ပေးခဲ့သည်။

ဘီနာဗီဒက်ဇ်က “မော်ရယ်ဟာ ခက်ခဲတဲ့ပြိုင်ဘက်ဖြစ်လာမယ်လို့ ကြိုတင်မျှော်တွေးထားတဲ့အတွက် ပြင်ဆင်လေ့ကျင့်မှုအပိုင်းမှာ အချိန်ပေးခဲ့သလို ပြင်းပြင်းထန်ထန်လေ့ကျင့်မှုတွေ ပြုလုပ်ခဲ့တယ်။ အချိန်ယူပြီး ပြင်းပြင်းထန်ထန် လေ့ကျင့်ထားလို့လဲ အခုလိုရလဒ်မျိုးရခဲ့တာပါ။ ကျွန်တော်တို့ နှစ်ယောက်စလုံး ပရိသတ်တွေကိုဖျော်ဖြေမှုအပြည့်အဝပေးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒီနိုင်ပွဲဟာ ကျွန်တော့်ရဲ့ လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် အကောင်းဆုံးနိုင်ပွဲတစ်ပွဲအဖြစ် သတ်မှတ်နိုင်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)တွင် ရောဝတီယူနိုက်တက်အသင်း အနိုင်ရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၈)အဖြစ် ယနေ့ညနေ ၄နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင်ကစားခဲ့ရာ ရောဝတီယူနိုက်တက်အသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် မိနစ် ၃၀တွင် ကောင်းမြတ်ကျော်က ဒဂုံပေ့ါ အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၃၂ မိနစ်နှင့် ၄၃မိနစ်တို့တွင် ညီညီအောင်က ရောဝတီယူနိုက်တက်အသင်းအတွက် ချေပဂိုးနှင့် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် ရောဝတီယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ဒဂုံပေ့ါအသင်း၏ ပြန်လည်ဖိအားပေးမှုများကြောင့် ပထမပိုင်းကထက် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၄၈မိနစ်တွင် မီရှယ်က ဒဂုံပေ့ါအသင်းအတွက် ချေပဂိုး ပြန်လည်သွင်းယူပေးနိုင်ခဲ့သော်လည်း ပွဲချိန် ၆၆မိနစ်တွင် ချမ်းငြိမ်းနှင့် ပွဲချိန် ၉၁မိနစ်တွင် အောင်ပြည့်ဖြိုးတို့က ရောဝတီယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူပေးနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရောဝတီယူနိုက်တက် အသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရောဝတီယူနိုက်တက် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ သွင်းဂိုး နှစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည့် ညီညီအောင်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ STA

# Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များဆက်လက်ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်း ဒေသကြီး သဲသောင်ပြင်နှင့်ဖူဆယ်ကော်မတီက ကြီးမှူးကျင်းပမည့် Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈နာရီမှ စတင်ပြီး မန္တလေးမြို့မန္တလာသီရိအားကစားကွင်းရှိ Multipurpose Stadium တွင် ဆက်လက်ကျင်းပခဲ့သည်။

Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၈နာရီက The Lion FCအသင်းနှင့် ခိုင်မြဲသစ္စာအသင်းတို့ ကစားခဲ့ရာ ခိုင်မြဲသစ္စာအသင်းကငါးဂိုးတစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၉နာရီခွဲက Megical Treasures အသင်းနှင့် Thar Tharအသင်းတို့ ကစားခဲ့ရာ Megical Treasures အသင်းက ၁၂ ဂိုး သုံးဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ပြီး နံနက် ၁၁နာရီက Star Boy အသင်းနှင့် Nothern Star အသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁၂ နာရီခွဲကYGW FCအသင်းနှင့် Idiots FCအသင်းတို့ကစားခဲ့ရာ လေးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး မွန်းလွဲ ၂နာရီက Team F-3 အသင်းနှင့် Lin Latt Shwe Sin အသင်းတို့ ကစားခဲ့ရာTeam F-3 အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ ညနေ ၃နာရီခွဲက Boy Friend အသင်းနှင့် Mali Kyal Sin အသင်းတို့ကစားခဲ့ရာ Mali Kyal Sin အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



အဆိုပါပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီ ၄ ရက်ထိလည်းကောင်း၊ ၁၆သင်း ရှုံးထွက်အဆင့်ပွဲစဉ်များကို ဖေဖော်ဝါရီ ၆ရက်နှင့် ၇ရက်တို့တွင် လည်းကောင်း၊ ကွာတားဖိုင်နယ် ပွဲစဉ်များကို ဖေဖော်ဝါရီ ၈ ရက်တွင်လည်းကောင်း၊ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို ဖေဖော်ဝါရီ ၉ ရက်တွင်လည်းကောင်း၊ တတိယနေရာလုပွဲကို ဖေဖော်ဝါရီ ၁၀ ရက်တွင် နံနက် ၈နာရီနှင့် ဗိုလ်လုပွဲစဉ်ကို နံနက် ၁၀ နာရီတွင်လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ STA

# စပါးအသင်းက လန့်စ်အသင်း ခံစစ်ကစားသမားဒန်ဆိုကို ခေါ်ယူနိုင်ခဲ့

**လန်ဒန် ဖေဖော်ဝါရီ ၂**

စပါးအသင်းသည် ခံစစ်ပိုင်းတွင် ဒဏ်ရာရကစားသမားများနေမှုကြောင့် လက်ရှိအပြောင်းအရွှေ့ကာလတွင် အေစီမီလန်အသင်းမှ ခံစစ်ကစားသမား တိုမိုရီကိုခေါ်ယူရန်ကြိုးပမ်းခဲ့ရာ အောင်မြင်မှုမရခဲ့သဖြင့် လန့်စ်အသင်းခံစစ်ကစားသမားဒန်ဆိုကို အပြောင်းအရွှေ့ကာမပိတ်သိမ်းမီ အငှားစာချုပ်ဖြင့်ခေါ်ယူနိုင်ခဲ့သည်။

ခံစစ်ကစားသမား ဒန်ဆိုသည် ကနဦးက ဝုဗ်အသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိထားသော်လည်း စပါးအသင်းက တိုမိုရီကိုခေါ်ယူနိုင်ခြင်းမရှိသဖြင့် အသင်း၏ အစီအစဉ်များပြောင်းလဲ၍ ဒန်ဆိုကို ကြားဖြတ်ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ သဘောတူညီမှုရရှိခဲ့သောကြောင့် ယနေ့တွင်ဆေးစစ်မှုပြုလုပ်မည်ဖြစ်သည်။

စပါးအသင်းသည် ခံစစ်ပိုင်း လိုအပ်ချက်အတွက် ဇန်နဝါရီ အပြောင်းအရွှေ့ စကတည်းက အေစီမီလန်အသင်းမှ ခံစစ်ကစားသမား တိုမိုရီကို ကမ်းလှမ်းခဲ့ရာ ငြင်းပယ်ခံရသဖြင့် ချဲလ်ဆီးအသင်းမှ ခံစစ်ကစားသမား ဒီဆာဆီကို ခေါ်ယူရန်ကြိုးပမ်းခဲ့ပြီး ကြန့်ကြာနေမှုကြောင့် ခေါ်ယူရန်လွယ်ကူနေသည့် လန့်စ်အသင်း ကစားသမားဒန်ဆိုကိုသာ ပြောင်းလဲခေါ်ယူရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိစပါးအသင်းတွင် ခံစစ်ကစားသမားဗန်ဒီဗန်၊ ဒရာဂူဆင်၊ ရိုမီယို၊ အူဒိုဂျီတို့သည် ဒဏ်ရာကြောင့် အနားယူနေရသဖြင့် ကာလတိုအသုံးပြုနိုင်မည့် ခံစစ်ကစားသမားတစ်ဦး မဖြစ်မနေလိုအပ်ရာ ဒန်ဆိုသည်စပါးအသင်း၏ လိုအပ်ချက်နှင့် ကိုက်ညီနေမှုကြောင့် ကြားဖြတ်ခေါ်ယူ၍ အပြောင်းအရွှေ့ကာလ မပိတ်သိမ်းမီ စာချုပ်စာတမ်းကိစ္စများပြီးပြတ်အောင် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : Goal.com

Trs : ML




# စပိန်လာလီဂါဥက္ကဋ္ဌက အိုမိုအတွက် ကစားသမားမှတ်ပုံတင်မှုကို ပြန်လည်ပယ်ဖျက်ပေးရန် တရားရုံးထံတောင်းဆို

**မက်ဒရစ် ဖေဖော်ဝါရီ ၂**

စပိန်လာလီဂါဥက္ကဋ္ဌက ဘာစီလိုနာအသင်း၏ အိုမိုအတွက် ကစားသမားစာရင်း မှတ်ပုံတင်မှုမှာ တရားဝင်မဟုတ်သည့်အတွက် ကစားသမားစာရင်း မှတ်ပုံတင်မှုကို ပယ်ဖျက်ပေးရန်အတွက် CSD တရားရုံးထံ ထပ်မံတောင်းဆိုခဲ့ကြောင်း သိရသည်။

ဘာစီလိုနာ အသင်းသည် အသင်းဘဏ္ဍာရေးအကျပ်အတည်းကြောင့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက လိုက်ပ်ဇစ်အသင်းထံမှ ခေါ်ယူထားသည့် ကွင်းလယ်ကစားသမား အိုမိုကို အသင်း ကစားသမားစာရင်းမှတ်ပုံတင်နိုင်ရန်ကြန့်ကြာခဲ့ပြီး ပြီးခဲ့သည့် ရာသီဝက်ကုန်ဆုံးချိန်တွင်လည်း ဒုတိယရာသီဝက်အတွက် မှတ်ပုံတင်ရန် ကြန့်ကြာခဲ့ခြင်း ဖြစ်သည်။

ဘာစီလိုနာ အသင်းသည် အသင်းဝင်ငွေထွက်ငွေ စည်းမျဉ်း မမျှတမှုကြောင့် ကစားသမားသစ်များကို ကစားသမားစာရင်း မှတ်ပုံတင်ရန် ခက်ခဲသည့်အတွက် အိုမိုကို စပိန်လာလီဂါထံ ကစားသမားစာရင်း မှတ်ပုံတင်နိုင်ခြင်းမရှိသည့်အတွက် CSD တရားရုံးထံ အယူခံတင်သွင်းခဲ့ရာမှ အောင်မြင်မှုရရှိခဲ့သည့်အတွက် လက်ကျန်ဒုတိယရာသီဝက်အတွက် ကစားခွင့်ရရှိခဲ့ခြင်း ဖြစ်သည်။

သို့သော် တီဗက်က “ဘာစီလိုနာအသင်းအနေနဲ့ အသင်းဝင်ငွေထွက်ငွေ စည်းမျဉ်းအရ ကျွန်တော်တို့ထံ ကစားသမားစာရင်းမှတ်ပုံတင်နိုင်ခြင်း မရှိခဲ့ပါဘူး။ ကျွန်တော်တို့အနေနဲ့ အိုမိုကို ကစားသမားစာရင်းမှတ်ပုံတင်ခွင့်မပြုခဲ့တာက ဥပဒေနဲ့အညီ လုပ်ဆောင်ခဲ့တာပါ။ CSD ရဲ့ ဆုံးဖြတ်ချက်က ကစားသမားစာရင်းမှတ်ပုံတင်ခြင်း ဘယ်လိုလုပ်ဆောင် ခဲ့တယ်ဆိုတာ ကျွန်တော်တို့ နားမလည်ပါဘူး။ ဘာစီလိုနာအနေနဲ့ ဒီဇင်ဘာ ၃၁ ရက်ထိ သူတို့အတွက် Fair Play မရှိခဲ့ပါဘူး။ ဒါ့ကြောင့် အိုမိုအတွက် ကစားသမားစာရင်း မှတ်ပုံတင်ထားတာကို ပယ်ဖျက်ပေးဖို့ တောင်းဆိုပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ကမ္ဘာလုံးဆိုင်ရာတိုက်လေယာဉ်စီမံကိန်းတွင် ပါဝင်နိုင်ရန်ပြင်ဆင်နေသော ဆော်ဒီအာရေဗျ

မောင်စိန်အိ(နဘဲမြေ)

အီတလီ၊ ဂျပန်နှင့် ဗြိတိန်နိုင်ငံများသည် ၂၀၃၅ ခုနှစ်တွင် ဆဋ္ဌမမျိုးဆက် ကိုယ်ပျောက်တိုက်လေယာဉ်သုတေသနပြုတည်ဆောက်ပြီးစီးရေး ရည်မှန်းချက်ဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ကမ္ဘာလုံးဆိုင်ရာ တိုက်လေယာဉ်စီမံကိန်း(GCAP) စာချုပ်သစ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

လက်ရှိအချိန်တွင် ဂျပန်၊ ဗြိတိန်နှင့် အီတလီနိုင်ငံများသည် ၎င်းတို့၏ ဆဋ္ဌမမျိုးဆက်ဂျက်တိုက်လေယာဉ်ပူးတွဲတည်ဆောက်ရေးတွင် ဆော်ဒီအာရေဗျပါဝင်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးသွားရန်ပြင်ဆင်လျက်ရှိသည်။ အီတလီဝန်ကြီးချုပ် မယ်လိုနီက အီတလီနိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာတိုက်လေယာဉ်စီမံကိန်း(GCAP)တွင် ဆော်ဒီအာရေဗျနိုင်ငံပါဝင်ဆောင်ရွက်ရန် ထောက်ခံသည်ဟု ပြောကြားသွားခဲ့ကြောင်း အီတလီဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ဖော်ပြခဲ့သည်။

အီတလီဝန်ကြီးချုပ် မယ်လိုနီသည် ကမ္ဘာလုံးဆိုင်ရာတိုက်လေယာဉ်စီမံကိန်း(GCAP)တွင် ဆော်ဒီအာရေဗျ၏ပါဝင်မှုအတွက် တရားဝင်ထောက်ခံကြောင်းဖော်ပြခဲ့သည့် သုံးနိုင်ငံခေါင်းဆောင်များအနက်မှ ပထမဆုံးပင်ဖြစ်သည်။ အီတလီဝန်ကြီးချုပ် မယ်လိုနီသည် Al-Ula ၌ ဆော်ဒီအာရေဗျအိမ်ရှေ့စံ မိုဟာမက်ဘင်ဆယ်မန်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ကမ္ဘာလုံးဆိုင်ရာတိုက်လေယာဉ်စီမံကိန်း (GCAP)တွင် ဆော်ဒီအာရေဗျပါဝင်ရေးကိစ္စကို ချက်ချင်းအပြီးသတ် ဆွေးနွေးသွားမည်မဟုတ်ကြောင်း၊ ဗြိတိန်၊ ဂျပန်အစိုးရများနှင့်လည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။


ဆော်ဒီအာရေဗျနိုင်ငံကို Tornado နှင့် Euro-fighter Typhoon တိုက်လေယာဉ်များနှင့် အခြားသောကာကွယ်ရေးပစ္စည်းများ ရောင်းချပေးလျက်ရှိသည့် ဗြိတိန်နိုင်ငံအနေဖြင့်လည်း ကမ္ဘာလုံးဆိုင်ရာ တိုက်လေယာဉ်စီမံကိန်း(GCAP)တွင် ဆော်ဒီအာရေဗျပါဝင်မှုကို ထောက်ခံလျက်ရှိသည်။

သို့သော် ဂျပန်နိုင်ငံအနေဖြင့် နောက်ခံအကြောင်းတရားများစွာရှိသောကြောင့် ကမ္ဘာလုံးဆိုင်ရာတိုက်လေယာဉ်စီမံကိန်း(GCAP)တွင် ဆော်ဒီအာရေဗျပါဝင်လာနိုင်မှုအပေါ် သတိထားစောင့်ကြည့်လျက်ရှိသည်။ ပထမအချက်မှာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ဂျပန်၊ အီတလီနှင့် ဗြိတိန်နိုင်ငံများမှ ဝန်ကြီးချုပ်သုံးဦးထုတ်ပြန်ထားသည့် ကမ္ဘာလုံးဆိုင်ရာတိုက်လေယာဉ်စီမံကိန်း(GCAP)နှင့်စပ်လျဉ်း၍ ပူးတွဲထုတ်ပြန်ချက်၌ "မိမိတို့ သုံးနိုင်ငံသည် လွတ်လပ်မှု၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးမှုစံနှုန်းများကိုမျှဝေထားပြီး နီးကပ်သောဆက်ဆံရေးများရှိကြောင်း၊ ကမ္ဘာလုံးဆိုင်ရာတိုက်လေယာဉ်စီမံကိန်း (GCAP)သည် အနောက်တိုင်းပုံစံ လွတ်လပ်သည့် ဒီမိုကရေစီစွဲကိုင်ထားသည့် စိတ်တူကိုယ်တူနိုင်ငံများက အကောင်အထည်ဖော်သွားမည့်စီမံကိန်းဖြစ်ကြောင်း"ဖော်ပြထားသည်။

ဗြိတိန်အခြေစိုက် The Economist မဂ္ဂဇင်း၏ သုတေသနဌာနခွဲဖြစ်သည့် စီးပွားရေးထောက်လှမ်းရေးအဖွဲ့ကထုတ်ပြန်သော ၂၀၂၃ ခုနှစ် ဒီမိုကရေစီအညွှန်းကိန်းတွင် ဆော်ဒီအာရေဗျနိုင်ငံသည် နိုင်ငံပေါင်း ၁၆၇ နိုင်ငံအနက် အဆင့် ၁၅၀ ၌ ရပ်တည်လျက်ရှိပြီး ရုရှားနိုင်ငံသည် အဆင့် ၁၄၄ နှင့် တရုတ်နိုင်ငံသည် အဆင့် ၁၄၈ တို့တွင် ရပ်တည်နေသည်။

ဒုတိယအချက်မှာ ဆော်ဒီအာရေဗျသည် ပြီးခဲ့သည့် သုံးနှစ်ခန့်ထိ အိမ်နီးချင်းယီမင်နိုင်ငံ၏ ပြည်တွင်းစစ်၌ စစ်ရေးအရ ဝင်ရောက်စွက်ဖက်ခဲ့ခြင်းဖြစ်သည်။ ယီမင်နိုင်ငံကို လေကြောင်းမှတိုက်ခိုက်ရာတွင် ဗြိတိန်နှင့် အီတလီနိုင်ငံအပါအဝင် လေးနိုင်ငံမှ ပူးတွဲတည်ဆောက်ထားသည့် Eurofighter ဂျက်တိုက်လေယာဉ်များကို အသုံးပြုခဲ့သည်။

ဒုတိယကမ္ဘာစစ်အလွန်ကာလတွင် ဂျပန်နိုင်ငံ၏ အခြေခံမူဝါဒသည် နိုင်ငံတကာပဋိပက္ခများအရှိန်မြှင့်တင်မှုမလုပ်ဆောင်ရန်ပင်ဖြစ်သည်။ လာမည့်မျိုးဆက်သစ်တိုက်လေယာဉ်များကို ပဋိပက္ခတစ်ခုအတွင်း အသုံးပြုသွားမည်ဆိုလျှင် ဂျပန်နိုင်ငံ၏ ငြိမ်းချမ်းသောနိုင်ငံအဖြစ် ရပ်တည်ချက်ကို ထိခိုက်စေမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် ၁၉၇၀ ပြည့်နှစ်လွန် ရေနံပဋိပက္ခများကတည်းက အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် ကောင်းမွန်သောဆက်ဆံရေးကို ထိန်းသိမ်းထားရှိသည်။




တတိယအချက်မှာ ကမ္ဘာလုံးဆိုင်ရာတိုက်လေယာဉ်စီမံကိန်း(GCAP)တွင် နိုင်ငံများ ထပ်လောင်းပါဝင်လာမည်ဆိုလျှင် တည်ဆောက်ရမည့်လေယာဉ်အရေအတွက် ပိုမိုများပြားလာမည်ဖြစ်ပြီး လေယာဉ်တစ်စင်းလျှင် စီးပွားရေးအရ တွက်ခြေကိုက်မှုမှာလည်း လျော့နည်းလာမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ထိုသို့လုပ်ဆောင်ခြင်းသည် အလုပ်ပိုမိုလုပ်ဆောင်ရမည်ဖြစ်ပြီး ကုန်ကျစရိတ်ကို မျှဝေကျခံသွားရမည်ဖြစ်သည်။ ထို့ပြင် ဆော်ဒီအာရေဗျနိုင်ငံသည် လေယာဉ်သုတေသနပြုတည်ဆောက်ရာတွင် နည်းပညာပိုင်းအရ ပါဝင်ဆောင်ရွက်ရန် အခက်အခဲဖြစ်နေမည်ဖြစ်သည်။

စတုတ္ထအချက်မှာ ဆော်ဒီအာရေဗျနှင့် တရုတ်နိုင်ငံများသည် မကြာသေးမီနှစ်များအတွင်း နီးကပ်သောဆက်ဆံရေး ထူထောင်လာလျက်ရှိသည်။ နှစ်နိုင်ငံသည် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဆော်ဒီအာရေဗျခရီးစဉ်အတွင်း ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသဘောတူညီချက်လက်မှတ်ရေးထိုးခဲ့သောကြောင့် တရုတ်နှင့် အမေရိကန်၏ ကာလရှည်မဟာမိတ် ဆော်ဒီအာရေဗျများကြား ဆက်ဆံရေးခိုင်မာအားကောင်းလာမှုကို မီးမောင်းထိုးပြသလျက်ရှိသည်။

အမေရိကန်နိုင်ငံသည် ဆော်ဒီအာရေဗျနိုင်ငံ၏ အကြီးမားဆုံး စစ်လက်နက်ပစ္စည်းပံ့ပိုးသူဖြစ်နေသည်မှာ ငြင်းဆန်၍မရသော်လည်း ဆော်ဒီအာရေဗျသည် တရုတ်၊ ရုရှားနိုင်ငံများနှင့်လည်း စစ်လက်နက်ပစ္စည်းကုန်သွယ်မှုများ ပြုလုပ်လျက်ရှိသည်။ အီတလီ-ဂျပန်-ဗြိတိန် ပူးတွဲလေယာဉ်တည်ဆောက်မှုမူဘောင်တွင် ဆော်ဒီအာရေဗျပါဝင်လာမည်ဆိုလျှင် လျှို့ဝှက်လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်များ ပေါက်ကြားမှုဖြစ်ပေါ်လာနိုင်မှုအပေါ် စိုးရိမ်ပူပန်မှုများလည်း ဖြစ်ပေါ်လျက်ရှိသည်။

ကမ္ဘာလုံးဆိုင်ရာ တိုက်လေယာဉ်စီမံကိန်း (GCAP)တွင် ဆော်ဒီအာရေဗျပါဝင်လာနိုင်မှုအလားအလာနှင့်ပတ်သက်၍ ဂျပန်ကာကွယ်ရေးဝန်ကြီးဗိုလ်ချုပ်ကြီး နာကာတာနီက ကမ္ဘာလုံးဆိုင်ရာတိုက်လေယာဉ်စီမံကိန်း(GCAP)ကြေညာသည့်အချိန်တွင် ခေါင်းဆောင်များ၏ပူးတွဲထုတ်ပြန်ချက်၌ဖော်ပြထားသည့်အတိုင်း ကမ္ဘာလုံးဆိုင်ရာတိုက်လေယာဉ်စီမံကိန်း(GCAP)ကို ဂျပန်၊ ဗြိတိန်နှင့် အီတလီနိုင်ငံများကြား ပူးတွဲဆောင်ရွက်သွားရန် သတ်မှတ်ထားရှိကြောင်း၊ ဆော်ဒီအာရေဗျနိုင်ငံ ပါဝင်လာမှုနှင့်စပ်လျဉ်း၍ မိမိတို့အနေဖြင့် တာဝန်မယူနိုင်ကြောင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံအတွက် အခြားစိတ်ဝင်စားဖွယ်ကောင်းသည့်ပြောင်းလဲဖြစ်ပေါ်မှုသည် အမေရိကန်နိုင်ငံသို့ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု သွားရောက်လည်ပတ်သည့် ခရီးစဉ်ပင်ဖြစ်သည်။ အစ္စရေးဝန်ကြီးချုပ်သည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် အိမ်ဖြူတော်၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့်တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။ ထိုသို့တွေ့ဆုံစဉ် အစ္စရေးနှင့် ဆော်ဒီအာရေဗျနိုင်ငံများကြား သံခင်းတမန်ခင်းဆက်ဆံရေး ပုံမှန်ထူထောင်သွားရေးကိုလည်း ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်သည်။ ထို့ကြောင့် ဂျပန်နိုင်ငံကို ဆော်ဒီအာရေဗျနှင့် ခိုင်မာအားကောင်းသောဆက်ဆံရေး ထူထောင်သွားရန် တောင်းဆိုမှုများရှိလာနိုင်ပေသည်။

အီတလီ၊ ဂျပန်နှင့် ဗြိတိန်နိုင်ငံများသည် ဆဋ္ဌမမျိုးဆက်ကိုယ်ပျောက်တိုက်လေယာဉ်များ သုတေသနပြုတည်ဆောက်မှုကို ယခုနှစ်တွင် စတင်မည်ဖြစ်ပြီး ဆယ်စုနှစ်တစ်ခုကြာ ၂၀၃၅ ခုနှစ် နှောင်းပိုင်းတွင် တိုက်လေယာဉ်များ စတင်လွှဲပြောင်းပေးသွားမည်ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာတိုက်လေယာဉ်စီမံကိန်း (GCAP) စတင်ကတည်းကပင် မိတ်ဖက်နိုင်ငံအရေအတွက်ကို အလျင်အမြန်တိုးချဲ့သွားနိုင်ကြောင်း၊ ဆော်ဒီအာရေဗျနိုင်ငံကို ကမ္ဘာလုံးဆိုင်ရာတိုက်လေယာဉ်စီမံကိန်း(GCAP)တွင် ပူးပေါင်းပါဝင်လာရန် မျှော်မှန်းထားကြောင်း၊ သို့သော် ဂျပန်နိုင်ငံသည် ဆော်ဒီအာရေဗျပါဝင်လာမှုကို ကန့်ကွက်လျက်ရှိကြောင်း သတင်းမီဒီယာများ၌ ဖော်ပြခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ တိုက်လေယာဉ်စီမံကိန်း (GCAP)သည် အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားကာကွယ်ရေးစွမ်းဆောင်ရည်မြှင့်တင်ရန်၊ NATO အဖွဲ့အတွက်ဥရောပတွင်ဒေသလုံခြုံရေးတောင့်တင်းခိုင်မာစေရန်၊ ပစိဖိတ်ဒေသတွင် တရုတ်နိုင်ငံကို ဟန့်ချက်ထိန်းညှိနိုင်ရန်အပြင် ဥရောပနှင့် ပစိဖိတ်ကာကွယ်ရေးဈေးကွက်များအတွက် မျိုးဆက်သစ်တိုက်လေယာဉ်များတင်ပို့နိုင်ရန် ရည်ရွယ်ထားသည်။ ၎င်းမျိုးဆက်သစ်တိုက်လေယာဉ်သည် ကိုယ်ပျောက်စွမ်းရည်၊ လက်နက်တပ်ဆင်ပစ်ခတ်မှုနှင့် ကိုင်တွယ်မောင်းနှင်မှုများအတွက် အဆင့်မြင့်နည်းပညာများပါရှိမည်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ တိုက်လေယာဉ်စီမံကိန်း (GCAP)ဝင်ရောက်ခွင့်ရရှိမည်ဆိုလျှင် ဆော်ဒီအာရေဗျအနေဖြင့် နောက်ဆုံးပေါ် တိုက်လေယာဉ်များအပါအဝင် အမေရိကန်နိုင်ငံထံမှ လက်နက်များဝယ်ယူမှုလျှော့ချသွားနိုင်မည်ဖြစ်သည်။ အကြောင်းမှုကား ဆော်ဒီအာရေဗျအနေဖြင့် အမေရိကန်ထံမှ လက်နက်များဝယ်ယူရာတွင် သာမန်ထက် ဈေးနှုန်းပိုမိုပေးချေနေရကြောင်း ပြစ်တင်ဝေဖန်ခံရလျက်ရှိသည်။ အမှန်တွင် အရှေ့အလယ်ပိုင်းနိုင်ငံသည် တိုင်းပြည်၏ အမှန်တကယ်လုံခြုံရေးလိုအပ်ချက်ကို ထည့်မတွက်ဘဲ အမေရိကန်ထံမှ ဈေးနှုန်းကြီးမားသောလက်နက်စနစ်များကို ဝယ်ယူရလျက်ရှိသည်။

ဂျပန်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာတိုက်လေယာဉ်စီမံကိန်း(GCAP)တွင် ဆော်ဒီအာရေဗျနိုင်ငံ၏ ပါဝင်ဆောင်ရွက်မှုကို ဆန့်ကျင်ကန့်ကွက်လျက်ရှိသည်။ ကမ္ဘာလုံးဆိုင်ရာ တိုက်လေယာဉ်စီမံကိန်း(GCAP)တွင် ဆော်ဒီအာရေဗျပါဝင်ခြင်းသည် ပိုမိုရှုပ်ထွေးလာစေနိုင်ကြောင်း၊ လေယာဉ်ဝယ်ယူခွင့်ရရှိထားသည့်နိုင်ငံများအနေဖြင့် အခြားတစ်နိုင်ငံကို စီမံကိန်း၌ ခေါ်ဆောင်လာခြင်းသည် ကမ္ဘာလုံးဆိုင်ရာတိုက်လေယာဉ်စီမံကိန်း(GCAP)၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်ကို ပိုမိုနှောင့်နှေးကြန့်ကြာလာစေမည်ဖြစ်ကြောင်း ပြောဆိုလျက်ရှိသည်။

ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် ဘဏ္ဍာငွေ အတော်အတန်ထည့်ဝင်သွားမည်ဖြစ်ကြောင်း ကတိပြုထားသော်လည်း ဂျပန်နိုင်ငံကမူ စီမံကိန်းအတွက် ဆော်ဒီအာရေဗျနိုင်ငံ၏ နည်းပညာပါဝင်နိုင်မှုအပေါ် သံသယကြီးထွားလျက်ရှိသည်။ မည်သို့ပင်ဆိုစေ ကမ္ဘာလုံးဆိုင်ရာ တိုက်လေယာဉ်စီမံကိန်း(GCAP)တွင် ဆော်ဒီအာရေဗျနိုင်ငံပါဝင်ခြင်းသည် ဂျပန်နိုင်ငံနှင့် ဆက်ဆံရေးပိုမိုတောင့်တင်းခိုင်မာလာစေနိုင်သည်။

လက်ရှိအချိန်တွင် ဆော်ဒီအာရေဗျနိုင်ငံသည် ဂျပန်နိုင်ငံကို စွမ်းအင်အများဆုံးပံ့ပိုးပေးလျက်ရှိသည်။ ထို့ပြင် ဆော်ဒီအာရေဗျ၏ပါဝင်မှုသည် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများတွင် ဂျပန်နိုင်ငံ၏ လွှမ်းမိုးမှုကို အထောက်အကူဖြစ်စေမည့်အပြင် ဘုရင့်နိုင်ငံသို့ ခေတ်မီစစ်လက်နက်ပစ္စည်းများ ရောင်းချခြင်းကြောင့် အကျိုးဖြစ်ထွန်းနေသည့် တရုတ်နှင့် ရုရှားနိုင်ငံများကိုလည်း တန်ပြန်ဟန်ချက်ထိန်းညှိစေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဆော်ဒီအာရေဗျနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ တိုက်လေယာဉ်စီမံကိန်း(GCAP)တွင် အီတလီ၊ ဂျပန်၊ ဗြိတိန်နိုင်ငံများနှင့် အဆင့်အတန်းတူနိုင်ငံအစား မိတ်ဖက်နိုင်ငံအဖြစ် ပါဝင်လာနိုင်ကြောင်း မျှော်မှန်းရပေသည်။

သို့သော် ကမ္ဘာလုံးဆိုင်ရာတိုက်လေယာဉ်စီမံကိန်း(GCAP)တွင်ပါဝင်သော နိုင်ငံများအနေဖြင့် လက်ရှိအချိန်ထိ ရန်ပုံငွေကို သတ်မှတ်ပမာဏထိ မထည့်ဝင်နိုင်သေးသဖြင့် မျိုးဆက်သစ် တိုက်လေယာဉ်အစီအစဉ်စတင်ရန် နှောင့်နှေးကြန့်ကြာလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာလုံးဆိုင်ရာတိုက်လေယာဉ်စီမံကိန်း(GCAP)တွင် ပါဝင်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မျိုးဆက်သစ်တိုက်လေယာဉ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းသွားရန်လိုအပ်နေဆဲပင်ဖြစ်ပေသည်။

**ကိုးကား**

- **Japan, the UK, and Italy Discuss Bringing Saudi Arabia Into Their Next –Generation Fighter Jet Project by The Diplomat.**
- **UK, Japan, Italy joint fighter pro–gram faces turbulence by Asia Times.**

# ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် TTO & MTG ပန်းချီပြပွဲ ပြသလျက်ရှိ



**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် TTO & MTG အမည်ရှိ Art Exhibition ပန်းချီပြပွဲကို ဖေဖော်ဝါရီ ၂ ရက်မှ စတင်ကာ ဖေဖော်ဝါရီ ၆ ရက်ထိ ပြသလျက်ရှိကြောင်း အဆိုပါ ပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီဆရာ သိန်းထွန်းဦးက ပြောပြ၍ သိရသည်။

အဆိုပါ TTO & MTG အမည်ရှိ Art Exhibition ပန်းချီပြပွဲတွင် ပန်းချီ သိန်းထွန်းဦးနှင့် မင်းသားကြီးတို့ ရေးဆွဲထားသည့် လက်ရာစုံ၊ အရောင်အသွေးစုံ၊ အကြောင်းအရာစုံ ပန်းချီကားများကို ပြသပေးထားကြောင်း သိရသည်။

"Artistic Space Art Gallery မှာ TTO & MTG လို့ အမည်ပေးထားတဲ့ ပန်းချီဆရာ နှစ်ယောက်တို့ရဲ့ Art Exhibition ပန်းချီပြပွဲကို တင်ဆက်ပေးမှာ ဖြစ်ပါတယ်။ ဒီပြပွဲကို မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသသွားမှာဖြစ်လို့ လာရောက်ကြည့်ရှု အားပေးကြဖို့ လေးစားစွာ ဖိတ်ကြားလိုက်ရပါတယ်"ဟု ပန်းချီဆရာ သိန်းထွန်းဦးက ပြောပြသည်။

အဆိုပါ ပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၂၄x၂၄) လက်မ၊ (၃၆x၂၄) လက်မ၊ (၁၈x၂၄) လက်မ၊ (၁၈x၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့်လည်း အနည်းဆုံး ငွေကျပ် ခုနစ်သိန်းမှ ငွေကျပ် ၁၀ သိန်းထိရှိကြောင်း သိရသည်။

**ASH**

# Legendary ၏ ဇာတ်ကားသစ်၌ မင်းသား ဒန်းစတီဗင် ထပ်မံပါဝင်ဖွယ်ရှိ

**နယူးယောက် ဖေဖော်ဝါရီ ၂**

Legendary ရုပ်ရှင်ကုမ္ပဏီ၏ ဆန်းကြယ်သတ္တဝါဇာတ်ကားသစ်တွင် မင်းသား ဒန်းစတီဗင် ထပ်မံပါဝင်လာဖွယ်ရှိကြောင်း ဖေဖော်ဝါရီ ၁ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် အထက်ပါ ရုပ်ရှင်ဇာတ်ကားသစ်၌ပါဝင်သရုပ်ဆောင်ရေးအတွက် Legendary ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

မင်းသား ဒန်းစတီဗင်သည် Legendary ၏ Godzilla x Kong: The New Empire ဇာတ်ကား၌ ပါဝင် သရုပ်ဆောင်ထားသူဖြစ်ကြောင်း သိရသည်။

Legendary ရုပ်ရှင်ကုမ္ပဏီသည် Godzilla x Kong : The New Empire ကို ၂၀၂၄ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည်။

၎င်းဇာတ်ကားတွင် မင်းသား ဒန်းစတီဗင်သည် ပရိသတ်အကြိုက် ဇာတ်ကောင်နေရာတစ်ခုဖြစ်သော တိရစ္ဆာန်ဆေးကုဆရာဝန် ထရက်ပါဘီစလေအဖြစ် သရုပ်ဆောင်ထားခဲ့သည်။

Legendary ကုမ္ပဏီက ထပ်မံရိုက်ကူးမည့် ဇာတ်ကားသစ်တွင်လည်း Godzilla နှင့် Kong သက်ရှိများကိုပင် အဓိကထားရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

**Ref : Sputnik News**
**Trs : KKO**



# အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် ကလေးများနေ့အကြိုလှုပ်ရှားမှုအစီအစဉ်အဖြစ် ကလေးစာကြည့်တိုက်လှုပ်ရှားမှုနှင့်ဓာတ်ပုံပြပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

အမျိုးသားစာကြည့်တိုက် (ရန်ကုန်)တွင် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် ကလေးများနေ့ အကြိုလှုပ်ရှားမှုအစီအစဉ်အဖြစ် ကလေးစာကြည့်တိုက်လှုပ်ရှားမှုအစီအစဉ်နှင့် ဓာတ်ပုံပြပွဲကို ဖေဖော်ဝါရီ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ပန်းပဲတန်းမြို့နယ်ရှိ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း အမျိုးသားစာကြည့်တိုက် (ရန်ကုန်)မှ သိရသည်။

အဆိုပါကလေးများနေ့အကြိုစာကြည့်တိုက်လှုပ်ရှားမှုအစီအစဉ်နှင့် ဓာတ်ပုံပြပွဲကို အမျိုးသားစာကြည့်တိုက် (ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပန်းပဲတန်းမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ဆင်နွှဲကြမည်ဖြစ်ကြောင်း သိရသည်။



"ဖေဖော်ဝါရီ ၁၃ ရက်မှာ ကျရောက်မဲ့ ကလေးများနေ့အကြိုလှုပ်ရှားမှုအနေနဲ့ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)မှာရှိတဲ့ ကလေးစာကြည့်တိုက်မှာ ကလေးများအတွက် ဓာတ်ပုံပြပွဲ၊ ပုံပြင်သရုပ်ဖော်တင်ဆက်ခြင်း အစီအစဉ်၊ ပန်းချီရေးဆွဲခြင်း အစီအစဉ်၊ စကားပုံပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲတွေ ကျင်းပပေးသွားမှာ ဖြစ်ပြီး ဆုတွေလဲ ပေးအပ်ချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်။ ကလေးများပျော်ရွှင်စေဖို့အတွက် ဂိမ်းကစားတဲ့ အစီအစဉ်တွေကိုလဲ ထည့်သွင်းကျင်းပပေးသွားမှာဖြစ်ပါတယ်"ဟု အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ညွှန်ကြားရေးမှူး ဒေါက်တာ ကေသီအေးက ပြောပြသည်။

**ASH**

# Apple ၏ Matchbox ဇာတ်ကား၌ မင်းသမီး ဂူရီရာ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၂**

Apple Original Film ကုမ္ပဏီ၏ Matchbox ဇာတ်ကားသစ်၌ Black Panther မင်းသမီး ဒါနိုင်း ဂူရီရာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁ ရက် သတင်းများအရ သိရသည်။

Matchbox ဇာတ်ကားတွင် မင်းသမီး ဂူရီရာသည် မင်းသား ဂျွန်စီနာနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Matchbox ဇာတ်ကားသည် Mattel ကုမ္ပဏီ၏ Matchbox ကလေးကစားစရာ ကားရုပ်ငယ်များကို ဇာတ်အိမ်တည်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Apple Original Film ကုမ္ပဏီ၏ Matchbox ဇာတ်ကားကို Extraction ဒါရိုက်တာ ဆမ်ဟားဂရေ့က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ယခုနှစ် ဆောင်းရာသီအတွင်း ဟန်ဂေရီနှင့် ဆလိုဗေးနီးယားအပါအဝင် ကမ္ဘာ့အနှံ့ရိုက်ကွင်းများ၌ စတင်ရိုက်ကူးမည်ဖြစ်သည်။

Matchbox ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Apple Original Film ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# ၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် မြန်မာ့အကယ်ဒမီဖက်ရှင်ဆုများကို ထည့်သွင်းချီးမြှင့်သွားမည်ဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် မြန်မာ့အကယ်ဒမီ ဖက်ရှင်ဆုများကို ထည့်သွင်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

အဆိုပါ မြန်မာ့အကယ်ဒမီ ဖက်ရှင်ဆုများကို ချီးမြှင့်ရာတွင် အကောင်းဆုံး အမျိုးသားဝတ်စားဆင်ယင်မှု အကြီးတန်းဆု၊ အကောင်းဆုံး အမျိုးသမီး ဝတ်စားဆင်ယင်မှု အကြီးတန်းဆု၊ အကောင်းဆုံး ဝတ်စားဆင်ယင်မှု အမျိုးသားဆုနှင့် အကောင်းဆုံး ဝတ်စားဆင်ယင်မှု အမျိုးသမီးဆုတို့ကို ချီးမြှင့်သွားမည်ဖြစ်ပြီး အဆိုပါဆုများကို မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲသို့ တက်ရောက်လာသည့် မြန်မာ့ရုပ်ရှင်အနုပညာရှင်များအနက် အနုပညာရှင်လေးဦးကို ရွေးချယ်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

"ဒီဆုတွေက မနှစ်ကလဲ ချီးမြှင့်ပေးပါတယ်။ ဆုတွေကို ရွေးချယ်တာကတော့ ရုပ်ရှင်သရုပ်ဆောင် ဆွေဇင်ထိုက် ဦးဆောင်တဲ့ အဖွဲ့က ရွေးချယ်ပေးမှာပါ။ အဲဒီ ရွေးချယ်ရေးအဖွဲ့ထဲမှာ ဓာတ်ပုံဆရာတွေ၊ ဒီဇိုင်နာတွေရော အားလုံးငါးယောက် ပါပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

အဆိုပါ မြန်မာ့အကယ်ဒမီ ဖက်ရှင်ဆု ရွေးချယ်ရေးအဖွဲ့တွင် အကဲဖြတ်ဒိုင်များအဖြစ် ရုပ်ရှင်သရုပ်ဆောင် ဆွေဇင်ထိုက်၊ ဂျွန်လွင် (Star & Model int'l)၊ ဒီဇိုင်နာ ပြည်စိုးအောင်၊ မိတ်ကပ် ခင်စန်းဝင်းနှင့် ဓာတ်ပုံကိုနိုင်(R2) တို့က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ချီးမြှင့်ပွဲကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်နိုင်ရန်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကဲဖြတ်အဖွဲ့က ရုပ်ရှင်ဇာတ်ကားပေါင်း ၄၉ ကားမှ နောက်ဆုံးအဆင့် ၁၈ ကားကို အပြီးသတ် ကြည့်ရှုအကဲဖြတ်ခဲ့ပြီး ထူးချွန်ဆု ၁၂ ဆုကို ရွေးချယ်ချီးမြှင့်ပေးနိုင်ရန် လျာထားကြောင်း သိရသည်။

**ASH**

# Ayadaw Township cultivates over 9,000 acres of rain-fed pigeon peas



Land preparations in progress for cultivating pigeon peas.

**Ayadaw February 2**

A total of 9,540 acres of pigeon peas planted during the rainy season have been harvested in Ayadaw Township, Monywa District, Sagaing Region, according to the statistics of the Department of Agriculture for Monywa District.

In Ayadaw Township, 25,410 acres of pigeon peas were planted during the rainy season, and the pigeon peas were harvested since December 2024. So far, 9,540 acres have been harvested, yielding 14.23 baskets per acre.

"We also provide services for improving the yield of pigeon peas. We grow pigeon peas separately and also as an intercrop," said Daw San San Myint, head of the Department of Agriculture for Monywa District.

The Township Department of Agriculture has provided field education to farmers growing pigeon peas in Ayadaw Township on selecting good varieties, proper planting methods, pest control, and good yields.

206

# Iran unveils new homegrown ballistic missile

**Tehran February 2**

Iran on Sunday unveiled a new homegrown ballistic missile with an operational range of 1,700 km, the semi-official Fars news agency reported.

The missile, dubbed "Etemad" (Trust), was unveiled during President Masoud Pezeshkian's visit to an exhibition of the Defense Ministry's aerospace industries in the capital Tehran, the report said.

With a length of 16 meters and a diameter of 1.25 meters, the missile is equipped with a precision-guided warhead, according to Fars.

Speaking during the visit, Pezeshkian stressed that Iran's defense capabilities had reached such a high level that they could dissuade the "enemies" from even thinking of attacking the country, according to a statement published on the website of his office.

He added that Iran's expanded defense capabilities aimed at safeguarding national security by preventing any act of aggression, and the country did not seek to attack other states.

Xinhua

# YeU Township harvests more than 2,000 acres of winter sesame

**YeU February 2**

According to statistics from the YeU District Agriculture Department of Sagaing Region, the harvest of 2,156 acres of winter sesame cultivated in YeU Township during the winter crop season has been completed.

During the winter planting season, a total of 4,522 acres of winter sesame were cultivated in YeU Township. Harvesting of these sesame fields began in December 2024, and as of today, a total of 2,156 acres have been fully harvested, yielding an average of 13.9 baskets per acre.

"The total cultivated area for winter sesame in YeU Township this season was 4,522 acres. The harvesting process is ongoing, and so far, 2,156 acres have been harvested. Sesame cultivation is on the rise year by year, and as an oilseed crop, it remains successful," said U Zaw Myint Tun, the Head of the YeU District Agriculture Department.

Officials of the YeU Township Agriculture Department has been providing agricultural techniques to sesame farmers on expanding cultivation, implementing proper planting techniques, adopting the GAP (Good Agricultural Practices) system, and using high-quality and high-yielding sesame varieties.



Newly harvested winter sesame in YeU Township.

Crops produced under the GAP system are of higher quality compared to those grown using conventional methods. They fetch better prices and can be marketed not only domestically but also for export. As a result, farmers who adopt the GAP system benefit economically, leading to improved livelihoods.

206

# Latest U.S. tariffs draw opposition, retaliations

**Beijing February 2**

U.S. President Donald Trump signed an executive order on Saturday to impose a 25-percent additional tariff on imports from Canada and Mexico and a 10-percent tariff hike on imports from China.

The latest U.S. trade protectionist measure has drawn widespread opposition and immediate retaliations.

Canada announced retaliatory tariffs on U.S. imports late Saturday after Trump imposed 25-percent tariffs on most Canadian products.

Canada will impose a levy of 25 percent on 30 billion Canadian dollars (21 billion U.S. dollars) worth of American goods as of Tuesday, Canadian Prime Minister Justin Trudeau said after chairing the Cabinet meeting and hosting a virtual meeting with provincial and territorial premiers.

Trudeau said the tariffs will then be applied to another 125 billion Canadian dollars worth of goods in 21 days. American beer, wine and spirits, along with vegetables, clothing, shoes and perfume, will be among the first items, as well as household appliances, furniture and sports equipment.

More non-tariff trade actions, he said, are still to be decided but could include restrictions on exporting critical minerals and energy products to the United States and a move to block American companies from bidding on government contracts.

Xinhua



Customers select goods at a supermarket in Foster City, California, the United States, May 15, 2024.

# Winter crop cultivation in Kalay Township reaches 10,191 acres

**Kalay February 2**

According to records from the Kalay Township Department of Agriculture, a total of 10,191 acres of vegetables and other crops were cultivated during the winter season in Kalay Township, located in Sagaing Region.

In the 2024-2025 winter season, authorities initially planned to cultivate 9,121 acres of vegetables and other crops. However, since planting began in October 2024, farmers have successfully cultivated 10,191 acres, exceeding the original target.

The planned cultivation area was 9,121 acres, but we managed to expand it to 10,191 acres," said U Naing Tun Win, head of the Kalay Township Department of Agriculture. "Crops grown include mustard, chilli, aromatic spices, potatoes, cabbage, eggplant, and cauliflower. We provide farmers with technical support to ensure that all crops are cultivated following the Good Agricultural Practices (GAP) system. Our goal is to minimize the use of chemical fertilizers and pesticides while promoting healthy and sustainable farming methods."

The Kalay Township Department of Agriculture continues to support local vegetable farmers by organizing training programmes on GAP farming techniques and ensuring that harvested crops meet health and safety standards. Efforts are also being made to encourage farmers to expand their vegetable cultivation.

Every year, farmers in Kalay Township grow a variety of vegetables according to the seasons. The success of these crops has contributed to their household income. Furthermore, the Department of Agriculture provides training on proper cultivation techniques, pest control, organic fertilizers, and the use of natural pesticides to promote safe and sustainable farming.

206

# Labutta Township ships over 70,000 visses of sun-dried salt to Yangon in December



Farmers seen making salt.

**Labutta February 2**

Up to 72,000 visses of locally-produced sun-dried salt from Labutta Township, Ayeyawady Region, were shipped to the Yangon market in December, said Daw Mar Mar Yee, a salt producer and trader from Labutta Township.

Labutta Township sent 55,000 visses of locally-produced sun-dried salt to the Yangon market in November, and it transported 72,000 visses of sun-dried salt to the Yangon market in December.

"Local sun-dried salt from Labutta Township is sent to the Yangon market. Last month, 72,000 visses of salt were sold. With the good salt trade, people related to the salt production industry have found employment opportunities and are comfortable. The quality of the sun-dried salt from this side is also good," she said.

Local sun-dried salt is systematically produced by salt entrepreneurs in Labutta Township and mainly sold in the Yangon market. The price of 10 visses of this sun-dried salt is up to 60,000 kyats. The sun-dried salt from this area is mainly used in fish paste, dried fish, and fish sauces.

KKL

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Hainggyikyun Sub-township cultivates over 3,500 acres of winter oilseed crops

**Hainggyikyun February 2**

A total of 3,566 acres of oilseed crops have been planted in this winter crops planting season in Hainggyikyun Sub-township, Ngaputaw Township, Ayeyawady Region, said U San Win, head of the Department of Agriculture for Ngaputaw Township.

In Hainggyikyun Sub-township, 3,566 acres of oilseed crops have been planted in this winter crops planting season, starting from the second week of October 2024, and all oilseed crops have been planted in full. Of the 3,566 acres of oilseed crops, there were 3,112 acres of peanuts, 371 acres of sesame, and 83 acres of sunflower included.

"In this area, oilseed crops are mainly grown in the winter season. We have provided the necessary technology and other support to fully cultivate all the current oilseed crops. We will continue to provide assistance in ensuring good yields and pest control for winter crops," he said.



An oil crop plantation in Hainggyikyun Sub-township.

In order to ensure that oilseed crops meet the target, the Department of Agriculture, the authorities, and local farmers have carried out agricultural technology and pest control activities in advance before planting the crops.

KKL

# ChaungU Township cultivates over 3,000 acres of winter seed corn and millets

**ChaungU February 2**

A total of 3,090 acres of seed corn and millets were planted during the winter crops planting season in ChaungU Township, Monywa District, Sagaing Region, according to the Department of Agriculture for ChaungU Township.

During the 2024-2025 winter crops planting season, ChaungU Township has planned to plant 90 acres of seed corn and 3,240 acres of millets, totaling 3,330 acres. So far, 85 acres of seed corn and 3,005 acres of millets, totaling 3,090 acres, have been planted since October 2024.

"We are providing education to help the corn crop grow successfully and prevent the spread of pests and diseases," said Daw Khin Myat Myat Oo, head of the Department of Agriculture for ChaungU Township.

In Chaung U Township, in the cultivation of seed corn and millets, more than 50 baskets of seed corn are produced per acre, and the cost of planting one acre of seed corn is 500,000 kyats. A total of 15,000 corn ears of millets are produced per acre, and the cost of planting one acre is over 500,000 kyats.

206



A corn plantation.

# Pigeon pea harvest completed on 20,523 acres in Budalin Township

**Budalin February 2**

According to records from the Budalin Township Department of Agriculture, a total of 20,523 acres of pigeon pea planted during the monsoon cropping season have been harvested.

In Budalin Township, a total of 34,487 acres of pigeon pea were cultivated during the monsoon season. Harvesting began in December 2023, and as of today, a total of 20,523 acres of pigeon pea have been harvested. The yield per acre is reported to be 17.43 baskets.

"The monsoon cropping season in Budalin Township saw the cultivation of up to 34,487 acres of pigeon pea. Currently, harvesting is underway, with 20,523 acres already completed. Efforts are being made to ensure good yield performance. Farmers cultivate pigeon pea both as a separate crop and through intercropping methods," said U Phyo Wai, the head of the Budalin Township Agriculture Department.

The department has been providing farmers with guidance on selecting high-quality seeds, adopting proper cultivation techniques, pest control measures, and improving yields.

Moreover, to reduce costs for pigeon pea growers, the Agriculture Department has been promoting the combined use of domestic raw materials. This method helps lower cultivation expenses while ensuring pest-free crops and healthy plant growth.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## လစ်သူရေးနီးယားက ယူကရိန်းသို့ ယာဉ်တင်တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့်ဒုံးကျည်များ ပို့ဆောင်ပေးခဲ့



လစ်သူရေးနီးယားနိုင်ငံသည် ယူကရိန်းသို့ ယာဉ်တင်တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် ဒုံးကျည်များ ပို့ဆောင်ပေးခဲ့ပြီး ယူကရိန်းကိုပံ့ပိုးရန် ၎င်း၏ကတိကဝတ်ကို အလေးပေးဖော်ပြနေခြင်းဖြစ်ကြောင်း Army Recognition သတင်းဌာနက ဇန်နဝါရီ ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လူတစ်ကိုယ် သယ်ဆောင်တိုက်ပွဲဝင်နိုင်သော စနစ်များဖြစ်ကြပြီး ဒရုန်းများနှင့် ရဟတ်ယာဉ်များကဲ့သို့ အနိမ့်ပျံပစ်မှတ်များကို တန်ပြန်တိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် စနစ်များလည်း ပါဝင်ကြောင်း သိရသည်။ ဤပေးပို့မှုသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ယူကရိန်းပဋိပက္ခစတင်ပြီးကတည်းက လစ်သူရေးနီးယားနိုင်ငံ၏ ယူကရိန်းအပေါ် ကျောထောက်နောက်ခံပြု ရပ်တည်ချက်ကို ထပ်မံအတည်ပြုပြသခဲ့ခြင်းလည်းဖြစ်သည်။

လစ်သူရေးနီးယားအစိုးရသည် ယခုနှစ်၏ စစ်ရေးအကူအညီကို လေကြောင်းရန်ကာကွယ်ရေး၊ ခဲယမ်းများ၊ မောင်းသူမဲ့လေယာဉ်များနှင့် Jamming စနစ်ဆက်စပ်ပစ္စည်းကိရိယာများ ပံ့ပိုးပေးနိုင်ရေးတွင် အဓိကအာရုံစိုက်မည်ဟုလည်း ထုတ်ဖော်ပြောကြားခဲ့သည်။

လစ်သူရေးနီးယားနိုင်ငံသည် ယူကရိန်းတွင် စစ်လက်နက်ပစ္စည်းများ တိုက်ရိုက်ထုတ်လုပ်သွားနိုင်ရေးအတွက် ပံ့ပိုးပေးနေသကဲ့သို့ ၎င်း၏အမျိုးသားကာကွယ်ရေးလုပ်ငန်းကို အားကောင်းစေရန် ရည်ရွယ်ကြိုးပမ်းနေခြင်းကြောင့် ယူကရိန်း၏ ခံစစ်စွမ်းရည်များတွင် ရေရှည်ကူညီနိုင်ရန် စီစဉ်နေခြင်းဖြစ်သည်။ ၂၀၀၄ ခုနှစ်ကတည်းက NATO အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး ဥရောပအရှေ့မြောက်ပိုင်းရှိ ရုရှားနိုင်ငံနှင့် ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံဖြစ်ခဲ့သော လစ်သူရေးနီးယားနိုင်ငံအနေဖြင့် ဒေသတွင်းလုံခြုံရေးပြဿနာများကို တိုက်ရိုက်ပါဝင်ပတ်သက်ကာ စိုးရိမ်ပူပန်နေရကြောင်းနှင့် ယူကရိန်းကို အမာခံကူညီပေးသွားနိုင်ရေး ရည်ရွယ်ထားကြောင်း လစ်သူရေးနီးယား အစိုးရအရာရှိများကိုယ်တိုင်က ထုတ်ဖော်ပြောကြားထားကြသည်။

လစ်သူရေးနီးယားနိုင်ငံသည် အခြားအကူအညီများအနေဖြင့် အိုက်စလန်နိုင်ငံနှင့် ပူးတွဲဦးဆောင်သော ယူကရိန်းနိုင်ငံတွင်း မိုင်းရှင်းလင်းရေးညွန့်ပေါင်းအဖွဲ့တွင် ဆက်လက်ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်။ နှစ်နိုင်ငံဝန်ကြီးဌာနများ၏ ထုတ်ပြန်ချက်များအရ ဤညွန့်ပေါင်းအဖွဲ့သည် ပဋိပက္ခနယ်မြေများရှိ အရပ်သားများနှင့် တပ်ဖွဲ့ဝင်များအတွက် အမြဲတစေ ခြိမ်းခြောက်လျက်ရှိသည့် မိုင်းနှင့် မပေါက်ကွဲသေးသော အမြောက်၊ မော်တာကျည်များကို ဖယ်ရှားရန်အတွက် ရန်ပုံငွေနှင့် နည်းပညာဆိုင်ရာ အရင်းအမြစ်များကို ပံ့ပိုးပေးရန်စီစဉ်နေကြောင်း သိရသည်။

အလားတူ ယူကရိန်း လက်နက်ကိုင်တပ်ဖွဲ့များကို လေ့ကျင့်ရေး၊ ဒဏ်ရာရစစ်သည်များကို ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေးနှင့် စက်ပစ္စည်းကိရိယာများ ပံ့ပိုးပေးခြင်းများအတွက် နိုင်ငံတကာရန်ပုံငွေများ၊ ဘက်စုံသဘောတူညီချက်များမှတစ်ဆင့် လစ်သူရေးနီးယားနိုင်ငံက ဆက်လက် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအကူအညီများသည် လစ်သူရေးနီးယားနိုင်ငံ၏ မယိမ်းယိုင်သော ကတိကဝတ်ကို မီးမောင်းထိုးပြလျက်ရှိသည်။ ယူကရိန်းပဋိပက္ခစတင်ချိန်မှစ၍ လစ်သူရေးနီးယားနိုင်ငံသည် ယူကရိန်းအတွက် ခန့်မှန်းခြေတန်ဖိုးအားဖြင့် စစ်ဘက်အကူအညီ ယူရို ၇၆၇ သန်းကို ပံ့ပိုးပေးခဲ့ပြီး စစ်ရေး၊ ဘဏ္ဍာရေးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာကဏ္ဍများတွင် အလုံးစုံပံ့ပိုးမှုသည် ယူရို ၁ ဒသမ ၅ ဘီလီယံထိ ကျော်လွန်သွားခဲ့ပြီဖြစ်သည်။ များပြားလှသော အဆိုပါပမာဏသည် ယူကရိန်းထံ စက်ပစ္စည်းများ ပို့ဆောင်ခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် ပံ့ပိုးကူညီခြင်း (ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှု၊ တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးနှင့် မိုင်းရှင်းလင်းရေးတူးဖော်ခြင်း)တို့တွင် လစ်သူရေးနီးယားနိုင်ငံအနေဖြင့် အတက်ကြွဆုံး ပါဝင်ဆောင်ရွက်နေသည့် ဥရောပနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်စေခဲ့ခြင်းဖြစ်သည်။ လစ်သူရေးနီးယားနှင့် ယူကရိန်းနိုင်ငံပိုင် သတင်းစာများတွင် လစ်သူရေးနီးယားနိုင်ငံ၏ အရှိန်အဟုန်ဖြင့် ယူကရိန်းကို ကူညီပေးနေမှုသည် ဒေသတွင်းလုံခြုံရေးအန္တရာယ်များအတွက် ဖြေရှင်းနေခြင်းပင်ဖြစ်ကြောင်း နိုင်ငံတကာ ဆက်ဆံရေးကျွမ်းကျင်သူများက မှတ်ချက်ပြုခဲ့ကြသည်။

ယခုကဲ့သို့ တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် ဒုံးကျည်များ ပေးပို့မှုသည် လစ်သူရေးနီးယားနိုင်ငံက ယူကရိန်းနိုင်ငံကို စစ်ရေးနှင့်အုပ်ချုပ်ထောက်ပံ့မှု လိုအပ်ချက်များတွင် ဆက်လက်ကူညီရန် စိတ်ပိုင်းဖြတ်ထားကြောင်း သတင်း စကားပေးပို့လိုက်ခြင်းဖြစ်ပြီး အခြား NATO နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကိုလည်း အလားတူထောက်ခံအားပေးသွားရန် တိုက်တွန်းနေခြင်းလည်းဖြစ်ကြောင်း သိရသည်။

**Ukraine Once Again Receives a Batch of Air Defense from Lithuania** ကို ဘာသာပြန်ဆိုထားပါသည်။

## ဘင်္ဂလားဒေ့ရှ်စစ်ဘက်က တူကီယဲထုတ် TRG-230 နှင့် TRG-300 အတွဲလိုက်ဒုံးပစ် လောင်ချာစနစ် ၁၈ စုံ လက်ခံရရှိ

ဘင်္ဂလားဒေ့ရှ်စစ်ဘက်သည် တူကီယဲနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Roketsan ထုတ် TRG-230 နှင့် TRG-300 အတွဲလိုက်ဒုံးပစ်လောင်ချာစနစ် ၁၈ စုံကို မကြာသေးမီက လက်ခံရရှိခဲ့ကြောင်း Army Recognition သတင်းဌာနက ဇန်နဝါရီ ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းဝယ်ယူမှုသည် ဘင်္ဂလားဒေ့ရှ်စစ်ဘက်၏ အမြောက်တပ်ဖွဲ့စွမ်းရည်ကို အဆင့်မြှင့်တင်မှု လုပ်ဆောင်ချက်တစ်ရပ်လည်းဖြစ်သည်။ တူကီယဲနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Roketsan က တီထွင်ထုတ်လုပ်ထားသည့် ဤအတွဲလိုက် ဒုံးပစ်လောင်ချာစနစ်များသည် စစ်မြေပြင်တွင် ကြည်းတပ်၊ ခြေလျင်တပ်ရင်း၊ တပ်ဖွဲ့များ၏ တိုက်ပွဲဝင် ပစ်ခတ်နိုင်မှုစွမ်းအားနှင့် လိုက်လျောညီထွေဖြစ်စွာ ဖြန့်ကြက်အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

TRG-230နှင့် TRG-300 အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်မှာ Kamaz 65224 စစ်သုံး ထရပ်ကားပေါ်တွင် တပ်ဆင်ထားသည်။ Kamaz 65224 စစ်သုံးထရပ်ကားသည် မြေမျက်နှာသွင်ပြင် အမျိုးမျိုးတွင် မောင်းနှင်စစ်ဆင်နိုင်စွမ်းရှိသော အကြမ်းခံယာဉ်မျိုးဖြစ်၍ လျှပ်ရှားစစ်ကစားနိုင်မှု မြင့်မားကောင်းမွန်စေမည် ဖြစ်သည်။ TRG-230 နှင့် TRG-300 စနစ်များသည် ရန်သူ့အမြောက်များ၊ ကွပ်ကဲမှုဌာနချုပ်များနှင့် မဟာဗျူဟာမြောက် အခြေခံအဆောက်အအုံများအပါအဝင် ပစ်မှတ်အများအပြားကို တိုက်ခိုက်ချေမှုန်းရန်အတွက် ဒုံးကျည်အများအပြားကို တစ်ပြိုင်နက်တည်း ပစ်လွှတ်တိုက်ခိုက်နိုင်စွမ်းရှိပြီး ၎င်းတို့၏တိုက်ပွဲဝင်တိကျမှုနှင့် ထိရောက်မှုတို့အတွက် ရေပန်းစားသည့် အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်များလည်း ဖြစ်ကြသည်။

TRG-230 စနစ်သည် အကွာအဝေး ကီလိုမီတာ ၃၀ မှ ကီလိုမီတာ ၇၀ အတွက် ဒီဇိုင်းထုတ်ထားပြီး TRG-300 စနစ်သည် အကွာအဝေး ကီလိုမီတာ ၁၂၀ ထိ ပစ်မှတ်ထားနိုင်ကာ တာတိုနှင့် တာဝေးပစ်တိုက်ခိုက်မှုများအတွက် ထိရောက်မှုရှိသည်။ အဆိုပါအတွဲလိုက် ဒုံးပစ်လောင်ချာစနစ်များသည် ဒုံးကျည်များဖြင့် ပစ်မှတ်ကို တိကျစွာတိုက်ခိုက်နိုင်စေရန် အဆင့်မြင့် လမ်းညွှန်ထိန်းကျောင်းမှုနှင့် ပစ်မှတ်ဖော်ထုတ်သည့် နည်းပညာများအသုံးပြုထားသည်။ ဤသို့ အဆင့်မြင့်အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်များ ဝယ်ယူခြင်းသည် ဘင်္ဂလားဒေ့ရှ်တပ်မတော်၏ ခေတ်မီအဆင့်မြှင့်တင်ရေး ကြိုးပမ်းမှုတွင် အရေးပါသော ခြေလှမ်းတစ်ရပ် ဖြစ်သည်။ TRG-230 နှင့် TRG-300 စနစ်များကို ၎င်းတို့၏ လက်နက်တိုက်တွင် ပေါင်းစပ်အသုံးပြုနိုင်ခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကြည်းတပ် ကာကွယ်ရေးစွမ်းရည်နှင့် ဒေသတွင်းပေါ်ပေါက်လာသော ခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်စွမ်းအဆင့်မြှင့်တင်လျက်ရှိကြောင်း သိရသည်။



**Bangladesh Army Receives TRG-230/300 Rocket Systems from Tür-kiye** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ကလေးဝမြို့နယ် ဆောင်းသီးနှံမြေပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကလေးဝ ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ၃၇၁၆ ကေစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိကေ ၅၃၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ မြေပဲ ၃၇၁၆ ကေစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၅၃၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားကေထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် မြေပဲ စိုက်ပျိုးရာတွင် တစ်ကေကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်းနှင့် တစ်ကေစိုက်ပျိုးပါက တင်း၅၀ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်ကဆက်လက် ပြောပြ၍ သိရသည်။ (၂၀၆)

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဒေသထွက်ဖူးစားပြောင်း အဖူးရေ ၉၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလက ဖူးစားပြောင်းအဖူးရေ ၉၈၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မီမီဝင်းက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ခုနှစ် ဒီဇင်ဘာလအတွင်း ဒေသထွက်ဖူးစားပြောင်းအဖူးရေ ၇၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိဖူးစားပြောင်းအဖူးရေ၉၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ကျုံပျော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဖူးစားပြောင်း အဖူးရေ၉၈၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ကျုံပျော်မြို့နယ်ကနေ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု အားကောင်းနေလို့ တင်ပို့အား ကောင်းခဲ့တာဖြစ်ပါတယ်။ ဖူးစားပြောင်းတွေတင်ပို့ရောင်းချနေရတော့ ကုန်သည်တွေကအစ အလုပ်အကိုင်အခွင့်အလမ်းတွေ ကောင်းလာပါတယ်။ ကျုံပျော်မြို့နယ်ကနေ တင်ပို့ရောင်းချခဲ့တဲ့ ဖူးစားပြောင်းတွေက အရည်အသွေးကောင်းပါတယ်'' ဟု ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မီမီဝင်းက ပြောပြသည်။



ကျုံပျော်မြို့နယ်မှလယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ဖူးစားပြောင်းများကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက်ဖူးစားပြောင်း အဖူးရေ ၁၀၀၀ လျှင် ငွေကျပ် ၃၄၀၀၀၀ မှ ၃၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မီမီဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းကိုင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းကိုင် ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ်( တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်မိန်းကျေးရွာနှင့် နားဆိုင်ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ဝမ်မိန်းကျေးရွာနှင့် နားဆိုင်ကျေးရွာတို့တွင် စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြားလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ၄၈ဦးကို ရန်ပုံငွေကျပ် သိန်း ၄၈၀ ထိ ထုတ်ချေးပေးခဲ့ကြောင်း မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းက ပြောပြ၍ သိရသည်။

**မောင်ခိုင်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂-၂-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၉၃၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၆၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၉၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၇၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၇၀၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# သူနာပြုတက္ကသိုလ်(မန္တလေး) ပထမနှစ်သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)(၁၁/၂၀၂၄)သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၂

သူနာပြုတက္ကသိုလ်(မန္တလေး) ပထမနှစ် သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) (၁၁/၂၀၂၄) သင်တန်းမှ ကျောင်းသား၊ ကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါတက္ကသိုလ်ပင်မခြောက်ထပ်ဆောင် ဘက်စုံခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်နှင့် ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်လုပ်ငန်းများ၌ အရည်အသွေးပြည့် သူနာပြုများ၏အခန်းကဏ္ဍသည် မရှိမဖြစ်အားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပါကြောင်း၊ နိုင်ငံတော်က ကျန်းမာရေးဆိုင်ရာ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ထိရောက်စွာ လေ့ကျင့်သင်ကြားနိုင်ရန် ရုပ်ပိုင်းဆိုင်ရာ၊ သူနာပြုပညာရပ်ပိုင်းဆိုင်ရာများတွင် ခေတ်နှင့်လျော်ညီစွာ အသုံးပြုသင်ကြားနိုင်ရေး ဖြည့်တင်းပေးနေပါကြောင်း၊ သူနာပြုတက္ကသိုလ်(မန္တလေး)ကို ၁၉၉၈ ခုနှစ် နိုဝင်ဘာလတွင် စတင်ဖွင့်လှစ်ချိန်မှစပြီး ယနေ့အထိ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းအသီးသီးမှ ဘွဲ့ရသူနာပြု ၄၈၇၅ ဦး မွေးထုတ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံရှိ Mahidol University, Chaingmai University, ဂျပန်နိုင်ငံ St.Luke International University စသည့် နိုင်ငံခြားတက္ကသိုလ်များမှ သူနာပြုပါရဂူဘွဲ့ ငါးဦး၊ သူနာပြုမဟာသိပ္ပံဘွဲ့ ရှစ်ဦးရရှိခဲ့ပြီး လက်ရှိတွင် သူနာပြုပါရဂူဘွဲ့ နှစ်ဦး၊ သူနာပြုမဟာသိပ္ပံဘွဲ့ တစ်ဦး တက်ရောက်သင်ကြားနေသည်ဟု သိရှိရပါကြောင်း၊ တတ်သည့်ပညာကိုရပ်တန့်မနေဘဲ အတတ်ပညာနှင့် ကျွမ်းကျင်မှုသာမက ကျင့်ဝတ်သိက္ခာများနှင့်အညီ ခံယူချက်ကောင်းသည့် နိုင်ငံအတွက် အားကိုးအားထားပြုရသည့် နှလုံးလှသူနာပြုများဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သူနာပြုတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်က မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ကျေးဇူးတင်စကားကိုလည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတင်စကားများကို လည်းကောင်း ပြောကြားကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများ၏ Uniform Show၊ တိုင်းရင်းသားရိုးရာအကအလှများ၊ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု Fashion Showများဖြင့် ဖျော်ဖြေတင်ဆက်မှုများကိုကြည့်ရှုအားပေး၍ ဂုဏ်ပြုငွေများချီးမြှင့်ပြီး ခေတ်မီသင်ကြားရေးအထောက်အကူပြုပစ္စည်းများနှင့် လက်တွေ့ခန်းများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**







တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ရော်ဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ရှေ့ဖုံးမှအဆက်

ရုပ်မိရုပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့် ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ရော်ဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ တပ်မတော်ဆေးရုံ၌အခြေပြု၍ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၁၃ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၁၆ ဦး၊ ခွဲစိတ်ရောဂါ ၅၂ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၄ ဦး၊ ကလေးရောဂါ ၂၂ ဦး၊ အရိုးရောဂါ ၁၀၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၂ ဦး၊ မျက်စိရောဂါဦးရေ ၂၁၀ နှင့် သွားနှင့်ခံတွင်းရောဂါ ၄၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ကိုးဦး၊ မျက်စိခွဲစိတ်လူနာ ၃၅ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၄၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာဦးရေ ၇၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၇၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၀၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ ၃၅ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

၎င်းအပြင် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ ခွဲစိပ်ပါရဂူ၊ကလေးပါရဂူ၊ မေ့ဆေးပါရဂူနှင့်အဖွဲ့သည် ဟိုင်းကြီးကျွန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ ဟိုင်းကြီးကျွန်းမြို့နယ် မောင်ပါကျေးရွာနေ ဦးမောင်မောင်ကြည်၏ ဇနီးဖြစ်သူ ဒေါ်နှင်းနှင်းအေးအား မွန်းလွဲ ၂ နာရီ ၃၂ မိနစ်တွင် ၆ ပေါင် ၃ အောင်စရှိ သမီးတစ်ဦးကို အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။

၎င်းကလေးငယ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှပေးအပ်သည့် ချီးမြှင့်ငွေနှင့်လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်သည်။အဆိုပါကလေးငယ်သည် ယခုခရီးစဉ်အတွင်း ပထမဆုံးအကြိမ်မွေးဖွားပေးခဲ့သည့်ကလေးငယ်ဖြစ်ပြီး တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) သမိုင်းမှတ်တမ်းတွင် ၂၂ ဦးမြောက်အဖြစ် အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"ကျွန်တော်ကတော့ ခန္ဓာကိုယ်အဆီအကျိတ်တွေကိုလာပြတာပါ။ ဒီမှာပါရဂူတွေကိုယ်တိုင်လာပြီးတော့ ထိထိရောက်ရောက်ကုသပေးတဲ့အတွက် ကျွန်တော်တို့အားလုံး အဆင်ပြေကြပါတယ်။ ရောဂါကြီးသမားတွေ အထွေထွေရောဂါပြသသူတွေ အဝေးမသွားရဘဲ ဒီမှာတင် ပြသကုသခွင့်ရတဲ့အတွက်အားလုံးအဆင်ပြေချောမွေ့ပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့ လာရောက်ကုသပေးတဲ့ ဆရာဝန်များ၊ ဆရာ၊ ဆရာမများ အားလုံးကိုလည်း အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ပြောပြသည်။




"မရမ်းကွင်းကပါ၊ မျက်စိလာပြတာပါ၊ ဆရာဝန်က ပုသိမ်သွားပြီး မျက်မှန်လုပ်ဖို့ပြောပါတယ်၊အရင်ကလည်း မျက်စိပြဖူးပါတယ်၊ အခုတော်တော်အဆင်ပြေသွားပါပြီ၊ မျက်စိလည်း အရင်ထက်ကြည့်ရတာပိုကောင်းသွားတယ်၊အထူးကိုပဲကျေးဇူးတင်ပါတယ်၊ဒီမှာထမင်းလည်းကျွေးတယ်၊ကားခကအစ လမ်းစရိတ်အကုန် စရိတ်ငြိမ်းလုပ်ပေးတာပါ၊ ဒါကြောင့်မို့ ကျွန်မတို့က ကျေးဇူးတင်ပါတယ်၊ ဒီဆေးသင်္ဘောလာမယ်ဆိုတာကို လူကြီးကဖုန်းဆက်ပြီးအကုန်ပြောပေးတယ်၊ အဲ့တော့သားတွေကိုပြောတယ်၊ ဆရာဝန်တွေ၊ပါရဂူတွေရောက်မယ်လို့ဆိုပြီးလာပြတာ မနေ့ကလည်းလာသေးတယ်၊ သင်္ဘောကမရောက်သေးလို့ ဒီနေ့ထပ်လာပြတာပါ၊ သင်္ဘောဆိုက်တော့ ကားနဲ့လာကြိုပေးတယ်၊ ထမင်းကျွေးတဲ့သူတွေ ရောလာကုပေးကြတဲ့ ဆရာဝန်တွေရော ဆရာ၊ဆရာမတွေအကုန်လုံးကိုကျေးဇူးတင်ပါတယ်"ဟု ပြောပြသည်။ **(၅၀၁)**



# စစ်တွေမြို့ ရှေးဟောင်းသမိုင်းဝင် လက်ဝဲသလုံးတော်ဓာတ်စေတီတော်မြတ်အား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ဖူးမြော်ကြည်ညိုပြီး ဝန်ထမ်းများကို အခြေခံစားကုန်နှင့် သား၊ ငါး၊ ဟင်းသီးဟင်းရွက်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကြည့်ရှုအားပေး



**စစ်တွေ ဖေဖော်ဝါရီ ၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ရှေးဟောင်းသမိုင်းဝင် လက်ဝဲသလုံးတော်ဓာတ်စေတီတော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စေတီတော်ဓမ္မာရုံ၌ လက်ဝဲသလုံးတော်ဓာတ် စေတီတော်မြတ်အား ထီးတော်တင်လှူနိုင်ရန်နှင့် ဘက်စုံပြုပြင်မွမ်းမံနိုင်ရန်အတွက် စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးကြပြီး စေတီတော်တွင် ဆီမီးပူဇော်ရန်အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စေတီတော်အနီးပတ်ဝန်းကျင် သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုအား လှည့်လည်ကြည့်ရှုကြပြီး ကန်တော်ကြီး၌ ဇီဝိတဒါနအဖြစ် ငါးလွှတ်ကုသိုလ်ကောင်းမှုပြုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်အောင်ဇေယျာသုခမင်္ဂလာ စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြကာ စေတီတော်ဘက်စုံပြုပြင်မွမ်းမံနိုင်ရန်အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်း၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဝန်ထမ်းများအား အခြေခံစားကုန်နှင့် သား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များအား ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်အဖွဲ့သည် ဝန်ထမ်းများအား ရောင်းချပေးမည့်အခြေခံစားကုန်နှင့် သား၊ ငါး၊ ကြက်ဥ၊ဟင်းသီးဟင်းရွက်များ ခင်းကျင်းထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ဈေးဝယ်ရန်ရောက်ရှိလာကြသည့် ဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အခြေခံစားသုံးကုန်များနှင့် သား၊ ငါးများ ပြတ်လပ်မှုမရှိစေရေးနှင့် ဈေးနှုန်းမြင့်တင်ရောင်းချခြင်းမရှိစေရေးတို့ကို စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**

# စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ကြည့်ရှုစစ်ဆေး

**ပုသိမ် ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၂၆ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာများ သန့်ရှင်းသာယာလှပရေး၊ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် လမ်းဘေးဝဲယာများတွင် အိမ်၊ လမ်း၊ ရွာ၊ ကျောင်းသန့်ရှင်းသာယာလှပရေးအတွက် တပ်ရင်း၊တပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးကိုဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ လေးကျွန်းရန်အောင်ဖောင်တော်ဦးစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ဌာနဆိုင်ရာများနှင့် ပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး မြို့အင်္ဂါရပ်နှင့်အညီ စိမ်းလန်းစိုပြည်သန့်ရှင်းသာယာလှပရေး၊ အမှိုက်များကိုစနစ်တကျစွန့်ပစ်စေရေးနှင့် ပြည်သူများပူးပေါင်းပါဝင်စေရေး မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြောင်းမြမြို့ အမှတ်(၅) ရပ်ကွက်ရှိ စကြာသီဟစကြာနန္ဒစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး သာသနိကအဆောက်အအုံများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်နှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အပတ်စဉ်သာမက နေ့စဉ်ဆောင်ရွက်ကြရန်မှာကြားကာ စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ထံသို့ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာများတွင်လည်း တပ်ရင်း၊တပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများစုပေါင်း၍ အိမ်၊ လမ်း၊ ရွာ၊ ကျောင်းသန့်ရှင်းစေရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးနှင့် သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောင်းမြမြို့နယ် ကံကြီးကျေးရွာရှိ တောင်သူဦးမိုးဝင်း၏ စိုက်ကေ ငါးကေတွင် စိုက်ပျိုးထားသည့် Super Sun-41 နေကြာစိုက်ခင်း၊ အိမ်မဲမြို့နယ် ဝဲကြီးဝကျေးရွာ တောင်သူဦးကျော်ကျော်ဦး၏ စိုက်ကေ နှစ်ကေတွင် စိုက်ပျိုးထားသည့် Super Sun-41 နေကြာစိုက်ခင်း၊ ဝါးခယ်မမြို့နယ် ရေလိန်ကျေးရွာရှိ တောင်သူဦးဝင်းမောင်နှင့် ဦးမျိုးသန့်တို့၏ မြေပဲစိုက်ကေ ၁၀ ကေစိုက်ခင်းနှင့် ကြာဖြူကျေးရွာရှိ တောင်သူဦးဝင်းဗိုလ်၏ စိုက်ကေတွင် ဆီထွက်သီးနှံ(နေကြာ) (Super Sun- 41) ကိုးကေ၊ ဆင်းရွှေကြာ-၂ တစ်ကေ စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့် တွေ့ဆုံ၍ ယခင်နှစ် စိုက်ပျိုးမှု၊ အပင်ဖြစ်ထွန်းမှု၊ အပွင့်အောင်မြင်မှု၊ ဆီကြိတ်ခွဲရရှိမှုအခြေအနေများနှင့် ယခုနှစ်စိုက်ခင်းများ၏ ဖြစ်ထွန်းအောင်မြင်မှုအခြေအနေများကို ဆွေးနွေးမေးမြန်းပြီး ပိုမိုဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားအန္တရာယ်မကျရောက်စေရေး၊ ဝတ်မှုန်ကူးခြင်းများအတွက် ပျားပုံးများထားရှိမှု၊ ရေ၊ မြေဩဇာ အချိန်ကိုက် ထည့်သွင်းအသုံးပြုနိုင်ရေးတို့ကို မှာကြားခဲ့ကြကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**



## ❑ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှအဆက်

ယမန်နှစ်ကလည်း ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ကင်မရာထောင်ချောက်၂၄ လုံးတပ်ဆင်၍ တောရိုင်းတိရစ္ဆာန်များ သွားလာကျက်စားမှုကိုစောင့်ကြည့်ခဲ့ရာ ဘင်္ဂလားကျား၊ မလေးရှားနှင့် ဟိမဝန္တာဝက်ဝံမျိုးစိတ်၊ ဆင်၊ အင်းကျား၊ကြောင်မျိုးစိတ်၊ပြောင်နှင့် ရှားပါးမျိုးစိတ်၂၅ မျိုးကို မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

“ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဟာ ဘင်္ဂလားကျား၊ဝက်ဝံ၊နို့တိုက်သတ္တဝါနဲ့ ငှက်အပါအဝင် ရှားပါးသတ္တဝါတွေကျက်စားတဲ့ ဘေးမဲ့တောဖြစ်ပါတယ်။ သူတို့ကိုထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့၊ သူတို့ရဲ့ ကျက်စားနေထိုင်မှုကို လေ့လာသိရှိနိုင်ဖို့ ကင်မရာထောင်ချောက် ၂၄ လုံးကို ပြီးခဲ့တဲ့ ဒီဇင်ဘာလမှာတပ်ဆင်ခဲ့ပြီးတော့ ဖေဖော်ဝါရီ ဒုတိယပတ်မှာ ကင်မရာတွေဖြုတ်သိမ်းမှာပါ။ ကင်မရာထောင်ချောက်တွေဖြုတ်သိမ်းစစ်ဆေးတဲ့အခါ တောရိုင်းတိရစ္ဆာန်မျိုးစိတ်တွေရဲ့ ထူးခြားမှုကိုသိရှိရမှာပါ။ ဒီလိုဘေးမဲ့တောတွေရေရှည်တည်တံ့ခိုင်မြဲဖို့ ဒေသခံပြည်သူအားလုံးပူးပေါင်းပါဝင်ထိန်းသိမ်းစောင့်ရှောက်ဖို့လည်းလိုအပ်ပါတယ်”ဟု ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က ပြောပြသည်။

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အထူးသဖြင့် ကမ္ဘာ့ရှားပါးစာရင်းဝင်ဘင်္ဂလားကျား၊ရင်ဘတ်တွင် အဖြူရောင်ဗွီပုံသဏ္ဌာန်ရှိသည့် ဟိမဝန္တာဝက်ဝံနှင့်ရင်ဘတ်တွင်အဖြူရောင်ယူပုံဏ္ဍာန်ရှိသည့် မလေးရှားဝက်ဝံမျိုးစိတ် နှစ်မျိုးရှင်သန်ကျက်စားလျက်ရှိသည်။

ထို့ပြင် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် နို့တိုက်သတ္တဝါ ၅၇ မျိုး၊ငှက်မျိုးစိတ် ၃၃၂ မျိုး၊ ငါးမျိုးစိတ် ၆၇ မျိုး၊ ကုန်းနေရေနေနှင့်တွားသွားသတ္တဝါ ၇၇ မျိုး၊ အပင်မျိုးစိတ် ၄၃၂ မျိုး၊ ဆေးဖက်ဝင်အပင် ၁၉ မျိုး၊ ဝါး ၁၄ မျိုး၊ ကြိမ်ရှစ်မျိုး၊ရေနေပင် ၂၃ မျိုး၊မြက် ၁၈မျိုးနှင့် သစ်ခွမျိုးစိတ် ၁၆ မျိုးတည်ရှိနေသည့်အပြင် တိုက်လိပ်အပါအဝင် မြန်မာနိုင်ငံတွင်သာတွေ့ရှိရသည့် ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်များလည်း တည်ရှိနေသည်။

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ၁၉၇၄ ခုနှစ် မေလတွင်သတ်မှတ်ခဲ့ပြီး ၁၉၉၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ဟုမ္မလင်းမြို့၌အုပ်ချုပ်ရေးမှူးရုံးဖွင့်လှစ်၍ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများကိုစတင်ဆောင်ရွက်ခဲ့ကာ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်ကြီးအဖြစ် သတ်မှတ်ခံခဲ့ရကြောင်း သိရသည်။

**သစ္စာ(MNA)**

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ စက္ကူလင်းစာကြည့်တိုက်ဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း တက်ရောက်



**ရန်ကုန် ဖေဖော်ဝါရီ ၂**

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ်(၁၄) ရပ်ကွက်ရှိ စက္ကူလင်းစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီက အဆိုပါစာကြည့်တိုက်ရှေ့တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းနှင့် အင်းစိန်ခရိုင်နှင့် လှိုင်သာယာမြို့နယ်တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရပ်ကွက်နေ စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်း၊ အင်းစိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းဇော်၊ အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးအုန်းရွှေ၊ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် ဦးဘိုကြည်၊ စက္ကူလင်းစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးနေမျိုးဟိန်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အဖွဲ့သည် စာကြည့်တိုက်အတွင်းရှိ စာအုပ်၊ စာစောင်များကို လှည့်လည်ကြည့်ရှုပြီး စာကြည့်တိုက် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားပြီး စက္ကူလင်းစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် စက္ကူလင်းစာကြည့်တိုက်ရာသက်ပန်ရှင်သန်စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ စက္ကူလင်း စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးနေမျိုးဟိန်းနှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘိုကြည်တို့က လှူဒါန်းသော စာအုပ်၊ စာစောင်များကို အင်းစိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းဇော်က လက်ခံရယူပြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်း လှူဒါန်းသော စာအုပ်၊ စာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက လက်ခံရယူသည်။

အဆိုပါ စက္ကူလင်းစာကြည့်တိုက် ဆောက်လုပ်ရာတွင် နိုင်ငံတော်က မတည်ငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူများထံမှ အလှူငွေကျပ် ၁၁၁ ဒသမ ၉ သိန်းတို့ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **ကျော်သန်း**

# ပဲခူးမြို့နယ် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ၂၀၁၅ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးမြို့နယ် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၌ ၂၀၁၅ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများက ပြင်ဆင်မွမ်းမံပြီးစီးခဲ့သည့် မိုးယွန်းကြီးအင်းပညာပေး ပြခန်းအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် မိုးယွန်းကြီးအင်းအတွင်း နေထိုင်ကျက်စားသည့် တောရိုင်းတိရစ္ဆာန် ပုံသွင်းရုပ်လုံးများ၊ ဆေးစိမ်ရုပ်ကြွင်းများနှင့် Flyway Network Site (ငှက်ပျံသန်းမှုလမ်းကြောင်းဒေသ) မြေပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ကြိုးကြခန်းမ၌ ၂၀၁၅ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့အထိမ်းအမှတ်အခမ်းအနား ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ရေဝပ်ဒေသများသည် ကျန်းမာပျော်ရွှင်သော လူနေမှုဘဝများကို ပံ့ပိုးပေးလျက်ရှိရာ လူသားတိုင်း၏ အနာဂတ် ကောင်းမွန်သာယာနိုင်စေရေးအတွက် ရေဝပ်ဒေသများကို ထိန်းသိမ်းကာကွယ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိုးယွန်းကြီးအင်းသည် ကုန်းတွင်းရေဝပ်ဒေသဖြစ်ကာ ဆောင်းခိုငှက်များ၊ မျိုးသုဉ်းရန် အန္တရာယ်ရှိသော ငှက်မျိုးစိတ်များ လာရောက်ကျက်စားခြင်းနှင့်အတူ အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း ကွန်ရက်နယ်မြေတစ်ခုဖြစ်ခြင်း၊ သဘာဝဂေဟစနစ်များ ကောင်းမွန်မှုရှိခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝခြင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဆိုင်ရာ အလားအလာကောင်းများ ရှိသည့်အတွက် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် အဆိုပြုတင်သွင်းခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိုးယွန်းကြီးအင်း ရေဝပ်ဒေသ၏ဝန်ဆောင်မှုနှင့် သယံဇာတများကို ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ဂေဟစနစ်များ သဘာဝအတိုင်း ကောင်းမွန်စွာတည်ရှိနိုင်ရေး ပြည်သူလူထုအသိပညာပေးခြင်း၊ လူထုအခြေပြု ထိန်းသိမ်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက မိုးယွန်းကြီးအင်းရေဝပ်ဒေသ၏ အရေးပါပုံနှင့် ထိန်းသိမ်းစောင့်ရှောက်မှုမှတစ်ဆင့် ဒေသခံပြည်သူများထံသို့ ပြန်လည်အကျိုးပြုပုံတို့ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရေဝပ်ဒေသထိန်းသိမ်းရေး ဗီဒီယိုကလစ်ကိုကြည့်ရှုကြပြီး ကမ္ဘာ့ရေဝပ်ဒေသများနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိကြသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။




## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# ဘားအံတက္ကသိုလ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအထောက်အကူပြုသိကောင်းစရာများ ဆွေးနွေး

**ဘားအံ ဖေဖော်ဝါရီ ၂**

ကရင်ပြည်နယ် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အထက်တန်းဆင့်သင် ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား ဘားအံတက္ကသိုလ်နှင့်မော်လမြိုင်တက္ကသိုလ်တို့မှ ပါမောက္ခများ၊ ကထိကများ၏ ဘာသာရပ်ဆိုင်ရာသိကောင်းစရာများဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၁ နာရီက ဘားအံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အခြေခံပညာကျောင်းသားလူငယ်များ အဆင့်မြင့်ပညာ၊ သက်မွေးပညာရပ်များ တစ်ဆင့်မြင့်တက်ရောက်သင်ကြားနိုင်ရေး ကြိုးစားအားထုတ်ရမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် သိကောင်းစရာများကို တက္ကသိုလ်များမှ လာရောက်ဆွေးနွေးပေးကြသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ မိမိတို့တပည့်များအတွက် အချိန်ပေးပြီး ဆွေးနွေးပွဲသို့ လာရောက်ပေးကြသည့် ပြည်နယ်အတွင်းရှိ ဆရာ၊ ဆရာမများ အနေဖြင့်လည်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ကြိုးစားသင်ကြားပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ဆွေးနွေးပွဲအတွက် ငွေကျပ် ၉၀၈၇၅၀၀ ကို ချီးမြှင့်ပေးအပ်ပြီး ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ စိုးစိုးအေးနှင့် ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစသိန်းကျော်တို့က ဆွေးနွေးပွဲအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် အောင်ချက်မြင့်မားရေးဘာသာရပ်ဆိုင်ရာသိကောင်းစရာများ ဆွေးနွေးပွဲ အစီအစဉ်များကိုရှင်းလင်းတင်ပြကြသည်။

ကရင်ပြည်နယ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် သိကောင်းစရာများဆွေးနွေးပွဲကို နှစ်ရက်ကြာကျင်းပခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်တွင် တက္ကသိုလ်ဝင်တန်းဘာသာရပ် ကိုးခုအတွက် မော်လမြိုင်တက္ကသိုလ်မှ ပါမောက္ခများက အခြေခံပညာကျောင်းများမှ Grade–12 သင် ဆရာ၊ ဆရာမဦးရေ ၈၁၀ တို့ကို ဦးဆောင်ဆွေးနွေးပို့ချပေးခဲ့ကာ ယနေ့တွင် ဘားအံတက္ကသိုလ်မှ ပါမောက္ခ၊ ကထိကများက ဘာသာရပ်ကိုးခုအတွက် ကျောင်းသား၊ ကျောင်းသူ ၁၆၅၆ ဦးတို့ကို ဆက်လက်ဆွေးနွေးပို့ချပေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော်တွင် ကျင်းပမည့် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်မည့် ကရင်ပြည်နယ် ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့က ဖျော်ဖြေတင်ဆက်ကပြသည့်အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် ညပိုင်းတွင် ဘားအံမြို့ သီရိကွင်း ဒုံးစင်မြင့်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မိမိတို့၏ ယဉ်ကျေးမှုအကအလှဖြစ်သည့် ဒုံးအကကိုဂုဏ်ယူဝင့်ကြွားစွာတင်ဆက်ကပြပြီး အခြားသောတိုင်းရင်းသားများ၏ ရိုးရာအကများကိုလည်း လေ့လာသင်ယူ၍ ပြည်ထောင်စုနေ့တွင် ဆုံတွေ့ကြသည့် တိုင်းရင်းသားအချင်းချင်းချစ်ခင်ရင်းနှီးစွာ နေထိုင်ပြီး ယဉ်ကျေးမှုများကိုဖလှယ်ခဲ့ကြရန်နှင့် အသွားအလာအနေအထိုင်များကိုလည်း စည်းကမ်းရှိစွာသွားလာနေထိုင်ပြီး ကျန်းမာရေးကို ဂရုစိုက်ကြစေလိုကာ မိမိတို့၏ပြည်နယ်ဂုဏ်ကို ထိန်းသိမ်းမြှင့်တင်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်မည့် ကရင်ပြည်နယ် ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ကို ငွေကျပ်သိန်း ၂၀ ချီးမြှင့်ပေးအပ်ပြီး ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်မည့် ကရင်ပြည်နယ် ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့နှင့်ကရင်အနုပညာရှင်အစည်းအရုံးတို့က တေးသရုပ်ဖော်အကများ၊တေးသီချင်းများ၊ ပြည်ထောင်စုနေ့ညစာစားပွဲတွင် တင်ဆက်ကပြမည့် ကရင်ရိုးရာဒုံးအကနှင့် တိုင်းရင်းသားတူရိယာများဖြင့် တီးခတ်သီဆိုကပြဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကာ ဂုဏ်ပြုဆု ငွေများ အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတက်ရောက်ရန်ရောက်ရှိလာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များကို ဒုတိယဝန်ကြီး ဦးထိန်လင်း ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရောက်ရှိလာကြသည့် ချင်းပြည်နယ်၊စစ်ကိုင်းတိုင်းဒေသကြီး၊ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကအဖွဲ့များကို ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ နေ့လယ်စာစားသောက်နေမှုနှင့် ပြင်ဆင်ကျွေးမွေးနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး နေထိုင်စားသောက်ရေး အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များ စနစ်တကျပြင်ဆင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ်ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုး နှင့် ပဲဖော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှကင်းလွတ်နိုင်ရေးကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနကသတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သံပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင် သောမီးသတ်ဆေးဘူးများကို အလွယ်တကူရယူနိုင်သောနေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကိုရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၇၁၆၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၂

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့် အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ် စေရေးထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကိုနေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်း တွက်ချက်၍ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကား ရမည့်အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၇၁၆၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Face-book Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## ထူးခြားသည့် ညအပူချိန်များ

( ၂ - ၂ - ၂၀၂၅ )

| | | | | |
|---|---|---|---|---|
| နမ့်စန် | ၂ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၄ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၆ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ကြီး | ၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်း | ၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

☆ **ချန်ပီယံဆုဆွတ်ခူးမှုအဆက်**

ဆုဖလားဖြစ်ပြီး ကစားသမားဘဝ သက်တမ်းတစ်လျှောက် ကိုးကြိမ်မြောက် WTAဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

မာတန့်နှင့် အန်နာလီတို့ပွဲစဉ်သည် ၁ နာရီ ၂၂မိနစ်ကြာမြင့်ခဲ့ပြီး မာတန့်က သက်သောင့်သက်သာဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ နိုင်ခြေအဆင့် သတ်မှတ်ခြင်း မခံထားရသည့် အန်နာလီသည် ဗိုလ်လုပွဲ မတိုင်မီထိ အကောင်းဆုံးကစားနိုင်ခဲ့သော်လည်း ဗိုလ်လုပွဲအဆင့်တွင် အမှားများခဲ့ သကဲ့သို့ ပုံစံကောင်းလည်း ပျောက်ဆုံးခဲ့သည်။

မာတန့်သည် Singapore Open တင်းနစ်ပြိုင်ပွဲမတိုင်မီ ဩစတြေးလျနိုင်ငံ ဟိုဘက်မြို့တွင် ကျင်းပခဲ့သော Hobart Internationalတင်းနစ်ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး ဗိုလ်လုပွဲ၌ အမေရိကန်တင်းနစ်မယ် ကက်စလာအား (၄-၆၊ ၆-၃၊ ၀-၆)ရလဒ်ဖြင့် ရှုံးနိမ့်ပြီး ဒုတိယနှင့်သာကျေနပ်ခဲ့ရသည်။

မာတန့်က"ရာသီသစ်ရဲ့ ပထမဆုံး ဆုဖလားဆွတ်ခူးနိုင်ခဲ့လို့ ဂုဏ်ယူရသလို ပြိုင်ပွဲနှစ်ရပ်ဆက် ဗိုလ်လုပွဲအဆင့် တက်ရောက်ခွင့်ရခဲ့လို့ ဂုဏ်ယူပါတယ်။ စင်ကာပူမှာတော့ အောင်မြင်မှုနဲ့အဆုံးသတ်နိုင်ခဲ့တယ်"ဟု ပြောကြားခဲ့သည်။

မာတန့်အနေဖြင့် ယခုနှစ်တင်းနစ်ရာသီ အတွင်းပါဝင်ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲများ၌ စုစုပေါင်း ၁၀ ပွဲထိ အနိုင်ရရှိထားပြီး ၂၀၂၁ ခုနှစ်နောက်ပိုင်း နိုင်ပွဲ ၁၀ ပွဲ အမြန်ဆုံးပြည့်မြောက်သည့် ရာသီအဖြစ်မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၂-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၈၀ | ၃၂၉၅ | ၃၂၆၀ | ၃၁၉၅ | ၃၃၀၀ | ၃၃၁၅ | ၃၃၃၅ | ၃၂၅၅ | ၄၅၀၅ | ၃၅၄၅ | ၃၂၇၀ | ၃၂၇၀ | ၃၃၄၀ | ၃၃၀၅ | ၃၃၃၀ | ၃၅၈၅ | ၄၁၀၀ |
| 95 Ron | ၃၂၆၀ | ၃၃၇၅ | ၃၃၄၀ | ၃၂၇၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၁၀ | ၃၃၃၀ | ၄၅၆၀ | ၃၆၂၅ | ၃၃၅၀ | ၃၃၅၀ | ၃၄၂၀ | ၃၃၈၅ | ၃၄၀၅ | ၃၆၆၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၈၂၀ | ၂၉၃၀ | ၂၈၉၅ | ၂၈၃၀ | ၂၉၃၅ | ၂၉၅၅ | ၂၉၇၀ | ၂၈၉၀ | - | ၃၁၈၀ | ၂၉၀၅ | ၂၉၀၅ | ၂၉၇၅ | ၂၉၄၀ | ၂၉၆၅ | ၃၂၂၀ | ၄၁၀၀ |
| HSD (50 ppm) | ၃၄၈၅ | ၃၆၀၀ | ၃၅၆၅ | ၃၅၀၀ | ၃၆၀၅ | ၃၆၂၀ | ၃၆၄၀ | ၃၅၅၅ | ၄၈၃၀ | ၃၈၅၀ | ၃၅၇၅ | ၃၅၇၅ | ၃၆၄၅ | ၃၆၁၀ | ၃၆၃၅ | ၃၈၉၀ | - |
| HSD (10 ppm) | ၃၄၈၅ | ၃၆၀၀ | ၃၅၆၅ | ၃၅၀၀ | ၃၆၀၅ | ၃၆၂၀ | ၃၆၄၀ | ၃၅၅၅ | - | ၃၈၅၀ | ၃၅၇၅ | ၃၅၇၅ | ၃၆၄၅ | ၃၆၁၀ | ၃၆၃၅ | ၃၈၉၀ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၀၇ | ၃၀၀၀ |
| 95 Ron | ၃၀၈၂ | ၃၁၇၈ |
| HSD (500 ppm) | ၂၆၅၄ | ၂၇၃၆ |
| HSD (50 ppm) | ၃၃၀၂ | ၃၃၉၈ |
| HSD (10 ppm) | ၃၃၀၂ | ၃၃၉၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# “အဂတိကင်းကွာ လွန်ချမ်းသာ... အပိုင်း(၅)”

## လင်းလက်

**မှန်ကန်သော လုပ်ရပ်များဆီသို့**

၁။ လူတို့သည် မိမိလေ့လာဆည်းပူးအပ်သော ပညာရပ်များကို အခြေခံအသုံးချ၍ ဘဝအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ မည်သည့်လုပ်ငန်းကို လုပ်ကိုင်ကြသည်ဖြစ်စေကာမူ “ဖြောင့်မတ်တည်ကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ မျှတမှု၊ အဂတိတရားကင်းစင်မှု” စသည့် စံနှုန်းများဖြင့်ဆောင်ရွက်ကြရန် လိုအပ်သည်။ မိမိတတ်ကျွမ်းသော အရည်အချင်းများကိုအခြေခံ၍ ရအပ်သော ရာထူးနေရာနှင့် လုပ်ပိုင်ခွင့်တို့ကို မလျော်မကန်အသုံးချခြင်းသည် အခြေခံလူ့ကျင့်ဝတ်များကို ချိုးဖောက်ခြင်းဖြစ်သည်။ မည်သည့်နယ်ပယ်တွင် ကျင်လည်ကြသည်ဖြစ်စေ မိမိတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြသူများဖြစ်စေရေးနှင့် တာဝန်ထမ်းဆောင်မှုကို အနှောင့်အယှက်အဟန့်အတားဖြစ်စေသည့် အရာများကို ဟန့်တားထိန်းချုပ်နိုင်သည့် အရည်အချင်းများရှိစေရေး ကြိုးစားကြရန် လိုအပ်သည်။

၂။ လုပ်ငန်းတာဝန် ထမ်းဆောင်မှုတွင် မိမိကျင်လည်ရာပတ်ဝန်းကျင်နှင့် လုပ်ငန်းနယ်ပယ်တို့အပေါ်သစ္စာရှိရန်ကလည်း အရေးကြီးသည်။ သတ်မှတ်ထားပြီးဖြစ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် မှန်ကန်သည့်လမ်းကြောင်းမှ သွေဖည်မသွားစေရေး ဆွဲဆောင်မှုပြုသည့်အရာများကိုလည်း အထူးဂရုပြုရှောင်ရှားရန် လိုအပ်သည်။ မိမိ၏လုပ်ငန်းသည် အများအတွက် ဆောင်ရွက်ရသည့် အများပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းမျိုးဖြစ်ပါက ပို၍ပင် သတိထားသင့်သည်။ အများအတွက် ဆောင်ရွက်ရသည့် လုပ်ငန်းများတွင် အခြားသူများထက် ပို၍ အခွင့်အရေးရယူလိုသူများက တံစိုးလက်ဆောင်ပေး၍ အခွင့်အရေးရယူရန် ကြိုးစားဆောင်ရွက်မှုများရှိနိုင်သည်။ ကိုယ်ကျိုးစီးပွားဦးတည်၍ တံစိုးလက်ဆောင်များကိုလက်ခံကာ ဆုံးဖြတ်ချက်များကို ချမှတ်သည့်အခါ တစ်စုံတစ်ယောက်ကို မျက်နှာသာပေးဆုံးဖြတ်လိုက်သည့်အခါတွင် ထိုအခွင့်အရေးကို ရယူပိုင်ဆိုင်ခွင့်ရှိသည့် အခြားသူများ၏ အခွင့်အရေးကို ချိုးဖောက်သကဲ့သို့ ဖြစ်သွားတတ်သည်။

**တံစိုးလက်ဆောင်ဆိုသောအရာ**

၃။ တံစိုးလက်ဆောင်လက်ခံ၍ ဆုံးဖြတ်ချက်များကို မသမာသူများ၏အလိုကျ ဆုံးဖြတ်ဆောင်ရွက်လိုသည့်အခါ နစ်နာသူများရှိလာနိုင်သည်။ နစ်နာသူများက ခေါင်းငုံ့မခံနိုင်၍ နည်းလမ်းပေါင်းစုံဖြင့် ထုတ်ဖော်လိုက်မည်ဆိုပါက အရေးယူခံရနိုင်သည်။ မကောင်းမှုဟူသည်မှာ မျက်ကွယ်ရာမရှိဟု ဆိုသကဲ့သို့ အချိန်တန်သည့်အခါ ပေါ်ပေါက်လာစမြဲဖြစ်သည်။ ထိုအချိန်တွင် “လက်ရှိအလုပ်အကိုင်လည်းဆုံးရှုံး၊ လူမှုပတ်ဝန်းကျင်တွင်လည်း အရှက်ရကာ ဂုဏ်သိက္ခာလည်း ဆုံးရှုံး၊ အဂတိလိုက်စားမှုဖြင့် ရှာဖွေစုဆောင်းထားသည့် ပစ္စည်းဥစ္စာများကလည်း ဆုံးရှုံး” စသည်ဖြင့် ဆုံးရှုံးမှုများစွာရှိနိုင်သဖြင့် ဆင်ခြင်သင့်သည်။ မကောင်းမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသူများက နစ်နာမှုများကို ဖော်ထုတ်ကာ အမှန်တရားဘက်တော်သားများအဖြစ် ဆောင်ရွက်လာနေသည့်ခေတ်တွင် တံစိုးလက်ဆောင်လက်ခံခြင်းသည် မိမိ၏ဘဝတက်လမ်းကို မိမိဘာသာ ပိတ်ပင်လိုက်ခြင်းဖြစ်သည်။

၄။ တရားမျှတမှုဆိုသည်မှာ လူသားတိုင်းကလိုအပ်သည့် အရာတစ်ခုပင်ဖြစ်သည်။ တံစိုးလက်ဆောင်လက်ခံခြင်းအလေ့အထများသည် တရားမျှတမှုကို သွေဖည်သည့် ဆုံးဖြတ်ချက်များကို ဖြစ်ပေါ်စေတတ်သဖြင့် ကိုယ်တိုင်ကြိုးစားရှောင်ရှားဖို့လိုသည်။ ကျူးလွန်သူများကို ကိုယ်တိုင်ကြုံတွေ့ရခြင်း သို့မဟုတ် အခြားသူများ ကြုံတွေ့နေရသည်ကို တွေ့ရှိရပါက နည်းလမ်းရှာ ဖော်ထုတ်ကြရန်လည်း အရေးကြီးသည်။ ထိုကဲ့သို့ဆောင်ရွက်မှသာ မကောင်းမှုပြုလုပ်သူများအတွက် လူမှုပတ်ဝန်းကျင်အတွင်း ကျင်လည်စရာ နေရာမရှိဖြစ်လာမည်ဖြစ်သည်။ တံစိုးလက်ဆောင်လက်ခံကာ ဘက်လိုက်ဆုံးဖြတ်သူများကို လက်တုံ့ပြန်သူ အမှန်တရားမြတ်နိုးသူများကလည်း လူမှုပတ်ဝန်းကျင်တွင် ရှိနေတတ်သဖြင့် မကောင်းမှုကျူးလွန်သူများ အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရသည့် ဖြစ်ရပ်များက ရှေးယခင်ကတည်းက ရှိခဲ့သည်။

**နှာခေါင်းပြတ်သည့်ဇာတ်**

၅။ မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ကောသလမင်းကြီးသည် ပန်းပဲဖိုတို့မှ ဆက်သအပ်သော သန်လျက်တို့ကိုနမ်း၍ အရည်အသွေးစမ်းသပ်နိုင်ရေးအတွက် ပုဏ္ဏားတစ်ဦးကို ခန့်အပ်ထားလေသည်။ ထိုပုဏ္ဏားသည် သန်လျက်တို့၏အရည်အသွေးနှင့် သန်လျက်တို့တွင် ရှိအပ်သော လက္ခဏာတို့ ရှိ မရှိကို နမ်း၍ စမ်းသပ်ကာ ဘုရင့်ထံ သံတော်ဦးတင်ရသည်။ ထိုအခါ ဘုရင့်ထံသို့ သန်လျက်ဆက်သနိုင်၍ ဘုရင့်ထံမှ သူကောင်းပြုမှု သို့မဟုတ် ချီးမြှင့်မြှောက်စားမှုနှင့် ဂုဏ်သီတင်းကျော်စောမှုတို့ကို လိုလားအပ်သည့် ပန်းပဲသမားအချို့က ပုဏ္ဏားထံ တံစိုးလက်ဆောင်ပေး၍ ၎င်းတို့၏ သန်လျက်ကို ကောင်းမြတ်သော လက္ခဏာနှင့် ပြည့်စုံသည်ဟု မှတ်ချက်ပြုကာ ဘုရင်ထံဆက်သပေးရန် စည်းရုံးလေသည်။ ပန်းပဲဆရာတို့ပေးသော တံစိုးလက်ဆောင်ကိုရယူ၍ အရည်အသွေးမကောင်းသည့် သန်လျက်ဖြစ်လင့်ကစား အရည်အသွေးကောင်း၍ မင်းတို့ကိုင်ဆောင်အပ်သော သန်လျက်ဖြစ်သည်ဟု လျှောက်တင်လေသည်။

၆။ ပန်းပဲသမားတို့သည်လည်း မိမိတို့၏ပန်းပဲဖိုမှ ထွက်သော သန်လျက်ကို အရည်အသွေးပြည့်ဝအောင် သူ့ထက်ငါကြိုးစားရမည်ဖြစ်သော်လည်း သန်လျက်၏ အရည်အသွေးကို ဆုံးဖြတ်ပေးနိုင်သော ပုဏ္ဏားကို တံစိုးပေး၍ မိမိတို့၏ သန်လျက်အရည်အသွေးကို မမှန်မကန်လိမ်လည်တင်ပြရန်သာ ကြိုးစားလာကြသည်။ ထိုအချိန်တွင် ပန်းပဲပညာအရည်အချင်းကို မှန်မှန်ကန်ကန် အသုံးချ၍ ဘုရင့်ထံသို့ သန်လျက်ဆက်သလိုသည့် ပန်းပဲသမားတို့က နေရာမရဖြစ်လာလေသည်။ ကိုယ်တိုင်အရည်အချင်းရှိပြီး အမှန်တရားအတွက် တုံ့ပြန်ဆောင်ရွက်ကာ ပုဏ္ဏားကို ပညာပေးလိုသည့် ပန်းပဲဆရာတစ်ဦးက အမှန်တရားကိုဖော်ထုတ်ရန် နည်းလမ်းတစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။ သန်လျက်တစ်လက်ကို အကောင်းဆုံးဖန်တီးပြုလုပ်၍ ထိုသန်လျက်၏ အသွားတို့အပေါ်တွင် ငရုတ်မှုန့်တို့ကို ထည့်၍ထားလေသည်။

**နှစ်ခါ အရှက်ရ**

၇။ ပန်းပဲဆရာသည်ကား ငရုတ်မှုန့်ထည့်ထားသောသန်လျက်ကို ကောသလမင်းကြီးထံသို့ ဆက်သလေ၏။ မင်းကြီးကလည်း သန်လျက်၏အရည်အသွေးကို စမ်းသပ်သည့် ပုဏ္ဏားထံသို့ပေး၍ အရည်အသွေးကို စမ်းသပ်စေသည်။ ပုဏ္ဏားကလည်း သန်လျက်ကို နမ်းလိုက်သည့်အခါတွင် ငရုတ်မှုန့်တို့က နှာခေါင်းအတွင်းသို့ဝင်၍ နှာချေမိသဖြင့် သန်လျက်နှင့် နှာခေါင်းတို့ ခိုက်မိလေသည်။ သန်လျက်သည် အလွန်ထက်သဖြင့် နှာခေါင်းကို ပြတ်စေသည်။ ထိုသတင်းသည် တိုင်းပြည်အတွင်း ပျံ့နှံ့သွားကာ ရဟန်းသံဃာတို့၏ထံသို့ပင် ရောက်ရှိသွားသဖြင့် ရဟန်းသံဃာတို့ကား ထိုအကြောင်းကို တီးတိုးတိုင်ပင်ဆွေးနွေးမိကြလေသည်။

၈။ မြတ်စွာဘုရားရှင်က “ချစ်သားတို့ အဘယ်အကြောင်းကို စည်းဝေးတိုင်ပင်နေကြသနည်း” ဟု မေးမြန်းတော်မူရာတွင် “အရှင်ဘုရား ကောသလမင်းကြီး ခန့်အပ်သော သန်လျက်၏ အရည်အသွေးကိုနမ်း၍ ဆုံးဖြတ်ရသော ပုဏ္ဏားသည် နှာခေါင်းပြတ်၍ အရှက်ရသွားသည့်အကြောင်းကို ဆွေးနွေးပြောကြားနေကြခြင်းဖြစ်ကြောင်း” လျှောက်တင်လေသည်။ ထိုအခါ မြတ်စွာဘုရားရှင်က “ချစ်သားတို့... တံစိုးလက်ဆောင်စား၍ နှာခေါင်းပြတ်သော ထိုပုဏ္ဏားသည် ယခုဘဝတွင်၌သာ တံစိုးစား၍ အရှက်ရခြင်းမဟုတ် အတိတ်ဘဝတစ်ခုတွင် ယခုကဲ့သို့ပင် တံစိုးလက်ဆောင်လက်ခံ၍ ဆုံးဖြတ်မိသဖြင့် နှာခေါင်းပြတ်ကာ အရှက်ရခဲ့ဖူးသည်” ဟုဆိုကာ အတိတ်ဇာတ်ကြောင်းကို ပြန်လည်ဟောကြားခဲ့လေသည်။

၉။ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး မင်းပြုစိုးစံစဉ်ကာလက မင်းထံသို့ ဆက်သအပ်သော သန်လျက်တို့ကို အရည်အသွေးစမ်းသပ်ရန် ပုဏ္ဏားတစ်ဦးကို ခန့်ထားလေသည်။ ပုဏ္ဏားသည် တံစိုးလက်ဆောင်ပေးသော ပန်းပဲသမားတို့က ဆက်သသော သန်လျက်ကိုသာ အရည်အသွေးကောင်းသည်ဟုဆိုပြီး ဘုရင့်ထံဆက်သလေ့ရှိသည်။ မတရားမှုကို လက်သင့်မခံနိုင်သည့် ပန်းပဲသမားတစ်ဦးက သန်လျက်တွင် ငရုတ်မှုန့်တို့ကိုထည့်၍ ဆက်သလိုက်ရာတွင် ပုဏ္ဏားက အရည်အသွေးစမ်းရန် နမ်းလိုက်မိသည့်အချိန်တွင် နှာချေမိ၍ သန်လျက်နှင့်ထိကာ နှာခေါင်းပြတ်ပြီး အရှက်ရခဲ့လေသည်။ ဘုရင်လည်း တံစိုးလက်ဆောင်လက်ခံ၍ မမှန်မကန်ဆုံးဖြတ်သဖြင့် နှာခေါင်းပြတ်သွားသည်ကို သိသော်လည်း နားလည်ခွင့်လွှတ်ပေးကာ သမားတော်တို့ကိုခေါ်ယူ၍ ချိပ်တို့ဖြင့် နှာခေါင်းအတုပြုလုပ်ကာ အပါးတော်တွင် ဆက်လက်ခစားစေသည်။

၁၀။ ဗြဟ္မဒတ်မင်းကြီး၏ တူတော်ဖြစ်သည့် ဘုရင်နန်းတက်လာသည့်အချိန်တွင်လည်း နှာခေါင်းပြတ်သည့် အမတ်ကိုပင် ဆက်လက်ခန့်ထားလေသည်။ တစ်နေ့တွင် မင်းရင်ပြင်၌ ခစားနေချိန် ပုဏ္ဏား၏ မျက်နှာမူရာအရပ်မှ နေ၏အလင်းရောင်သည် နှာခေါင်းတုပေါ်သို့ကျရောက်လေသည်။ နှာခေါင်းတုပြုလုပ်ထားသည့် ချိပ်တို့သည် အချိန်ကြာလာသဖြင့် အရည်အသွေးကျဆင်းနေသည့် အချိန်ဖြစ်သဖြင့် ကွာ၍ကျကာ နှာခေါင်းပြတ်ပေါ်လာပြန်သည်။ မင်းအပါအဝင် မှူးကြီးမတ်ရာသေနာပတိနှင့် မင်းမှုထမ်းတို့က နှာခေါင်းပြတ်ကို မြင်ကြသဖြင့် ထိန်းမနိုင်သိမ်းမရ ရယ်မောလှောင်ပြောင်ကြလေသည်။ ပုဏ္ဏားသည် အချိန်ကာလတစ်ခု ကြာခဲ့သော်လည်း တံစိုးလက်ဆောင် စားမိသည့်အဖြစ်ကြောင့် အကြိမ်ကြိမ်အရှက်ရခြင်းဖြစ်သည်။ ဘုရားရှင်က တပည့်သား ရဟန်း သံဃာတို့ကို တံစိုးလက်ဆောင်စား၍ အမှန်တရားကို သွေဖည်ဆောင်ရွက်မှု၏ အကျိုးဆက်သည် မကောင်းသည့် အကျိုးဆက်များကိုသာ ခံစားရစေသဖြင့် ဆင်ခြင်ကြရန် ဟောကြားခဲ့သည်။

**သတိပြုဆင်ခြင်ကြဖို့သာဖြစ်**

၁၁။ လူ့ဘဝတွင် စားဝတ်နေရေး၏ အရေးပါမှုကို ဖြေရှင်းနိုင်ရေးအတွက် အလုပ်လုပ်ကာ ဝင်ငွေရှာကြရသည်။ မည်သည့်အလုပ်ကို လုပ်ကိုင်စေကာမူ သမာအာဇီဝနည်းဖြင့် ကြိုးစားကြရန် အဓိကဖြစ်သည်။ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာခြင်း ရှိလိုကြသည်မှာ ပုထုဇဉ်လူသားတိုင်း မလွန်ဆန်နိုင်သော လိုအင်ဆန္ဒတစ်ခုပင်ဖြစ်သည်။ မှန်ကန်သော လုပ်ရပ်၊ မှန်ကန်သော ကြိုးစားအားထုတ်မှုဖြင့်သာ ချမ်းသာကြွယ်ဝခြင်းကို ဖန်တီးပုံဖော်သင့်ပေသည်။ တံစိုးလက်ဆောင်ရယူကာ အဂတိလိုက်စားမှု ကျူးလွန်၍ ချမ်းသာကြွယ်ဝမှုကို ဖန်တီးမိမည်ဆိုပါက အချိန်တန်သည့်အခါ ထိုချမ်းသာကြွယ်ဝမှုတို့ကို ကိုယ်တိုင်မခံစားရဘဲ ဂုဏ်သိက္ခာကျဆင်း၍ ဘဝပင်ပျက်နိုင်သဖြင့် သတိပြုဆင်ခြင်နိုင်ကြရန် လိုအပ်သည်။

၁၂။ တံစိုးလက်ဆောင်စား၍ သန်လျက်တို့၏ အရည်အသွေးကို မမှန်မကန် ဘက်လိုက်ဆုံးဖြတ်တတ်သည့် ပုဏ္ဏားသည် နှာခေါင်းပြတ်၍ အရှက်ရခဲ့သည်။ မြတ်စွာဘုရားရှင်က သမာအာဇီဝဖြင့်သာ ပစ္စည်းဥစ္စာရှာဖွေစုဆောင်း၍ ဘဝလမ်းကြောင်းသို့ ကောင်းမွန်စွာလျှောက်လှမ်းကြရန် ဟောကြားထားသည်။ ယနေ့ခေတ်တွင် မည့်သည့်စနစ်၊ မည်သည့်ဘာသာကို ကိုးကွယ်သည့် နိုင်ငံဖြစ်စေကာမူ တံစိုးလက်ဆောင်ဆိုသော လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို ပျက်စီးစေသည့် အရာကို လက်သင့်မခံလိုကြပေ။ ဘာသာတရားအဆုံးအမများကလည်း မကောင်းသည့် ရည်ရွယ်ချက်ဖြင့် ပေးအပ်သည့် တံစိုးလက်ဆောင်ကို လက်သင့်မခံရန် ဆုံးမကြသည်။ တရားဥပဒေဘက်တော်သားများကလည်း တံစိုးလက်ဆောင်လက်ခံ၍ အမှုကိစ္စတို့ကို ဘက်လိုက်ဆုံးဖြတ်ကာ အဂတိလိုက်စားမှုကျူးလွန်ကြသူများကို အရေးယူနိုင်ရေး ဆောင်ရွက်နေကြသည်။ သို့ဖြစ်ရာ တံစိုးလက်ဆောင်ဆိုသည့် မိမိဘဝ၊ မိမိ၏မိသားစုဘဝ၊ မိမိ၏ပတ်ဝန်းကျင်၊ မိမိ၏နိုင်ငံတော်ကို ပျက်စီးစေသည့်အရာကို လက်သင့်မခံကြခြင်းဖြင့် အဂတိလိုက်စားမှုများကင်းစင်ကာ ဘဝကိုပျော်ရွှင်ချမ်းသာစွာ ဖြတ်သန်းနေထိုင်နိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြရေးသားလိုက်ရပါသည်။

❖ တံစိုးလက်ဆောင် လက်ခံခြင်းအလေ့အထများသည် တရားမျှတမှုကို သွေဖည်သည့် ဆုံးဖြတ်ချက်များကို ဖြစ်ပေါ်စေတတ်သဖြင့် ကိုယ်တိုင်ကြိုးစားရှောင်ရှားဖို့လိုသည်။ ကျူးလွန်သူများကို ကိုယ်တိုင်ကြုံတွေ့ရခြင်း သို့မဟုတ် အခြားသူများ ကြုံတွေ့နေရသည်ကို တွေ့ရှိရပါက နည်းလမ်းရှာ ဖော်ထုတ်ကြရန်လည်း အရေးကြီးသည်။ ထိုကဲ့သို့ဆောင်ရွက်မှသာ မကောင်းမှုပြုလုပ်သူများအတွက် လူမှုပတ်ဝန်းကျင်အတွင်း ကျင်လည်စရာ နေရာမရှိဖြစ်လာမည်ဖြစ်သည်။ ❖

**ရည်ညွှန်းကိုးကား**

-ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ ညောင်ကန်ဆရာတော်ဘုရားကြီး၊ နေ့စဉ်ထုတ် သတင်းစာများ။

# တရားမဝင် သစ်မျိုးစုံ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ






**နေပြည်တော် ဖေဖော်ဝါရီ ၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ကစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမည့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၀၀၀၀ နှင့် အဆိုပါပစ္စည်းတင်ဆောင်လာသည့် Chenglong Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီးအကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့ နောင်ပလိန်လမ်း လှာကမြင်ပန်းခြံအနီး၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်း ၂၄ မျိုး၊ လူသုံးကုန် ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၈၇၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA Light Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၇၈၇၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၃၇၁ တန်၊ အခြားသစ် ၁ ဒသမ ၇၆၈ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၇၃၀၀၁၅ ကျပ်ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၃၅၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ရတနာပုံ တံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ဟုမ္မလင်းမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၀၅၅၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Foton Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ကို လည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၃၆၆/၆) တံခွန်တိုင်အပိုင်းအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် မော်တော်ဆိုင်ကယ်အပိုပစ္စည်း ကိုးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၄၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Ankai Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၃၉၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁ ရက်တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၆ မှုမှ ခန့်မှန်းတန်ဖိုးငွေ ၃၇၈၆၃၉၀၁၅ ကျပ်ကို ဖမ်းဆီးရမိခဲ့သည်။ထိုကဲ့သို့တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့်ကုန်သည် လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ် စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**









## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်းသုံးကြစို့။**


❖ ရာသီဝက်ချန်ပီယံမှအဆက်

ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

MIU FCအသင်းနှင့် MH Dream Team အသင်းတို့ပွဲစဉ်တွင် ပွဲချိန်တစ်လျှောက်အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး MIU FC အသင်းက ပွဲပြီးဆုံးချိန်တွင် သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရာသီဝက်ချန်ပီယံဖြစ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် ယနေ့နံနက် ၉နာရီက Futsal Chit Thuအသင်းနှင့် Generations FCအသင်းတို့ကစားခဲ့ရာ Futsal Chit Thu အသင်းက သုံးဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ နံနက် ၁၀ နာရီခွဲက MH Dream Teamအသင်းနှင့် MIU FC အသင်းတို့ကစားခဲ့ရာ MIU FCအသင်းက သုံးဂိုး နှစ်ဂိုးဖြင့်လည်းကောင်းအနိုင်ရရှိခဲ့ပြီး မွန်းတည့် ၁၂ နာရီက M2K FCအသင်းနှင့် SGF FCအသင်းတို့ကစားခဲ့ရာ သုံးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁နာရီခွဲက YCDC Marga FCအသင်းနှင့် YRG FCအသင်းတို့ကစားခဲ့ရာ YRG FCအသင်းက သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ညနေ ၃နာရီက Winner Soccerအသင်းနှင့် VUC FCအသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲတွင် ပွဲစဉ်(၉)မတိုင်မီက MIU FCအသင်းက ရမှတ် ၂၂ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင်ရပ်တည်နေပြီး MH Dream Team အသင်းက ရမှတ် ၂၀ ဖြင့် အမှတ်ပေးဇယားအဆင့်(၂)နေရာမှ ဖိအားပေးနေသော်လည်း ပွဲစဉ်(၉)တွင် MIU FCအသင်းက အနိုင်ရရှိခဲ့သည့်အတွက် ရမှတ် ၂၅ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ပြီး ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။ STA

ပေါက်ပေါက်

# တပို့တွဲလရာသီနှင့် ဆေးဖက်ဝင်ထမနဲ

တပို့တွဲလသည် မြန်မာလများတွင် ဆယ့်တစ်လမြောက်ချမ်းအေးသောကာလဖြစ်သည်။ တပို့တွဲလရာသီပန်းမှာပေါက်ပန်းဖြစ်ပြီး တပို့တွဲလရာသီပွဲတော်မှာ လူသိများထင်ရှားလှသည့် "ထမနဲပွဲ" ဖြစ်သည်။

မြန်မာ့ရိုးရာဆယ့်နှစ်လရာသီပွဲတော်များထဲတွင် တပို့တွဲလသည် ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးခြားသည့်လမြတ်တွင်ပါဝင် နေသည်။ တပို့တွဲလပြည့်နေ့သည် ရှင်သာရိပုတ္တရာရဟန္တာဖြစ်သောနေ့ ဖြစ်ခြင်း၊ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန်တို့ ဧတဒဂ်ရသောနေ့ဖြစ်ခြင်း၊ အင်္ဂါလေးရပ်နှင့်ပြည့်စုံသော ရဟန်းပရိသတ် အလိုအလျောက်စုဝေးမိသောနေ့ဖြစ်ခြင်း၊ ဘုရားရှင်တိုင်း ဩဝါဒပါတိမောက်ပြတော်မူသောနေ့ဖြစ်ခြင်းဟူ၍ သတ်မှတ်ထားသည်။

**တပို့တွဲလထမနဲပွဲ**

"ထမနဲ" ဟုဆိုသည်နှင့်တပြိုင်နက် တပို့တွဲလထမနဲပွဲဟူသောစကားရပ်ကို မြန်မာပြည်သူ ပြည်သားများ နားရည်ဝနေကြပြီး ဖြစ်သည်။ တစ်နည်းဆိုသော် ထမနဲပွဲသည် တပို့တွဲလ၏ပုံရိပ်သင်္ကေတလည်းဖြစ်သည်။ ထို့ကြောင့် တပို့တွဲလပြည့်နေ့တွင် ဆွမ်းတော်ကပ်လှူရန်အတွက် ထမနဲပွဲကို ခြိမ့်ခြိမ့်သဲ ကျင်းပကြသည်။ ထမနဲထိုးချိန်သည် တောင်သူများ ကောက်ဦးပေါ်ချိန်ဖြစ်သဖြင့် ကောက်ဦးအလှူပွဲလည်းဖြစ်သည်။

တပို့တွဲလထမနဲပွဲကို ရှေးပဝေသဏီ ကတည်းက စ၍ကျင်းပလာခဲ့သည်။ သို့သော် ထိုခေတ်ကထမနဲကို "ယာဂု" ဟု ခေါ်ဝေါ်ခဲ့ကြသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး၏မှတ်တမ်းအရ မင်းတုန်းမင်းကြီး လက်ထက်တော်အခါက ယာဂုအလှူပွဲအကြောင်းနှင့်ပတ်သက်၍ "ရွှေမြို့တော်လေးပြင်လေးရပ် တရုတ်၊ အိန္ဒိယလူမျိုးခြားမှစ၍ တိုင်းသူပြည်သားအားလုံးတို့သည် လူတစ်ကိုယ် ဆန်တစ်စလယ်ကျ စုဆောင်း၍ယာကုကျိုရာ ယင်းယာဂု၌ ကောက်ညှင်းဆန်၊ ဆီ၊ ဆား၊ နှမ်း၊ ချင်းစိမ်း၊ မြေပဲ၊ အုန်းသီး၊ သစ်ကြားသီးစသည်တို့ကိုထည့်၍ကျိုသည်" ဟု ဆိုထားသည်။ ယာဂုကျိုခြင်းကို ယခုခေတ်မှာထမနဲထိုးခြင်းဟုဆိုကြသည်။

ထို့ပြင် ကုန်းဘောင်ခေတ်နှောင်း သီပေါမင်းလက်ထက်မှာလည်း တပို့တွဲလတွင် ဗုဒ္ဓမြတ်စွာဘုရားကို နံ့သာများမီးရှို့၍ ပူဇော်ကျင်းပသော မီးဖုန်းပွဲနှင့်အတူ ယာဂုပွဲကိုပါကျင်းပခဲ့ကြကြောင်း ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီးမှာရေးသားမှတ်တမ်းတင်ထားကြောင်း လေ့လာသိရသည်။ ရှေးခေတ်အခါသမယကျင်းပခဲ့ကြသော မီးဖုန်းပွဲများတွင် ယာဂုအိုး (၁၀၀၀) လှူဒါန်းလေ့ရှိကြသဖြင့် သဒ္ဓါတရားထက်သန်ပုံမှာ နှောင်းလူတို့၏ အံ့ဩလေးစားဖွယ်ဖြစ်သည်။

**တပို့တွဲလမီးဖုန်းပွဲ**

ရှေးအခါက မြန်မာနိုင်ငံ၏ အေးသောလကို တပို့တွဲလအဖြစ်သတ်မှတ်ခဲ့ပြီး အချမ်းအေးဆုံးအချိန်ကို တပို့တွဲလပြည့်နေ့မတိုင်ခင်လေးရက်အလိုနှင့် တပို့တွဲလပြည့်ပြီး နောက်လေးရက်အထိ သတ်မှတ်ခဲ့ကြသည်။ ထိုချမ်းအေးဆုံးနေ့ရက်များတွင် အင်မတန်ထူထဲသော ကျွဲအရေပြားပင်ဆတ်ဆတ်တုန်အောင် အေးလွန်းသည်ဟု မှတ်တမ်းတင်ထားကြသည်။ တပို့တွဲလသည် အေးပိုသောလဖြစ်၍ နှာရည်ယိုရွှဲတပို့တွဲဟုလည်းဆိုကြသည်။

ဝိနည်းတော်အရ မြတ်စွာဘုရားသည် ရဟန်းတို့ကိုမီးမလှုံရန်တားမြစ်ပိတ်ပင်သည်။ တားမြစ်ရသည့်အကြောင်းမှာ မီးနှင့် မျက်စိမသင့်ခြင်း၊ မီးလှုံခြင်းကြောင့်အဆင်းပျက်ခြင်း၊ ခွန်အားဆုတ်ယုတ်ခြင်း၊ မီးလှုံရင်းအပေါင်းအဖော်တို့နှင့် မွေ့လျော်နေခြင်း၊ ယင်းတို့နှင့်ဆက်စပ်၍ အကျိုးမရှိသောစကားများကို ပြောဆိုမိတတ်ခြင်း စသည်တို့ကြောင့် မီးမလှုံရန် တားမြစ်ထားခြင်းဖြစ်သည်။ သို့သော် တပို့တွဲလကုန်တပေါင်းလအကူး ကြားရှစ်ရက်သည် အလွန်တရာ ချမ်းအေးသောကြောင့် ထိုရက်များအတွင်း ရဟန်းတို့ကို မီးလှုံရန်ခွင့်ပြုတော်မူခဲ့သည်။ ထို့ကြောင့် တပို့တွဲလပြည့်နေ့ရောက်တိုင်း ဗုဒ္ဓဘာသာဝင်များက မြတ်စွာဘုရားကို အနွေးဓာတ်ဖြင့် ပူဇော်ကန်တော့သည့်အနေဖြင့် ထင်းများကိုမီးရှို့၍ မီးဖုန်းပွဲတော်ကျင်းပလာခဲ့ကြခြင်းဖြစ်သည်။

ဤသည်ကိုအစွဲပြု၍ တပို့တွဲလပြည့်နေ့တွင် ဘုရားဆင်းတုတော်များရှေ့နှင့် စေတီပုထိုးရင်ပြင်



တော်များတွင် မီးဖုန်းပွဲတော်များ ကျင်းပလာကြသည်။ မီးပုံးဟူသောအသုံးအနှုန်းမှာ အရပ်စကားဖြစ်ပြီး စာပေအမှတ်အသားအရမှာမူ "မီးဖုန်းသဘင်" ဟု ရေးသားရသည်။ အလှူရှင်တို့သည် ရဟန်းသံဃာတော်များ မီးဖို၍လှုံကြရန် နံ့သာထင်း၊ မီးမယ်ဖျူး(မီးလင်းဖို၊ မီးအိုးကင်း)တို့ကို လှူဒါန်းကြသည်။ အထက်အညာကျေးလက်ဒေသတွင် မီးဖုန်းပွဲကျင်းပရန် တောသို့သွားရောက်ကာ သနပ်ခါး၊ ကရမက်တို့ကို နံ့သာထင်းအဖြစ်ရှာဖွေကြသည်။ ထို့နောက် ထိုထင်းများကိုစုပုံရှို့၍ ဘုရားကျောင်းကန်၊ တန်ဆောင်းတို့၌ အပူဓာတ်ကိုလှူဒါန်းပူဇော်ကြကြောင်း၊ အချို့ကလည်း မီးမယ်ဖျူးခေါ် မီးလင်းဖို၌ အမွှေးနံ့သာထင်းများကိုထည့်၍ မီးဖိုကာပူဇော်ကြကြောင်းသိရပါသည်။ စုပေါင်းလုပ်ကိုင်ခြင်းဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦးချစ်ခင်စည်းလုံးမှုကို ဖြစ်စေသည်။

**ထမနဲစားသုံးသင့်သောလတပို့တွဲ**

ထမနဲ သို့မဟုတ် ထမင်းနဲ့ဆိုသောစကားသည် ကောက်ညှင်းဆန်ကို ပျော့အိသွားသည်ထိနှံခြင်းဖြစ်သည်။ တချို့ကလည်း နှမ်းကိုထူးကဲပြီး ထည့်သောကြောင့် နှမ်းမနဲဟုခေါ်သည်။ ထမနဲတွင်ကောက်ညှင်းဆန်၊ ဆီ၊ ဆား၊ နှမ်းဖြူ၊ ချင်း(ဂျင်း)စိမ်း၊ မြေပဲလှော်၊ အုန်းသီးဆံ၊ သစ်ကြားသီးတို့ပါဝင်သည်။ ခေတ်ကာလရွှေ့လျားသည့်အလျောက် သစ်ကြားသီးထည့်သောဓလေ့လည်း မရှိသလောက်ရှားပါသည်။

ထမနဲထိုးခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သော ပစ္စည်းအချိန်အဆများကို ရှေးအခါက အောက်ပါအတိုင်း တေးထပ်စပ်ဆိုခဲ့ကြကြောင်း လေ့လာမှတ်သားရသည်။

စားတော်ရဆန်ပေါက်ဝါ
လေးပြည်သာထည့်မြဲ။
ချိန်ပိဿာ လျှံကြည်ရွှဲအောင်လို့
နှမ်းဆီလည်းထည့်ပြန်။
မြေပဲဆန် အဌသုညငယ်နှင့်
ဒွတ္တိံသ တိလဗီဇ။
အုန်းသီးစိတ် ကျပ်ဝီသံငယ်
လောဏ န တံချိန်သတ်နှင့်
ချင်းနုဖတ် သိင်္ဂီမျှင်ရွှေ
သုံးကျပ်မသွေ။

ဟူ၍ဖြစ်သည်။ အဓိပ္ပါယ်မှာကောက်ညှင်းဆန် လေးပြည်၊ နှမ်းဆီတစ်ပိဿာ၊မြေပဲဆန် ၈၀ကျပ်သား၊ နှမ်းစေ့ ၃၂ ကျပ်သား၊ အုန်းသီးစိတ် ၂၀ ကျပ်သား၊ဆားခုနစ်ကျပ်သား၊ချင်းစိမ်းသုံးကျပ်သားတို့ကို ဒယ်အိုးတွင်နှံ့အောင်မွှေ၍ ယာဂုနှင့် ထမနဲအတူတူပုံ ဟုဆိုပါသည်။

အထက်တွင်ဆိုထားသည့်အတိုင်း တပို့တွဲလသည် မြန်မာနိုင်ငံ၏ အအေးဆုံးလဖြစ်ကာ လူတို့၏ အဆီခန်းခြောက်ကြပြီး ကိုယ်သားကိုယ်ရေအေးခြင်း၊ ခြေဖျားလက်ဖျားအေးစက်ခြင်း၊ အသားပပ်၍ကိုယ်ရေပြားယားယံခြင်းတို့ကို ဖြစ်ပေါ်ခံစားကြရသည်။ ထိုအခါ ဆီနိုင်နိုင်ဖြင့်ပြုလုပ်ထားသည့် အပူစာ ထမနဲကိုစားသုံးပါက ကိုယ်ငွေ့ကောင်းပြီး အသားအရေစိုပြေလာကာ အပူဓာတ်ရနိုင်သည်။

အကယ်၍ ကောက်ညှင်းသီးသန့်ကိုများများစားမိပါက ဝမ်းချုပ်ကာ လေပူထခြင်းကိုဖြစ်စေတတ်သော်လည်း ထမနဲစားခြင်းက ၎င်းတွင်ထည့်သုံးထားသည့် အခြားသောပစ္စည်းအမည်များက ခန္ဓာကိုယ်အတွက်လိုအပ်လျက်ရှိသော အပူဓာတ်ကိုအားဖြည့်ပေးသည့်အတွက် ထမနဲသည် အအေးပိုသောကာလမှာမဖြစ်မနေစားသုံးသင့်သော ဓာတ်စာတစ်မျိုးဖြစ်သည်။ ထို့ပြင် ထမနဲစားခြင်းက ဝမ်းရောဂါကိုကြိုတင်ကာကွယ်ရာရောက်ကြောင်းနှင့် ပထဝီပျက်သူများအနေဖြင့်ထမနဲကိုအစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် စားသုံးသင့်ကြောင်း ရှေးလူကြီးများကဆိုသည်။

ထမနဲတွင် ကျန်းမာရေးနှင့်ပတ်သက်၍ နောက်ထပ်မှတ်သားဖွယ်တစ်ခုရှိသည်။ မြတ်စွာဘုရားရှင်သည် လေနာနှိပ်စက်ခြင်းခံရချိန်၌ အရှင်အာနန္ဒာကို ယာဂုဆွမ်းခံစေရာ မာတုဂါမတစ်ဦးလှူဒါန်းလိုက်သော ချင်းစိမ်း၊ ငရုတ်၊ ကြက်သွန်၊ နှမ်းတို့ဖြင့်စီရင်ထားသည့် ယာဂုဆွမ်းကို ဘုဉ်းပေးသုံးဆောင်ပြီးနောက် လေနာရောဂါငြိမ်းသွားသည်ဟုဆိုထားသည်။ အဆိုပါယာဂုတွင်ပါဝင်သော ပစ္စည်းအမျိုးအမည်များသည် ထမနဲကဲ့သို့ပင်တူပါသည်။

ထို့ပြင် တပို့တွဲလ ထမနဲပွဲနှင့်ပတ်သက်၍ မင်းတုန်းမင်းကြီးလက်ထက်တော်အခါက နံမည်ကျော်ဆေးသမားတော်ကြီးများကလည်း ယခုလိုဆိုထားသည်။ ဥတုသုံးလီရှိသည့်အနက် အထူးသဖြင့်ကောက်စိုက်တောင်သူများသည် အသက်မွေးဝမ်းကျောင်းသဘောသဘာဝအရ တစ်မိုးတွင်းလုံးနှင့်တစ်ဆောင်းတွင်းလုံးမှာ အအေးဒဏ်ခံစားရလေ့ရှိကြောင်း၊ တပို့တွဲလပြည့်နေ့နီးလာသောအခါ၊ ဆောင်းကုန်လုနွေဦးရောက်ခါနီးအချိန် စပ်ကူးမတ်ကူးကာလဖြစ်ရာ ဓာတ်ကြီးလေးပါးဖောက်ပြန်တတ်ကြောင်း၊ ထို့ကြောင့် ဓာတ်ကြီးလေးပါးညီညွတ်မျှတစေရန်အတွက် ဆေးဝါးဓာတ်စာအဖြစ် ကောက်သစ်ပေါ်ချိန်မှာ ထမနဲကိုစားပေးသင့်ကြောင်း အကြံပြုထားသည်။

လူတချို့က ကောက်ညှင်းစားလျှင် ဝမ်းချုပ်တယ်ဟုဆိုကြသည်။ကောက်ညှင်းစားပြီးနောက် အသည်းမြပ်အောင်ရေသောက်လျှင်ဝမ်းမချုပ်ပါ။ ဆိုလိုသည်မှာကောက်ညှင်းစားပြီးနောက် ရေပိုသောက်ပေးပါ။ ကောက်ညှင်း၏ကစီဓာတ်က သက်ကြီးပိုင်းအရွယ်များနှင့် သက်ငယ်ကလေးများအတွက် ခွန်အားဖြစ်စေသည်။ ထမနဲ၏ သဘောသဘာဝအရ ဆီနိုင်နိုင်ဖြင့်ပြုလုပ်ထားခြင်းဖြစ်၍ ဆီက အူသိမ်၊ အူမနှင့် အစာအိမ်အစာခြေစနစ်ကို ပြေပြစ်ကာ သက်တောင့်သက်သာဖြစ်စေသည်။


အချုပ်အားဖြင့်ဆိုသော် ကောက်ညှင်းဆန်စေးကိုမိုးပြဲဒယ်ကြီးများတွင်ထည့်ကာ ယောင်းမကြီးများဖြင့် ဘတစ်ပြန်ကျားတစ်ပြန် အားစိုက်နှံကြရာရလဒ်အနေဖြင့် အီစက်ဆိမ့်မွှေးသောထမနဲ(နှမ်းမနဲ) ပုပ္ပလေးက စုပေါင်းညီညာအောင်ကြောင်းဖြာသော သရုပ်ကိုဖော်ဆောင်သည်။ ထမနဲထိုးရာတွင် အဖွဲ့များဖွဲ့၍ အပြိုင်အဆိုင်ထိုးကြသည်။ ဖွဲ့နှင့်မာန်အားအပြည့်ဖြင့် ပျော်ပျော်ရွှင်ရွှင်ပြုလုပ်ကြသည့် ပွဲတော်ဖြစ်သဖြင့် တစ်ဦးနှင့် တစ်ဦးချစ်ခင်စိတ်၊ ဘာသာအပေါ် ရှိသေကိုင်းညွှတ်စိတ်ကို ဖြစ်စေသည့် ပွဲတော်တစ်ရပ်ဟုဆိုရမည်ဖြစ်သည်။

နှင်းမှုန်ဝေသီသော ကာလမှာ အရိုးပေါ်အရွက်မဖုံးထမနဲပွဲကျင်းပလေ့ရှိသော ချစ်စရာ့မြန်မာ့ဓလေ့သည် ပျော်စရာလည်းကောင်းလှပါသည်။ သို့ဖြစ်ရာ အစဉ်အလာမပျက်ကျင်းပသည့် တပို့တွဲလထမနဲပွဲသည် ဘာသာတရားအပေါ် ယုံကြည်သက်ဝင်မှုဖွဲ့၊ လုံ့လအားမာန်ကိုတိုးပွားစေပြီး တစ်ဦးနှင့် တစ်ဦး ချစ်ခင်စည်းလုံးမှုကိုဖြစ်ပေါ်စေသည်ဖြစ်ရာ မြန်မာ့ရိုးရာဆယ့်နှစ်လရာသီပွဲတော်များကို အခြေခံ၍ ရိုးရာဓလေ့ပွဲများဆင်နွှဲကျင်းပခြင်းဖြင့် တိုင်းရင်းသားပြည်သူအပေါင်း၏ မျိုးချစ်စိတ်များ ရှင်သန်လာစေမည်ဖြစ်ပါကြောင်းနှင့် ထမနဲသည် အဘွားအို၊ အဘိုးအိုများအတွက် တမြုံ့မြုံ့ စားကောင်းသော ဓာတ်စာလည်းဖြစ်ပေရာ တပို့တွဲလတွင် ရာသီစာထမနဲကို စားသုံးပေးသင့်ပါကြောင်း သတင်းကောင်းပါး တိုက်တွန်းရေးသားလိုက်ရပါသည်။

ဝတ္ထုတိုကဏ္ဍ

# အဖော်မွန်

လင်းယုန်ဖော်



(၁)

တိတ်ဆိတ်နေသော ဆေးရုံဝင်းအတွင်း ပန်ကာဒလက်ဟောင်းကြီး၏ လည်နေသံမှအပ ငြိမ်သက်တိတ်ဆိတ်နေသည်။ တစ်ချက်တစ်ချက် လူနာတချို့၏ ညည်းညူသံများ ချောင်းဟန့်သံများက ထုံးစံအတိုင်း ကြားနေရသည်။

သူဘေးနားကိုငဲ့ကြည့်လိုက်လျှင် ခုတင်စောင်းပေါ်ကိုလက်ကလေးမှေးတင်ပြီး အိပ်ပျော်နေသော ဇနီးဖြစ်သူကို တွေ့လိုက်ရသည်။ သူ့ခမျာလည်း ဆေးရုံစတက်ကတည်းကမနားရရှာပေ။ တစ်နေကုန်တက်လိုက်ဆင်းလိုက် ပြေးလိုက်လွှားလိုက်နှင့် ပင်ပန်းနေရှာသည်။ လူနာစောင့်လည်းမရှိ လူခွဲလည်းမပါ တစ်ယောက်တည်း ပို၍ပင်ပန်းရှာပါသည်။ ထို့ပြင် ဇနီးဖြစ်သူသည် ဘာဘဲလုပ်လုပ် ကိုယ်တိုင်လုပ်ရမှကျေနပ်အားရသူ စိတ်တိုင်းကျသူဖြစ်၍ ဘယ်နေရာ ဖြစ်ဖြစ်သူကိုယ်တိုင်အပင်ပန်းခံတတ်သည်။ သူ စောင်ပါးကလေးကိုဇနီးဖြစ်သူပေါ်သို့ လွှမ်းခြုံပေးလိုက်ပြီး သူလည်းပြန်အိပ်ရန် ကြိုးစားလိုက်သောအခါ နာရီသုံးချက်တီးသံကို ကြားလိုက်ရသည်။

(၂)

"နည်းနည်းနောက်ကျသွားရင် ခင်ဗျားဘဝက တစ်မျိုးပြောင်းသွားနိုင်တယ်"

ဆရာဝန်ကြီးစကားကြောင့် သူ၏ဇနီးဖြစ်သူကို ကျေးဇူးတင်မိသည်။ သူ မတက်ဘူးဟု အကြိမ်ကြိမ်ငြင်းနေသည်ကို မရမကပြောကာ ဆေးရုံတက်ဖြစ်အောင် စည်းရုံးနိုင်ခဲ့ခြင်း ဖြစ်သည်။

သူအကြောက်ဆုံးမှာလည်း ဆေးရုံတက်ရခြင်းပင်ဖြစ်သည်။ မပြည့်စုံသောဘဝမှာ ဆေးရုံတက်လျှင်စိတ်ညစ်ရမည်ဟု တွေးထင်ထားသူဖြစ်သည်။

ယခုတော့ သူတွေးထင်ထားသည့်အတိုင်းမဟုတ်ပါ။ ဆရာဝန်ကြီးများ၏စေတနာနှင့် ပညာများကြောင့် သူဘာရောဂါဖြစ်နေသည် ဘာဆေးတွေလိုအပ်သည်ကိုချက်ချင်းသိခဲ့ရပြီး အလျင်အမြန်ကုသမှုကြောင့် သူသက်သာလာရခြင်းဖြစ်သည်။

တကယ်တမ်း ဆေးစစ်ချက် ထွက်လာသည့်အခါ ရောဂါတွေက တစ်မျိုးတည်းမဟုတ်ဆက်စပ်ပြီး တစ်ခုပြီးတစ်ခုပေါ်လာသည်။ နှလုံး၊ ဆီးချို၊ ကျောက်ကပ် အစုံပင်။ တော်တန်ရုံ ဆေးရုံဆေးခန်းမသွားရသောသူသည် ယခုအသက် ငါးဆယ်နားကပ်မှ ပေတေခဲ့သမျှ စုဖြစ်လေသည်ဟုပင်ထင်မိသည်။ ဖြစ်တော့လည်း အသည်းအသန်နောက်ကျသွားလျှင်တောင် အသက်အန္တရာယ်စိုးရိမ်ရသည်ထိ ဖြစ်သွားနိုင်သည်။

(၃)

လူတစ်ကိုယ်လုံး ကိုက်ခဲနေသည်။ ဆီးချို စစ်သည့်အခါ ဆီးချိုအလွန်တတ်နေသည်ဖြစ်၍ အင်ဆူလင်ပင် ထိုးထားရသည်။ ဆီးချိုကို ဆရာဝန်က တစ်နေ့လေးကြိမ်စစ်ခိုင်းထားပြီး လိုအပ်ပါက ဆေးထိုးရသည်ထိ ဖြစ်နေသည်။

နှလုံးနှင့် အဆုပ်လည်း အောင့်နေသဖြင့် အသက်ကို မနည်းရှူနေရသည်။ မောလိုက်သည်ဖြစ်ခြင်း ပေတေခဲ့သမျှ စုခံနေရသည်ဟု တွေးထင်မြင်မိသည်။

ဇနီးဖြစ်သူလည်း မျက်နှာမကောင်း စိုးရိမ်စိတ်တို့ကြီးစိုးနေလေသည်။ အခြေအနေကို အကဲခတ်နေပြီး တစ်ချက်ကလေးမှ မနားရရှာပေ။

ဆေးရုံကို စိုးရိမ်တကြီးနှင့် ရောက်လာပြီး လူနာမေးကြသူများကိုလည်း သူစကားကောင်းကောင်း မပြောနိုင်။ စကားတစ်ခွန်းပြောပြီးတိုင်းမောမောနေ၍ ဇနီးဖြစ်သူပဲ ဒိုင်ခံပြောပေးနေရှာသည်။

သူငယ်ချင်းများ ဆွေမျိုးမိတ်ဆွေများလည်း တစ်ဖွဲ့ဖွဲ့ရောက်လာကြပြီး အားပေးကြပါသည်။ တစ်ခါမှမဖြစ်ဘူးဘဲ ဖြစ်တော့လည်း ရောဂါတစ်ခုပြီးတစ်ခုကြောင့် အံ့ဩနေကြသည်။

အထူးသဖြင့် နှလုံးသွေးကြောကျဉ်းရောဂါဆိုသောကြောင့်ပိုအံ့ဩနေကြသည်။ဆေးလိပ်မသောက်တတ်သော သူ့ကို ဆရာဝန်ကပင် ဆေးလိပ်သောက်တတ်သလားဟုမေးမြန်းရသည်ထိ ဖြစ်ခဲ့ရသည်။ သူဆေးလိပ်မသောက်တတ်ပါ။ သို့သော်လည်း ရောဂါက ဆေးလိပ်သောက်တတ်သူများ၏ ရောဂါမျိုးဖြစ်နေသည်။ သူဆေးလိပ်မသောက်တတ်သော်လည်း ယခင်ကစားသောက်ဆိုင်တွင် လုပ်စဉ်က သူများသောက်သော ဆေးလိပ်ငွေ့များကို ရှူရှိုက်ခဲ့ရသော ဒဏ်ဖြစ်မည်ဟု တွေးထင်မိသည်။ ပြီးတော့လည်း ဘယ်သူမပြုမိမိမှုပင် အရက်ဘီယာများကို အလွန်အကျွံသောက်ခဲ့သော ဒဏ်လည်းဖြစ်နိုင်သည်လေ။ ဘာဘဲဖြစ်ဖြစ် ယခုတော့လည်း ဖြစ်လာသည့်ဒဏ် ခံရုံသာရှိတော့သည်။

(၄)

ပြင်းထန်သောဆေးဝါးဒဏ်ကြောင့် သူပါးစပ်တွေခါးလာပြီး အစာကို စားချင်စိတ်မရှိတော့။ ဇနီးဖြစ်သူမှာ ဝင်သလောက်စားစေချင်သည့် စိတ်ဖြင့် သူကြိုက်သည့်အစားအစာများကို ဝယ်ခြမ်းပေးရှာပါသည်။ သို့သော် အစားက ထင်သလောက်မဝင် စားချင်စိတ်တို့က ပျောက်ဆုံးနေ၏။ သူစိတ်ဓာတ်တို့ပင် ကျချင်လာသည်။ တစ်ကိုယ်လုံးလည်း ကိုင်ရိုက်ထားသည့်နှယ် နာကျင်ခံစားနေရသည်။ ကိုက်ခဲနေသော ခြေဆစ်လက်ဆစ်တို့ကို ဇနီးဖြစ်သူက မနားတမ်း နှိပ်နယ်ပေးနေသည့်အတွက် တော်သေးသည်။

"အစ်ကို အစာကိုဝင်အောင်မစားရင် အစာပိုက်ထည့်ရလိမ့်မယ်နော်"

သူအကြောက်ဆုံးအရာဖြင့် ခြိမ်းခြောက်စကားဆိုလာသဖြင့် သူမနေနိုင် အစာကိုဖျစ်ညှစ်ပြီး စားရတော့သည်။ အစာလေးဝင်လာ၍ ဆေးဒဏ်ခံနိုင်ရည်ရှိလာသည်။

နာကျင်ခံခက်သောဝေဒနာကိုသည် နှိပ်စက်ပြုမှုနေသော်လည်း ဇနီးဖြစ်သူ၏ ပြုစုစောင့်ရှောက်မှုအောက်တွင် တဖြည်းဖြည်း သက်သာလာစပြုလာသည်။

အရှင်းမပျောက်သေးသော်လည်း သက်သာလာသဖြင့်ဆရာဝန်က နောက်နေ့ဆေးရုံမှ ဆင်းခွင့်ပြုလာသဖြင့် သူ ပျော်ခဲ့ရပြန်သည်။ မပျော်ခံနိုင်ရိုးလား ဆေးရုံမှာက မြင်ရတွေ့ရသည်များမှာ စိတ်မချမ်းသာစရာများပင်ဖြစ်သည်။ အများစုမှာ ဝေဒနာသည်တွေဖြစ်သည့်အလျောက် နာကျင်သံများ ညည်းသံများနှင့် အဆင်မပြေမှုများစွာကို မမြင်ချင်မှအဆုံး မြင်တွေ့နေရသည်။ ဆေးရုံတက်သည်နှင့်လည်း လူနာသည် အဆင်းနှစ်မျိုးနှင့် ရင်ဆိုင်ရပေမည်ဖြစ်သည်။ အသေဆင်းခြင်းနှင့် ကျန်းမာ ပျော်ရွှင်စွာပြန်ဆင်းခြင်းဟု သူတွေးသိမြင်ထားသည်။ ယခုတော့ သူ မသေဘဲပြန်ဆင်းရတော့မည်ဖြစ်သည်။ အိမ်တွင် ရက်ရှည်နား၍ ကုသမှုခံယူရဦးမည်ဖြစ်သည်။

(၅)

ဘေးခုတင်မှလူနာ ဆင်းသွားပြီး နောက်တစ်ယောက်ထပ်ရောက်လာသည်ကို တွေ့လိုက်ရသည်။ နွမ်းပါးပြီး အဆင်မပြေသည့်ဟန် ပေါက်နေသည်မှာ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ဆေးရုံတက်လာသည်ကိုကြည့်ခြင်းအားဖြင့် သိနိုင်သည်။

သူ့ငယ်ချင်းဖြစ်ဟန်တူသော အဖော်တစ်ယောက်သာ ပါလာရှာသည်။ သူထိုလူကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိနေ၏။

ဆေးဝယ်ခိုင်းထားသောဆရာဝန်က ဆေးဝယ်ပြီးလျှင်လာပြရန် အသံပေးနေသောကြောင့် ထိုလူ၏အဖော်ဖြစ်သူမှာ ခေါင်းကုတ်ဖင်ကုတ်ဖြင့် တစ်နေရာကို ဖုန်းဆက်နေရှာသည်။

နံနက်ကတည်းက ဆေးရုံပေါ်ရောက်နေပြီး ထမင်းစားချိန်ထိ ဘယ်သူမှ ရောက်မလာသေး။

သူ့ခမျာဗိုက်ဆာနေရောပေါ့။ ထမင်းစားဖို့ပင် အဆင်မပြေရှာဘူးထင်ပါရဲ့။သူတို့ဘဝထက်ဆိုးသည့် လူရှိနေပါလားဟု အတွေးဝင်၏။

ဇနီးဖြစ်သူကို လက်ကုတ်ပြီး ထမင်းဟင်းတစ်ပွဲပိုဝယ်ပေးရန်တိုးတိုးတိတ်တိတ်စေခိုင်းပြီး ထိုလူကို သူအလှူသဘောအဖြစ် ထမင်းတစ်နပ်ကျွေးဖြစ်သည်။ ထိုလူမှာလည်း ကျေးဇူးအခါခါတင်နေလေသည်။ တစ်နိုင်ကုသိုလ်ဟု တွေးမြင်ပြီး ကိုယ့်ထက်ဆိုးသောဘဝများကိုကြည့်ကာအနားမှာ မညည်းမညူ လုပ်ကိုင်ပေးနေသော ဇနီးဖြစ်သူကို ကျေးဇူးတင်မိသည်မှာအကြိမ်ကြိမ်။

(၆)

အထုပ်အပိုးများပြင်နေသည့် ဇနီးသည်လက်လေးကလေးကို သူသတိပြုကြည့်မိလိုက်သောအခါ လက်စွပ်ကလေး မရှိတော့။

သူကြောင့် ဇနီးဖြစ်သူ၏ လက်စွပ်ကလေးပေါင်ထားခြင်းဖြစ်မည်ဟု စိတ်မကောင်းဖြစ်မိသည်။

ဒါကိုရိပ်မိဟန်တူသောဇနီးဖြစ်သူက–

"စိတ်မကောင်းမဖြစ်ပါနဲ့အကိုရယ် ရှိတန်ဆာမရှိဝမ်းစာပေါ့။ ပြန်ရှာလို့ရပါတယ်။ ကျန်းမာရေးသာအရေးကြီးဆုံးပါ။ ကိုယ့်ကိုယ်ကိုယ်သာ ဂရုစိုက်ပါနော်။ အခု ကျန်းကျန်းမာမာနဲ့ ဆေးရုံပြန်ဆင်းရတာပဲဝမ်းသာနေမိတယ် အစ်ကိုရယ်"

သူဇနီးဖြစ်သူကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ခြင်းများစွာဖြင့် စိုက်ကြည့်နေမိတော့သည်။

တကယ်တမ်း သည်အရွယ်မှာ တဏှာရာဂထက် မေတ္တာတရား၊ စေတနာတရားများနှင့် ဘဝခရီးကို ရှေ့ဆက်ကြရမည့်အချိန်ပင်ဖြစ်သည်။

လောကကြီးမှာ အရေးအကြောင်းကြုံလာလျှင် အနားမှာတစ်ဖဝါးမှမခွာဘဲနှင့် မရှိအတူ၊ ရှိအတူ လောကဓံကို ခံနိုင်ရည်ရှိပြီး ဆေးပေးမီးယူ အဖော်မွန်ကောင်းတစ်ယောက်သည် အလွန်အရေးပါကြောင်းကို သူကောင်းကောင်း သိနားလည်ခွင့်ရခဲ့ရလေသည်။

တကယ်တမ်း အဖော်မွန်ကောင်းတစ်ယောက်ကို ငွေဖြင့်ပေးဝယ်၍မရ၊ အတင်းတောင်းယူ၍လည်း မရနိုင်ပါ။ ကံကံ၏အကျိုး။ သူ့စေတနာ ကိုယ့်စေတနာ ရောင်ပြန်ဟပ်ခြင်းတစ်မျိုးဟု သူတွေးထင်မြင်မိသည်။

အပြန်ခရီးတွင် ကားပေါ်မှာမှေးစက်လျက် ဘုရားပေးသည့်အဖော်မွန်လေး၏ လက်ကလေးကို ဆုပ်ကိုင်လိုက်ကာ မနက်ဖြန်ပေါင်းများစွာကို လှမ်းမျှော်ငေးနေမိတော့သည်။

# ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကျွန်းလှ ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် ဖူးစားပြောင်း ၁၃၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ဖူးစားပြောင်း ၁၃၃၇ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၃၃၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကျေပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်။ ဖူးစားပြောင်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ဖူးစားပြောင်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ဆက်လက် ပြောပြ၍ သိရသည်။

(၂၀၆)

# မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း သွေးခုံးပိဿာချိန် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့

မြောင်းမြ ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း သွေးခုံးပိဿာချိန် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြောင်းမြမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြသည်။

မြောင်းမြမြို့နယ်မှ ဒေသထွက်ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း သွေးခုံး ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း သွေးခုံးပိဿာချိန် ၇၅၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါတင်ပို့ရောင်းချခဲ့သည့်သွေးခုံး၁၀ ပိဿာလျှင် ငွေကျပ် ၁၄၅၀၀၀ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

သွေးခုံးတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့မှုကောင်းခဲ့ပါတယ်။ ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ ရောင်းချခဲ့တာပါ။ ပြည်တွင်းမှာကို သွေးခုံးအမျိုးအစားတွေက ဝယ်ယူမှုများနေပါတယ်။ ဒီဇင်ဘာလမှာ သွေးခုံး ပိဿာချိန် ၅၅၀၀၀ ထိ သာ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ဇန်နဝါရီလမှာတော့ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိမှာလဲ သွေးခုံးတွေ အပါအဝင် ဒေသထွက်



ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်"ဟု မြောင်းမြမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန် သွေးခုံးများ တင်ပို့ရောင်းချနိုင်သည့်အတွက် ရေလုပ်သားများ၊ ကုန်တင်၊ ကုန်ချလုပ်သားများ၊ အရောင်းအဝယ် လုပ်ကိုင်သူများ အဆင်ပြေလျက် ရှိကြောင်း၊ အဆိုပါဒေသမှ ရန်ကုန်ဈေးကွက်သို့ သွေးခုံးများ အပါအဝင် အခြား ရေထွက်ကုန်နှင့်လယ်ယာထွက်ကုန်များလည်း တင်ပို့ရောင်းချလျက်ရှိကြောင်း ၎င်းက ဆက်လက် ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# အင်္ဂပူမြို့နယ် အုန်းကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

အင်္ဂပူ ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း (မူလ)ခွင့်ပြုရန်ပုံငွေဖြင့် အုန်းကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်း စစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာများက အုန်းကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီမှတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အင်္ဂပူမြို့နယ် အုန်းကုန်းကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် လမ်းအရှည်တစ်မိုင် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းနှင့် အရှည် ပေ၂၀၊ အကျယ်၁၄ပေ၊ အမြင့်ရှစ်ပေစီရှိ ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းကို ငွေလုံးငွေရင်း (မူလ) ခွင့်ပြုရန်ပုံငွေကျပ် ၂၈၁ ဒသမ ၇၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဆုဖြိုးရဲကုမ္ပဏီက အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်သင်းသင်းနိုင်က ပြောပြ၍ သိရသည်။

သံသာ

## တပို့တွဲလ

- လပြည့်စန်းယှဉ်နက္ခတ်က<br>ထူးမပြတ် မာဃမည်၊<br>ကြယ်သေးများရဲ့ လေးငါးလုံးစုတို့<br>ထွန်းလင်းပြသည်၊<br>ညဥ့်သုံးယံကား ဆက်ကာတည်<br>အလှကိုယ်စီနဲ့ ပုံဖော်သွန်း၊<br>အိုးထိန်းသည် ယောက်ျားဟု<br>မှတ်သား ဆိုညွှန်း။
- ချိန်တာရာ အတွင်းကျလို့<br>မာဃနှင့် ပြဗ္ဗာဖလဂုဏီ၊<br>ဥတ္တရဖလဂုဏီ တွဲသည်စု<br>သုံးထွေ ပြသည်၊<br>ခြောက်ပါး ရတုကား တစ်နှစ်တည်<br>ကျရောက်ညီ သိသိရ၊<br>ထက်ခေါင်ယံ လုပလွန်းပေလို့<br>ညွှန်း စာဆိုကြ။
- အခါတည် တပို့တွဲလမှာဖြင့်<br>ဖူးပွင့်ကြ ပေါက်လဲတွေ၊<br>နီဝါစွေ ပေါက်အပွင့်က<br>နွေလင့်ကာနေ၊<br>လဲသည်က တည်နှစ်ထွေ<br>နီရဲပွင့်ပေ လက်ပံဖြစ်ထား၊<br>သဘော်လက်ပံခေါ် "လဲ" စစ်သေးကွဲ့<br>ဖြူဖွေး မို့သား။
- လူတို့သည် ကုသိုလ်ပြုတာက<br>ဆင်နွှဲမှု အလီလီပါ၊<br>ရှေးအခေါ် ယာဂုပွဲဟု<br>ဆင်နွှဲ ကြတာ၊<br>ထမင်းနဲ့သို့ ပြောင်းကာလာ<br>ထိုမှတစ်ခါ ထမနဲဖြစ်၊<br>စည်းလုံးခြင်း ပြရာဆိုပါတယ်<br>အအေးပိုတာကို နွေးစေခြင်းနဲ့<br>ပူဇော် အချင်းလှစ်။
- ထူးခြားသည် နောက်တစ်ခုက<br>ရှေးမူပြု မီးဖုန်းသဘင်၊<br>ချမ်းအေး လွန်စုံများသေးလို့<br>ပူနွေးစေချင်၊<br>ဘုရားနှင့် ကျောင်းကန်အပြင်<br>မြတ်နေရာဆင် ကျင်းပကြ၊<br>အပူဓာတ်ပေး အလှူတော်ကွယ်<br>မြတ်သည်ဖော် ကုသိုလ်တရားကိုဖြင့်<br>အလိုများ ပြုကြ<br>တပို့တွဲလ။ ။

မောင်အောင်ဝေ(ညောင်ခြေထောက်)

# မဟာဘာရတ

ကိုဇော်ဌေး(ယဉ်ကျေးမှု)

ရှေးခေတ်အိန္ဒိယစာပေတွင် မဟာဘာရတ နှင့် ရာမယဏမည်သော လင်္ကာရှည်ကြီးနှစ်စောင်သည် ထင်ရှားကျော်ကြားလေသည်။ အိန္ဒိယစာပေပညာရှင်တို့က မဟာဘာရတလင်္ကာကြီးကို ဗျာသရှင်ရသေ့ စီရင်သည်ဟုပြဆိုကြသည်။ ဗျာသဟူသည် ပိုင်းခြားစီရင်ခြင်းကိုပေးသည်ဖြစ်၍ လင်္ကာဆရာ၏အမည်သည် ဗျာသမဟုတ်၊ စာဆိုအများကစီစဉ်ပေးခြင်း အဓိပ္ပာယ်သာဖြစ်သည်ဟုလည်းဆိုကြသည်။ မဟာဘာရတလင်္ကာကြီးကို အထွေထွေအထူးထူးသော ပုဂ္ဂိုလ်တို့က ခေတ်အမျိုးမျိုး၌ စီရင်ကြသည်ဟု ယူဆကြသည်။

လင်္ကာကြီးသည် ဘီစီ ၄၀၀ ခန့်မှစ၍ ပေါ်ပေါက်ခဲ့ပြီး စာဆိုရှင်ရသေ့အဆက်ဆက်သည် အေဒီ၂၀၀ ခန့်ထိ အမျိုးမျိုးပြုပြင်စီရင်ကြသည်။ တချို့က ဘီစီ ၄၀၀ နှင့် အေဒီ ၄၀၀ ခန့် အတွင်းဟူ၍ ခန့်မှန်းကြလေသည်။ ဂရိတို့၏ ဣလျဒ်( Iliad) လင်္ကာကြီးနှင့်တူသည်ဟုလည်းဆိုကြသည်။ ဣလျဒ်တွင်ကဗျာဆရာဟုမ္မား (Homer)သည် မိန်းမလှတစ်ဦးကိုအကြောင်းပြု၍ နတ်နှင့်လူတို့ စစ်ခင်းကြပုံကိုဖွဲ့ဆိုပြသည်။ ဟုမ္မားစီရင်သော အခြားလင်္ကာကြီးမှာ ဩဒဿေ (Odyssey) ဖြစ်သည်။ ထိုလင်္ကာတွင် ကမ္ဘာအရပ်ရပ်သို့ ခရီးလှည့်လည်သော သူရဲကောင်းယောကျ်ားမြတ်၏ စွမ်းပကားကိုဖွဲ့ဆိုသည်။ ထိုယောကျ်ားမြတ်၏ ဇနီးက မိမိခင်ပွန်းအပေါ်သစ္စာရှိခြင်းကိုလည်း ချီးကျူးသည်။ အနောက်တိုင်းစာပေပညာရှင်တို့က ရာမယဏကို ဩဒဿေနှင့်ခိုင်းနှိုင်းကြသည်။

မဟာဘာရတသည် ဘရတမင်း၏ အနွယ်များဖြစ်ကြသော ပဏ္ဍဝမင်းသားတို့နှင့် ကောရဗျမင်းသားတို့ တစ်ဖက်နှင့်တစ်ဖက် ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်ကြသည့် စစ်ပွဲကြီးအကြောင်းကို သက္ကတဘာသာဖြင့် ပြဆိုရာလင်္ကာရှည်ကြီးဖြစ်သည်။ သက္ကတစာပေတွင် လင်္ကာရှည်ကြီးကို ဣတိဟာသ၊ အက္ခာန သို့မဟုတ် ပုရာဏဟူသောအမည်တို့ဖြင့်ရှိသည့် လင်္ကာစုများနှင့် ကာဗျဟူသောအမည်ဖြင့်ရှိသည့် လင်္ကာစုများဟူ၍ နှစ်မျိုးနှစ်စားပိုင်းခြားနိုင်လေရာ မဟာဘာရတသည် ပထမအမျိုးအစားတွင် ပါဝင်လေသည်။ ဇာတ်ကြီးဆယ်ဘွဲ့၊ ငါးရာ့ငါးဆယ်နိပါတ် စသော ကျမ်းဂန်အစုနှင့် မဟာဘာရတလင်္ကာရှည်ကြီးတို့ကို အိန္ဒိယစာပေသမိုင်းတွင် ဣတိဟာသဟုပြဆိုသည်။ အဓိပ္ပာယ်မှာ ဤသို့ဆို၏ ဖြစ်သည်။ အကြောင်းချင်းတတို့ကို ဤသို့ ဤသို့ ဖြစ်သတည်းဟု ပြန်ပြောင်းပြောဆိုခြင်းပင်ဖြစ်သည်။ ယနေ့ခေတ်စကားအရမူ ဝတ္ထုကြောင်းအဖွဲ့အနွဲ့ဟုဆိုနိုင်သည်။ မဟာဘာရတနှင့် ရာမယဏခေတ်ကို ကာဗျခေတ်ဟုပင် သိမ်းကျုံး၍ဆိုကြသည်။

မဟာဘာရတထွန်းကားရာအရပ်သည် အိန္ဒိယနိုင်ငံအနောက်မြောက်ပိုင်းဖြစ်သည်။ မဟာဘာရတတွင် အသုံးပြုသောမတြာမှာ ရှေးဟောင်းသက္ကတလင်္ကာတို့တွင်အသုံးပြုလေ့ရှိသည့် သိလောကမတြာမျိုးပင်ဖြစ်သည်။ သို့သော် ဥပဇာတိနှင့် ဝံသဋ္ဌမတြာမျိုးဖြင့်ရှိသည့် ပေါရာဏပဒများသာမက ရှေးက စကားပြေဖြင့်ရှိခဲ့သည့် ပုံဝတ္ထုများလည်းပါဝင်လေသည်။ အဓိကအားဖြင့် မဟာဘာရတသည် ဇာတ်ကြောင်းနှင့် အဆိုအမိန့်များ တွဲဖက်လျက်ရှိနေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မဟာဘာရတသည် တသွင်သွင်တည်း စီကာစဉ်ကာဖော်ပြရာမရောက်ဘဲ လင်္ကာပုံဝတ္ထုများကို စုပေါင်းထားသည်သို့ ရှိနေလေသည်။ ထိုလင်္ကာစု၊ ပုံဝတ္ထုတို့ တစ်ခုနှင့် တစ်ခု ဆက်စပ်မှုရှိနေခြင်းကြောင့် မဟာဘာရတသည် လင်္ကာရှည်တစ်စောင်တစ်ဖွဲ့အနေဖြင့် စည်းစည်းလုံးလုံး တည်ရှိနေခြင်းဖြစ်လေသည်။ ဇာတ်ကြောင်းမှာ လင်္ကာတစ်စောင်လုံး၏ ငါးပုံတစ်ပုံခန့်ရှိ၍ ဩဝါဒကထာများနှင့် ရောပြွမ်းကြီးထွားလာခဲ့ခြင်းဖြစ်သောကြောင့် လက်ရှိအသွင်တွင် မဟာဘာရတသည် ဇာတ်ကြောင်းဖော်ပြရာ လင်္ကာရှည်နှင့်မတူဘဲ နီတိကျမ်း၊ ဒဿနကျမ်းနှင့်သာ တူနေတော့သည်ဟု ပညာရှင် မက္ကဒေါနယ်က ဆိုလေသည်။

လက်ရှိအသွင်အားဖြင့် မဟာဘာရတသည် သိလောကပေါင်း တစ်သိန်းကျော်မျှပါဝင်လေရာ ဣလျဒ်နှင့် ဩဒဿေဂရိလင်္ကာရှည်နှစ်ရပ်ပေါင်းထက်ပင် ရှစ်ဆမျှရှည်လျားလေသည်။ ကမ္ဘာ့စာပေသမိုင်းတွင် အရှည်လျားဆုံးဟုလည်းဆိုကြသည်။ ဤဇာတ်လင်္ကာကြီးကို အတွဲအားဖြင့် ၁၈တွဲခွဲထားသည်။ ၁၉ခုမြောက်အတွဲသည် ဟရိဝံသခေါ် နောက်ဆက်တွဲမျှသာဖြစ်သည်။ တစ်တွဲနှင့် တစ်တွဲလည်း ပမာဏချင်းမတူခြားနားကြသည်။ အရှည်ဆုံးဖြစ်သည့် ဒွါဒသမအတွဲတွင် သိလောကပေါင်း ၁၄၀၀၀ ခု ပါဝင်၍ အတိုဆုံးဖြစ်သည့် သတ္တမတွဲတွင် သိလောကပေါင်း ၃၁၂ခု သာပါဝင်လေသည်။

**❖ မဟာဘာရတသည် ဇာတ်လမ်းအနေဖြင့် တစ်ရံရောအခါက အိန္ဒိယနိုင်ငံတွင် တိုင်းကြီးနှစ်တိုင်း၊ လူမျိုးကြီးနှစ်မျိုးတို့ အပြိုင်အဆိုင်စစ်ဗျူဟာခင်းကြသော တကယ့်ဖြစ်ရပ်တချို့ကို အရင်းခံပြု၍ဖွဲ့ဆိုထားသော လင်္ကာဖြစ်သည်ဟုယူဆကြသည်။ အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းအယူဝါဒအတွေးအခေါ်များအပြင် ပထဝီဝင်နှင့် သမိုင်းကြောင်းဆိုင်ရာအရေးပါသော အချက်အလက်များကိုပါ သိုမှီးထားရာရတနာသိုက်သဖွယ်ဖြစ်သည်။ ရှေးပဝေသဏီက အိန္ဒိယနိုင်ငံတွင် နေထိုင်ခဲ့ကြသည့်သူတို့၏ နိုင်ငံရေးသဘောတရားနှင့် လူနေမှုစနစ်များကို မဟာဘာရတတွင် တွေ့ရသည်။ ❖**

ထို၁၈တွဲတွင်လည်း အဋ္ဌမတွဲနှင့် နောက်ဆုံးသုံးတွဲမှအပ ကျန်အတွဲအားလုံးကို တစ်တွဲလျှင် အက္ခာနခေါ် အခန်းများ ထပ်မံပိုင်းခြားထားပြန်သည်။

မဟာဘာရတဇာတ်လမ်းအကျဉ်းမှာ ကုရုခေတ္တတိုင်း ဟတ္ထိနာပုရပြည်၌ ဓတရဋ္ဌနှင့် ပဏ္ဍုမည်သော ညီနောင်နှစ်ပါးရှိသည်။ နောင်တော်ဓတရဋ္ဌသည် မျက်စိနှစ်ကွင်းအလင်းမရသောကြောင့် ညီတော်ပဏ္ဍုမင်းက ထီးနန်းဆက်ခံသည်။ ညီတော်ပဏ္ဍုမင်း၌ ယုဓိဋ္ဌိလ၊ ဘီသမနှင့်အဇ္ဇုနဟူသည့် ထင်ရှားသော သားတော်သုံးပါးအပါအဝင် ပဏ္ဍဝမျိုးနွယ်သားတော် ငါးပါးထွန်းကားခဲ့သည်။ နောင်တော်ဓတရဋ္ဌတွင် ကောရဗျခေါ် သားတော်တစ်ရာထွန်းကားရာ အထင်ရှားဆုံးကား ဒုယောဓနဖြစ်သည်။ ပဏ္ဍုမင်းနတ်ရွာစံသောအခါ ဓတရဋ္ဌက ထီးနန်းကိုပြန်လည်သိမ်းပိုက်၍ တူတော်ပဏ္ဍဝမင်းသားငါးပါးကို မိမိ၏သားတော်များနှင့်အတူထား၍ ပြုစုမွေးမြူသည်။

တူတော်များအရွယ်ရောက်သော် သားတော်တို့နှင့်မတူဘဲ တစ်မူထူးခြားစွာ စွမ်းပကားနှင့်ပြည့်စုံသဖြင့် တူတော်အကြီးဆုံးဖြစ်သည့် ယုဓိဋ္ဌိလကို အိမ်ရှေ့အရာခန့်အပ်သည်။ ဤသို့ခန့်အပ်သည်ကို ကောရဗျမင်းသားတို့မကျေနပ်၍ လျှို့ဝှက်ကြံစည်လေရာ ပဏ္ဍဝမင်းသားတို့ ပဉ္စာလတိုင်းသို့ထွက်ပြေးကြရလေသည်။ အဇ္ဇုနမင်းသားသည် ပဉ္စာလမင်း၏ လေးတင်ပွဲတွင် အောင်ပန်းဆွတ်လှမ်းကာ ပဉ္စာလမင်း၏ သမီးတော်ဒေါပဒီကိုရလေသည်။ သို့သော် ဒေါပဒီမင်းသမီးသည် ပဏ္ဍဝမင်းသားငါးဦးလုံး၏ ကြင်ရာဖြစ်ရလေသည်။ ထိုလေးတင်ပွဲတွင် ပဏ္ဍဝမင်းသားတို့နှင့် မိတ်ဆွေရင်းချာဖြစ်လာသူကား ယာဒဝမျိုးမှ လူစွမ်းကောင်းကြီး ကဏှာဖြစ်သည်။

တူတော်မင်းသားတို့ ဤသို့ ပဉ္စာလ၊ ယာဒဝတို့နှင့် မိတ်ဆွေဖြစ်၍ အင်အားကောင်းလာသဖြင့် ဓတရဋ္ဌသည် တိုင်းပြည်ကိုနှစ်ပိုင်းခွဲကာ သားတော်များနှင့် တူတော်များကို တစ်ပိုင်းစီပေးအပ်လေသည်။ သားတော်တို့က ဟတ္ထိနာပုရမြို့တော်ကိုပါရရှိ၍ တူတော်တို့ကမူ မိမိတို့ရရှိသည့်မြို့နယ်အတွင်း ဣန္ဒပတ္တမြို့တော်ကို တည်ထောင်လေသည်။

ပဏ္ဍဝမင်းသားတို့သည် မိမိတို့တိုင်းပြည်ကို ကောင်းစွာအုပ်ချုပ်လေရာ တိုင်းပြည်မှာ စည်ပင်ဝပြောလာလေသည်။ ဤသို့ စည်ပင်ဝပြောလာသည်ကို ကောရဗျမင်းသားတို့၏နောင်တော်ကြီး ဒုယောဓနသည် မရှုဆိတ်ဖြစ်ကာ သကုနိမည်သောကစားသမားကျော်တစ်ဦး၏အကူအညီဖြင့် ပဏ္ဍဝမင်းတို့၏ ပျက်စီးကြောင်းကိုကြံစည်လေသည်။ ဒုယောဓနမင်းသားသည် ပဏ္ဍဝမင်းသားတို့ကို ဟတ္ထိနာပုရမြို့တော်သို့ဥပါယ်တံမျဉ်ဖြင့်ဖိတ်ကြားကာ ကြွေအန်ကစားပွဲကျင်းပလေသည်။ ထိုကစားပွဲတွင် ယုဓိဋ္ဌိလသည် ဒုယောဓနနှင့်ကစားလေသော် တစ်စတစ်စနှင့် ရှုံး၍ မိမိ၏တိုင်းပြည်၊ ဗိုလ်ပါစစ်တပ်၊ ညီတော်များနှင့်တကွ ဒေါပဒီကိုပါဆုံးရှုံးလေတော့သည်။ နောက်ဆုံးတွင် ဒေါပဒီနှင့်အတူ ညီနောင်ငါးပါးသည် သရဿတီမြစ်ကမ်းပါးရှိ ကမ္မတောသို့ထွက်ခွာ၍ ၁၂နှစ်ပတ်လုံးတောတွင်း၌နေထိုင်ကြရသည်။ တောတွင်း၌ တစ်နှစ်တာမျှ မထင်မရှားနေထိုင်ပြီးချိန်တွင် တိုင်းပြည်ပြန်ပေးမည်ဟု ဒုယောဓနက ကတိပြုလေသည်။ ၁၃နှစ်မြောက်သောအခါ ပဏ္ဍဝမင်းသားတို့သည် ကမ္မတောမှထွက်ခွာခဲ့ကြပြီးနောက် မစ္ဆပြည့်ရှင် ဝိရာဋမင်းထံ မထင်မရှားခစားကြလေသည်။ ထိုအချိန်တွင် ကောရဗျမင်းသည် အခြားဘုရင်တစ်ပါးနှင့် မဟာမိတ်ဖွဲ့ကာ မစ္ဆတိုင်းကိုဝင်ရောက်တိုက်ခိုက်လေသော် ပဏ္ဍဝမင်းသားတို့သည် ရန်သူတို့ကိုခုခံတွန်းလှန်ပြီးနောက် ဝိရာဋမင်းကိုကယ်တင်လိုက်လေသည်။ ထို့နောက် မိမိတို့၏ဇာတိမှန်ကို ဖော်ထုတ်ကာ ဝိရာဋမင်းနှင့် မဟာမိတ်ဖွဲ့လေသည်။ ကောရဗျမင်းသားတို့ထံမှလည်း မိမိတို့တိုင်းပြည်ကို ပြန်လည်တောင်းဆိုရာ အကြောင်းမပြန်သဖြင့် စစ်တိုက်ရန်ပြင်ဆင်လေတော့သည်။ မကြာမီဝမ်းကွဲညီနောင်များအချင်းချင်း စစ်ပွဲကြီးဆင်နွှဲကြသည်။ အချို့မင်းတို့က ကောရဗျမင်းသားတို့ဘက်မှဝင်ရောက်ကူညီ၍ အချို့ကမူ ပဏ္ဍဝမင်းသားတို့ဘက်မှ ဝင်ရောက်ကူညီကြသည်။ ပဏ္ဍဝတို့ဘက်မှ ကူညီကြသူများတွင် အထင်ရှားဆုံးမှာ ကဏှာပင်ဖြစ်သည်။ မိမိတို့၏ ညီနောင်တစ်ဝမ်းကွဲတို့ကို မငဲ့မကွက် ရက်စက်စွာ သတ်ဖြတ်တိုက်ခိုက်ရန် ကဏှာက အားပေးလှုံ့ဆော်ချက်မှာ ဘဂဝဒ်ဂီတဟူသောအမည်ဖြင့် ဤအခန်းတွင် သီးသန့်ပါရှိသည်။ စစ်ပွဲကြီးကား ၁၈ရက်တိုင်ကြာမြင့်၍ အပြီးသတ်တွင် ကောရဗျမင်းသားတို့ပျက်စီးဆုံးရှုံးရသည်။ ထိုတွင် ဘုရင်အိုကြီးဖြစ်သူ ဦးရီးတော်ဓတရဋ္ဌသည် တူတော်တို့နှင့်ညှိနှိုင်းကာ ဟတ္ထိနာပုရပြည့်ရှင်အဖြစ် ယုဓိဋ္ဌိလကို တင်မြှောက်လေသည်။ ဓတရဋ္ဌလည်း ဟတ္ထိနာပုရမြို့တော်တွင်ပင် ၁၅ နှစ်တာမျှနေထိုင်ပြီးနောက် မိဖုရားနှင့်အတူ တောထွက်လျှင် တောမီးလောင်၍ အနိစ္စရောက်လေသည်။ ယာဒဝမျိုးတို့လည်း အချင်းချင်းပဋိပက္ခဖြစ်၍ တစ်မျိုးလုံးပျက်စီးပြီးနောက် ကဏှာလည်းဝမ်းနည်းပက်လက်ဖြင့် တောသို့သွားစဉ် မုဆိုးတစ်ယောက်၏လက်ချက်ဖြင့် အသက်ပျောက်လေသည်။ ပဏ္ဍဝမင်းသားများကိုယ်တိုင်လည်း ဘဝကိုငြီးငွေ့ကာ အဇ္ဇုနမင်းသား၏ မြေးတော်ပရိက္ခိတအား တိုင်းပြည်ကိုအပ်နှံ၍ မေရုတောင်သို့ဦးတည်ကြွလှမ်းကြစဉ်မှာပင် မိမိတို့၏ကြင်ရာတော်နှင့်အတူ နတ်ရွာစံကြသည်။

ဤသည်မှာ မဟာဘာရတဇာတ်လမ်းစဉ်ပင်ဖြစ်သည်။ နောက်ဆက်တွဲဟရိဝံသသည် ကဏှာအကြောင်းကိုသာပြဆိုလေသည်။ ကဏှာသည် ညီနောင်ဝမ်းကွဲတို့၏စစ်ပွဲတွင် အချင်းချင်းမငဲ့ကွက် ရက်ရက်စက်စက်သတ်ဖြတ်ရန် အားပေးသူပင်ဖြစ်သည်။ သူ့ကိုအိန္ဒိယသမိုင်းတို့၌ အကြိမ်ကြိမ်ဘဝပြောင်းပြီးနောက် ဗိဿနိုး နတ်၏သားတော် ကရစ်သျှနာ ဟုဆိုကြပြန်သည်။ အိန္ဒိယစာပေပညာရှင်တို့က ကရစ်သျှနာသည် အဇ္ဇုနမင်းသားကို ခတ္တိယမင်းမျိုးမှန်သမျှ စစ်တိုက်ရမည်ကိုဝန်မလေးသင့်ကြောင်း၊ စစ်အတွင်းကျဆုံးသည်မှာ ခန္ဓာကိုယ်အတ္တသဘောကြီးကျဆုံးရုံသာဖြစ်ကြောင်း၊ စိတ်ဓာတ်ဝိညာဉ်ကား မည်သည့်အခါမျှပျောက်ပျက်မည်မဟုတ်ကြောင်း၊ မနုဿလူသားတို့သည် မိမိခန္ဓာကိုယ်ကိုမငဲ့ကွက်ဘဲ အကုသိုလ်တရားမှန်သမျှကို တိုက်ဖျက်ကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ဟောပြောညွှန်ကြားသော ပုဂ္ဂိုလ်ဖြစ်သည်ဟု ချီးကျူးရေးသားကြသည်။ ကရစ်သျှနာ၏ လောကအမြင်ကို မဟာဘာရတလင်္ကာထဲ၌ ဥပနိသျှဒ်ကျမ်းလာဒေသနာအဖြစ်လည်းကောင်း၊ ဘဂဝဒ်ဂီတအဖြစ်လည်းကောင်းဖတ်ရှုနိုင်သည်။ ဘဂဝဒ်ဂီတဂါထာများကို အနောက်တိုင်းပညာရှင်တို့က ဟိန္ဒူလူမျိုးတို့၏ သမ္မာကျမ်းစာသစ်ပင်ဖြစ်သည်ဟုဆိုကြသည်။

မဟာဘာရတသည် ဇာတ်လမ်းအနေဖြင့် တစ်ရံရောအခါက အိန္ဒိယနိုင်ငံတွင် တိုင်းကြီးနှစ်တိုင်း၊ လူမျိုးကြီးနှစ်မျိုးတို့ အပြိုင်အဆိုင်စစ်ဗျူဟာခင်းကြသော တကယ့်ဖြစ်ရပ်တချို့ကို အရင်းခံပြု၍ဖွဲ့ဆိုထားသောလင်္ကာဖြစ်သည်ဟုယူဆကြသည်။ အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းအယူဝါဒ အတွေးအခေါ်များအပြင် ပထဝီဝင်နှင့်သမိုင်းကြောင်းဆိုင်ရာ အရေးပါသောအချက်အလက်များကိုပါသိုမှီးထားရာ ရတနာသိုက်သဖွယ်ဖြစ်သည်။ ရှေးပဝေသဏီက အိန္ဒိယနိုင်ငံတွင် နေထိုင်ခဲ့ကြသည့်သူတို့၏ နိုင်ငံရေးသဘောတရားနှင့် လူနေမှုစနစ်များကို မဟာဘာရတတွင်တွေ့ရသည်။ မဟာဘာရတဇာတ်လမ်းကို ရာမယဏဇာတ်လမ်းနည်းတူ စင်တင်တင်ဆက်ကပြခြင်း၊ နောက်ပိုင်းတွင် ရုပ်ရှင်အသွင်ရိုက်ကူးခြင်းဖြင့် ပိုမိုထင်ရှားလာသည်။ မဟာဘာရတက ပေးသော သင်ခန်းစာများသည် လောကသဘာဝ၊ လောကနိယာမ၊ လောကမာယာတို့ပင်ဖြစ်သည်။ ဤသည်ပင် လင်္ကာဖွဲ့ဆိုသူ၏ စေတနာကောင်းတစ်ရပ်ပင်ဖြစ်ပါတော့သည်။

**ကိုးကား**

၁။ မြန်မာ့စွယ်စုံကျမ်းအတွဲ(၈)

၂။ ကမ္ဘာ့စာပေအညွှန်း(အိန္ဒိယ-အီရန်-အာရပ်) မောင်ထင်

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရေကြည်မြို့နယ်တွင် ဒေသထွက် နဂါးမောက်သီးများ အရောင်းအဝယ်ကောင်းမွန်နေ



**ရေကြည် ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ဒေသထွက် နဂါးမောက်သီးများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ် နဂါးမောက်သီးစိုက်ပျိုးရေးနှင့် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးရီက ပြောပြသည်။

ရေကြည်မြို့နယ်တွင် ဒေသထွက် နဂါးမောက်သီးများကို ဇန်နဝါရီလ ဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက်နဂါးမောက်သီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၅၀၀၀၀ ထိ ပေါက်ဈေးရှိပြီး ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေကြောင်း သိရသည်။

"ရေကြည်မြို့နယ်မှာက နဂါးမောက်သီးတွေကို အော်ဂဲနစ်နည်းနဲ့ စိုက်ပျိုးထုတ်လုပ်နေပါတယ်။ အော်ဂဲနစ်နည်းစနစ်နဲ့ စိုက်ထားတဲ့အတွက် နဂါးမောက်သီးတွေက ရက်ရှည်အထားခံပါတယ်။ အရသာလဲ ထူးခြားတယ်။ ဈေးကွက်မှာလဲ ရောင်းပန်းလှသလို ဝယ်ယူသူတွေကလဲ ရှိးရှိး အသီးနဲ့ယှဉ်ရင် ပိုကြိုက်နှစ်သက်ပါတယ်။ ရေကြည်ဘက်မှာက လက်ရှိကာလဟာ နဂါးမောက်သီးတွေ စတင်ထွက်ရှိနေပြီဖြစ်ပါတယ်။ ထွက်ရှိနေတဲ့ နဂါးမောက်သီးတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာဖြစ်ပါတယ်"ဟု ရေကြည်မြို့နယ် နဂါးမောက်သီးစိုက်ပျိုးရေးနှင့်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးရီက ပြောပြသည်။

ရေကြည်မြို့နယ်တွင် အော်ဂဲနစ်နည်းဖြင့် တောင်သူတစ်ဦးလျှင် နဂါးမောက်သီး တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြပြီး စိုက်နည်းစနစ်များကို ဒေသခံလုပ်ငန်းရှင်များ၊ တောင်သူများ၊ စိုက်ပျိုးရေးပညာရှင်များ ပူးပေါင်းစိုက်ပျိုးကြခြင်းဖြစ်ကြောင်း၊ အဆိုပါဒေသထွက် နဂါးမောက်သီးများ အရောင်းအဝယ် ကောင်းမွန်နေသဖြင့် လာမည့် ဆောင်းကာလတွင် နဂါးမောက်သီးဧက ထပ်မံတိုးချဲ့ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်လင်း

# မြောင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံ ၃၈၄၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံ ၃၈၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၃၉၉၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၈၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြောင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဟင်းသီးဟင်းရွက်၃၉၉၄ဧကလျာထားစိုက်ပျိုးခဲ့ရာ ၃၈၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို တောင်သူတွေကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ဟင်းသီးဟင်းရွက်သီးနှံများကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ပိုမိုတိုးချဲ့စိုက်ပျိုးရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဂုဏ်ယူစရာမြန်မာ့သနပ်ခါး

သီရိသော်

ဆောင်းမှာနွေး၊ နွေမှာအေးဆိုသည့် သနပ်ခါး၏ အာနိသင်ကြောင့် မြန်မာလူမျိုးများသည် မွေးကင်းစ အရွယ်ကစ၍ အသက်အရွယ်မရွေးသနပ်ခါးလိမ်းကြသည်။ မြန်မာနိုင်ငံတွင် မည်သည့်နေရာကို သွားသွား သနပ်ခါးလိမ်းကျံထားသော မျက်နှာများကို မြင်တွေ့နိုင်ခြင်းက သက်သေသာဓကပင်ဖြစ်ပေသည်။ မြန်မာအမျိုးသမီးများသည် သနပ်ခါးကို လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်ကတည်းက လိမ်းခဲ့ကြသည်။ သနပ်ခါးကို မခုံမင်မနှစ်သက်သော မြန်မာအမျိုးသမီး ဟူ၍ မရှိသလောက်ပင် ရှားပါးပါသည်။ ယခုခေတ်တွင် အနောက်တိုင်း အလှခြယ်ပစ္စည်းများအသုံးများ၍ ခေတ်စားနေစေကာမူ သနပ်ခါးနှင့်ကင်းနိုင်သူ မြန်မာအမျိုးသမီး အရေအတွက်မှာ အလွန့်အလွန် နည်းပါးလှပေသည်။

သနပ်ခါးသည် စိတ်ကြည်လင် လန်းဆန်းဖွယ်ရာ သင်းပျံ့သောရနံ့နှင့် ပြည့်စုံခြင်း၊ အသားအရေကို အေးမြစေခြင်း၊ အသားအရေကို ချောမွတ်စေခြင်း၊ သနပ်ခါးလိမ်းကျံသူကို လှပစေခြင်း စသောဂုဏ်အင်္ဂါများနှင့် ပြည့်စုံသဖြင့် ရှေးခေတ်နန်းတွင်းသူများမှအစ ကောက်စိုက်သမများအဆုံး သနပ်ခါးကို လက်မလွှတ်နိုင်ခဲ့ကြခြင်းပင်ဖြစ်ပေသည်။ ထို့ကြောင့် သနပ်ခါးကို အမြဲတစေလိမ်းကြသဖြင့် အသားအရေ စိုပြည်ဝင်းဖန့်နေသောသူကိုတွေ့လျှင် "သနပ်ခါးသားရည်"ဟု ရှေးမြန်မာအမျိုးသမီးများ ဆိုလေ့ရှိကြပေသည်။ မြန်မာလူမျိုးများသည် သနပ်ခါးကို နှစ်သက်ခြင်းသည် အလှအပလိမ်းစရာဖြစ်သည့်အပြင် သနပ်ခါး၏ဆေးဘက်ဝင်သည့် အာနိသင်ဂုဏ်သတ္တိများကြောင့်လည်းဖြစ်သည်။ ပူအိုက်စိုစွတ်တဲ့ ရာသီဥတုရှိသည့် မြန်မာနိုင်ငံတွင် နေလောင်ခြင်းဒဏ်ကို ကာကွယ်နိုင်ပြီး အသားအရေကို ထိန်းသိမ်းနိုင်သည့်သနပ်ခါးကို မြန်မာအမျိုးသမီးများသာမက အမျိုးသားများပါ အသုံးပြုကြပေသည်။ သနပ်ခါးသည် မြန်မာလူမျိုးတို့အတွက် နေ့စဉ်အသုံးပြုကြလျက်ရှိသော လူ့အသုံးအဆောင်တစ်မျိုးဖြစ်သည်။

မြန်မာနှင့် သနပ်ခါးခွဲခြား၍မရသလို မြန်မာ့ယဉ်ကျေးမှုဓလေ့တစ်ခုလည်းဖြစ်ပြီး မြန်မာ့လူ့အဖွဲ့အစည်းအတွင်း သနပ်ခါးလိမ်းသည့် အလေ့အကျင့်ကို ရှေးနှစ်ပေါင်းများစွာကပင် စတင်ခဲ့သည်ဟုယူဆကြသည်။ သနပ်ခါးသည် "သနခါ" ဟူသောစကားမှဆင်းသက်လာပြီး "သန" ဆိုသည်မှာ မြန်မာ့အဘိဓာန်တွင် "မသန့်မရှင်း"ဖြစ်သည်။ ယုတ်ညံ့သွားသည်ဟု ထင်မှတ်ခံစားရသည်။ "ခါ" ကမူ လှုပ်ယမ်းသည်။ လှုပ်ခါ၍ ကင်းကွာစေသည်ဟုအဓိပ္ပာယ်ရသည်။ ထို့ကြောင့် "သနခါ"သည် မကောင်းသောအညစ်အကြေးများကို စွန့်ထုတ်ပေးသည်ဟု အဓိပ္ပာယ်ရှိပါသည်။ "သနခါ"မှ ကာလရွေ့လျားလာပြီး သနပ်ခါးဟု ပြောင်းလဲခေါ်ဆိုလာခြင်းပင်ဖြစ်သည်။ မြန်မာ့သနပ်ခါးကို ရှေးအစဉ်အဆက်ကာလကတည်းက မြန်မာနိုင်ငံရှိ မြန်မာအမျိုးသမီးများ၊ လူကြီးလူငယ်များနှင့် ကလေးငယ်များ၏ မျက်နှာပေါ်တွင် အမြတ်တနိုးလိမ်းခြယ်ခဲ့ကြသည်မှာ ယနေ့အချိန်ထိပင်ဖြစ်သည်။

မြန်မာ့သနပ်ခါးကို လိမ်းခြယ်ရာတွင် အလှအပအတွက် လိမ်းခြယ်ကြသလို အသားအရေ ထိန်းသိမ်းရန်အတွက်လည်း လိမ်းခြယ်ကြသည်။ ကျေးလက်နေ ကောက်စိုက်သမလေးများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှ ပန်းရန်သမလေးများကလည်း မိမိတို့လုပ်ငန်းခွင်၏ သဘောသဘာဝနှင့် ကိုက်ညီမှုရှိအောင် ပူပြင်းလှသည့်နေလောင်ဒဏ်ကိုခံနိုင်စေရန် သနပ်ခါးကို လိမ်းခြယ်ကြသည်။ ပါးပြင်ထက်ဝယ် သနပ်ခါးပါးကွက်ကျားလေးများ လိမ်းခြယ်ထားပါက နေရောင်ဒဏ်ကို ကာကွယ်ရုံသာမက နေပူရှိန်အောက်တွင် ချွေးကလေးတစ်စို့စို့ သနပ်ခါးနံ့လေး တစ်သင်းသင်းနှင့် စိတ်ကိုပျော်ရွှင် လန်းဆန်းစေသော ဂုဏ်သတ္တိထူးများရှိသောကြောင့် နေပူတွင် အလုပ်လုပ်ကြသော ကောက်စိုက်သမလေးများ အသုံးများသည်။

သနပ်ခါးသည် မြန်မာ့ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိပြီး သနပ်ခါးရေကျဲလေး လိမ်းလိုက်ရလျှင် စိတ်နှလုံးအေးချမ်းသကဲ့သို့ နေရောင်ခြည်ဒဏ်ကို ခံနိုင်ပြီး အရေပြားမပျက်စီးအောင်လည်း ကာကွယ်ပေးနိုင်သည်။ သနပ်ခါးသည် အပူပိုင်းဒေသများတွင်



ဖြစ်ထွန်းအောင်မြင်သည့် အပင်တစ်မျိုးဖြစ်သောကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများတွင် စီးပွားဖြစ်စိုက်ပျိုးကြရုံသာမက မိမိတို့၏အိမ်ခြံဝင်းအတွင်းတွင်လည်း စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းမှ ထွက်ရှိသောသနပ်ခါးများအနက် ရွှေဘိုသနပ်ခါးနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ထွက်ရှိသော သနပ်ခါးများမှာ ထင်ရှားကျော်ကြား လူကြိုက်များလှသည်။ မြန်မာတစ်နိုင်ငံလုံးရှိ တောင်ပေါ်မြေပြန့်မှ တိုင်းရင်းသား၊ တိုင်းရင်းသူများ သနပ်ခါးကို အမြတ်တနိုး လိမ်းခြယ်ကြသည်။

သနပ်ခါးသည် အသားအရေအမျိုးအစားမရွေး သုံးစွဲနိုင်ပြီး ယနေ့အချိန်တွင် သနပ်ခါးကို အခြေခံ၍ ခရင်မ်၊ ပေါင်ဒါ၊ မျက်နှာသစ်ဆေး၊ မိတ်ကပ် အစရှိသည်များကို ကျား၊ မ မရွေး သုံးစွဲနိုင်အောင် ဖန်တီးထုတ်လုပ်နေပြီဖြစ်သည်။ သနပ်ခါးတွင် အသားအရေအတွက် ကောင်းစေသောဓာတ်များ ပါဝင်သောကြောင့် ဝက်ခြံ၊ တင်းတိပ်၊ အဖြူစက်၊ အမည်းစက်များနှင့် အဖုအပိမ့်များကိုလည်း ပျောက်ကင်းစေပါသည်။

သနပ်ခါးသည် အရွက်ကနေစ၍ အမြစ်ထိ အသုံးတည့်သည့် အပင်တစ်မျိုးဖြစ်သည်။ သနပ်ခါးအရွက်နှင့် သနပ်ခါးအပွေးမှာ ကင်ဆာရောဂါ ကာကွယ်နိုင်သည့် အာနိသင်ရှိပြီး အမြစ်သည် အော့အန်ခြင်း၊ ဝမ်းကိုက်ခြင်းနှင့် လေထိုးလေအောင့်ခြင်းများကို သက်သာစေနိုင်သည်။ သနပ်ခါးအသီးပြုတ်ရည်ကို အဆိပ်ရှိသတ္တဝါကိုက်ခံရသည့်နေရာတွင် လိမ်းပေးလျှင် အဆိပ်ပြေစေသည်။ အဆစ်အမျက်ကိုက်ခဲပါက သနပ်ခါးလူးပေးလျှင် သက်သာစေနိုင်သည်။ ဝက်ရူးပြန်ရောဂါ၊ ငှက်ဖျားရောဂါနှင့် အနာကြီးရောဂါအတွက် ဆေးဖော်စပ်ရာတွင် သနပ်ခါး၏အရွက်ကို အသုံးပြုကြသည်။ သနပ်ခါးသည် အရေပြားမှိုပိုးဝင်ခြင်းကို သက်သာစေသည့်အပြင် အရေပြားပြဿနာဖြစ်စေသည့် ဗက်တီးရီးယားများကိုလည်း တိုက်ဖျက်ပေးနိုင်သည့် အာနိသင်ရှိပါသည်။

မြန်မာနိုင်ငံတွင် သနပ်ခါး၏ အရေးပါမှုတစ်ခုမှာ မိခင်က သားသမီးများကို ရေချိုးသန့်စင်ပြီးလျှင် ကျောက်ပျဉ်ထက်မှ သနပ်ခါးရည် ပျစ်ပျစ်ကို လက်ဖြင့်သပ်ယူ၍ ဘုရားကိုအာရုံပြုကာ ကလေးငယ်များ၏ နဖူးပေါ်နှင့် ပါးပြင်နှစ်ဖက်လုံးပေါ်သို့ လိမ်းခြယ်ပေးလေ့ရှိသည်။ ကြွင်းကျန်နေသော ကျောက်ပျဉ်ထက်မှ သနပ်ခါးကိုခွံ့လေ့ရှိသည်။ ရင်သွေးငယ်ကို သနပ်ခါးကျွေးခြင်းဖြင့် ကလေးငယ်များဖြစ်တတ်သော ကျောက်ရောဂါ၊ ဝက်သက်ရောဂါတို့ကို ကာကွယ်ပေးသည့်အပြင် သနပ်ခါး၏အေးမြမှု၊ မိခင်၏ ချစ်ခြင်းမေတ္တာကြောင့် အေးမြမှုနှစ်မျိုး ပေါင်းစပ်ကာ သနပ်ခါးလိမ်းရသည့် ကလေးမှာ လုံခြုံနွေးထွေးမှုကိုရစေသည်။ ထိုအတူ လူကြီးမိဘများက လက်ဆင့်ကမ်းကာ သနပ်ခါးလိမ်းပေးလေ့ရှိကြသည်မှာ ယနေ့ထိတိုင် မြန်မာ့လူ့အဖွဲ့အစည်း၏ သနပ်ခါးယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်ပါသည်။

သနပ်ခါးသည် မြန်မာ့လူမှုရေးအစဉ်အလာ အလေ့အထ၊ ရိုးရာဓလေ့နှင့် ပွဲတော်များတွင် အရေးပါသည့် နေရာမှပါဝင်သည်ကို ရာသီအလိုက် ရိုးရာပွဲတော်များတွင် တွေ့မြင်နိုင်သည်။ သနပ်ခါးကို မြတ်နိုး တန်ဖိုးထားလျက် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းထားနိုင်စေရန်အတွက် ဈေးရောင်းပွဲတော်များကျင်းပခြင်း၊ သနပ်ခါးနေ့အဖြစ် သတ်မှတ်ကာ အခမ်းအနားများကျင်းပခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့ရိုးရာအရ တပို့တွဲလပြည့်နေ့တွင် ဗုဒ္ဓဘုရားရှင်ကိုရည်စူးကာ သနပ်ခါးသားဖြင့် မီးပူဇော်သည်ကိုအကြောင်းပြု၍ တပို့တွဲလပြည့်နေ့ကို မြန်မာ့သနပ်ခါးနေ့အဖြစ် မြန်မာနိုင်ငံသနပ်ခါးအသင်းကသတ်မှတ်ပြီး သနပ်ခါးဆိုင်ရာသိကောင်းစရာများ ဟောပြောဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ စတုဒိသာများ ကျွေးမွေးခြင်း၊ ဗုဒ္ဓဘုရားကိုရည်မှန်းကာ သနပ်ခါးအစရှိသည့် အမွှေးနံ့သာတို့ဖြင့် တန်ခိုးကြီးဘုရားများတွင် မီးပူဇော်ခြင်း၊ သနပ်ခါးဈေးရောင်းပွဲတော်များနှင့် မီးဖုန်းပွဲတော်များ ကျင်းပဆောင်ရွက်ကြသည်။

"မီးဖုန်းလှူပွဲ၊ တပို့တွဲ"ဟူသောဆိုရိုးစကားအတိုင်း တပို့တွဲလတွင် ထိုပွဲတော်ကိုကျင်းပ၍ မီးဖုန်းပွဲတော်ဟုခေါ်သည်။ တပို့တွဲလသည် အအေးဓာတ်လွန်ကဲသဖြင့် ဘုရားရှင်ကိုယ်တော်မြတ်အား နွေးနွေးထွေးထွေးရှိစေရန် ရည်စူး၍ သနပ်ခါးအတုံးများ၊ အကိုင်းအလက်များ၊ ကရမက်၊ နံ့သာဖြူ၊ နံ့သာနီ စသောအခြားမွှေးနံ့သာတုံးများနှင့် ရောနှောကာ မီးရှို့ပူဇော်ကြသည်။ ယင်းကာလတွင် ဗုဒ္ဓဘုရားရှင်အားရည်စူး၍ မီးဖုန်းပွဲကို တပို့တွဲလပြည့်နေ့တွင် ဗုဒ္ဓဘုရားရှင်ကိုရည်မှန်းကာ သနပ်ခါးအစရှိသော အမွှေးနံ့သာတို့ဖြင့် ဘုရားကို မီးပူဇော်ကြသည်မှာ မြန်မာတို့၏ ယုံကြည်မှု၊ လူမှုရေးအစဉ်အလာ ဖော်ပြချက်များ စသည်တို့တွင် သနပ်ခါး၏ နက်ရှိုင်းစွာ ပါဝင်နေမှုကို ဖော်ပြနေပါသည်။

မြန်မာ့သနပ်ခါးပင် စိုက်ပျိုးရေးနှင့် သနပ်ခါးယဉ်ကျေးမှုကို လူငယ်များအကြား ဖြန့်ဝေပေးနိုင်ရန်အတွက် သနပ်ခါးပြတိုက်တစ်ခုကို ရွှေပြည်နန်းကုမ္ပဏီက ညောင်ဦးမြို့တွင် တည်ထောင် ဖွင့်လှစ်ထားကြောင်း လေ့လာသိရှိရပါသည်။ ထို့အပြင် မြန်မာ့သနပ်ခါးကို တန်ဖိုးထားကာ မိမိတို့၏ရိုးရာယဉ်ကျေးမှု သနပ်ခါးကိုတန်ဖိုးထားထိန်းသိမ်း၍ ဆက်လက်ရှင်သန်စေရေး လက်ဆင့်ကမ်းပေးနိုင်ရန်အတွက် မြန်မာနိုင်ငံသနပ်ခါးအသင်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က စတင်တည်ထောင်ခဲ့ကြသည်။

ကမ္ဘာတွင် မြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာ သနပ်ခါးကို အလှအပခြယ်မှုန်းရာတွင် ရိုးရာအလှပြင်ပစ္စည်းအဖြစ်သာမက တစ်ခါတစ်ရံတွင်လည်း ဒဏ်ရာအနာတရများနှင့် တင်းတိပ်ဝက်ခြံများ ပျောက်ကင်းအောင်လည်း လိမ်းခြယ်အသုံးပြုကြသည်။ မြန်မာနိုင်ငံသည် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုမှသည် အစားအသောက်ပုံစံထိ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ယဉ်ကျေးမှုရှိသော သမိုင်းကြောင်း ခိုင်မာသောနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများလည်း ရှေးနှစ်ပေါင်းများစွာကတည်းက ယခုအချိန်အထိ လက်ဆင့်ကမ်းခဲ့သော ရိုးရာအမွေအနှစ် ဓလေ့စရိုက်မှာလည်းများစွာရှိပြီး ထိုဓလေ့စရိုက်အမွေအနှစ်များထဲမှ ဆင်ယင်ထုံးဖွဲ့မှုနှင့် အလှအပခြယ်သမှုများတွင် ယခုအချိန်ထိ စွဲမြဲစွာဆောင်ရွက်နေသော ချစ်စရာဓလေ့စရိုက်တစ်ခုမှာ သနပ်ခါးလိမ်းခြင်းပင်ဖြစ်သည်။

ယခုအခါ မြန်မာ့သနပ်ခါးကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရန် စာတမ်းရေးသားပြုစုနေကြောင်းရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

အဆိုပါစာတမ်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအပါအဝင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး NGO များနှင့် ပူးပေါင်း၍ရေးဆွဲနေပြီး မြန်မာ၊ အင်္ဂလိပ်၊ ပြင်သစ်ဘာသာများဖြင့် ရေးဆွဲနေကြောင်း သိရသည်။ မြန်မာ့သနပ်ခါးနှင့် သနပ်ခါးယဉ်ကျေးမှုသည် ကမ္ဘာ့အမွေအနှစ်အသိအမှတ်ပြုစာရင်းတွင် ပါဝင်ခြင်းဖြင့် မြန်မာနိုင်ငံနှင့်လူမျိုးကို ကိုယ်စားပြုသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် နိုင်ငံတကာက အသိအမှတ်ပြုလေးစားတန်ဖိုးထားလာကြမည်ဖြစ်သည်။

သနပ်ခါးသည် မြန်မာလူမျိုးတိုင်း တန်ဖိုးထားရသည့် ပြည်တွင်းအလှကုန်တစ်မျိုးဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကတည်းက မြန်မာအမျိုးသမီးများသည် သနပ်ခါးကိုအလှပြင် လိမ်းခြယ်စရာအဖြစ် အသုံးပြုကြသည်။ နန်းတွင်းသူကအစ ကောက်စိုက်သမများအဆုံး ခုံမင်စွာလိမ်းကျံခဲ့ကြသည့် သနပ်ခါးသည် ယနေ့ထိ မြန်မာအမျိုးသမီးများ၏ ပါးပြင်ပေါ်တွင် နေရာယူထားပြီး အမြတ်တနိုးလိမ်းခြယ်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# အယ်ဘတ်တာပြည်နယ်တွင် တောမီးလောင်ကျွမ်းသည့်ရာသီ စတင်ပြီဖြစ်ကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်



**အော့တဝါ ဖေဖော်ဝါရီ ၂**

ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ်တွင် ဖေဖော်ဝါရီလမှစ၍ တောမီးလောင်ကျွမ်းမှုရာသီစတင်ပြီဖြစ်ကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းသည့်ရာသီသည် ပုံမှန်နှစ်များထက် တစ်လပိုစော၍ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာလထိ တောမီးလောင်ကျွမ်းသည့် ရာသီဖြစ်ကြောင်း၊ ယခုနှစ် တောမီးလောင်ကျွမ်းသည့်ရာသီသည် ပုံမှန်နှစ်များထက် တစ်လစောသကဲ့သို့ ပုံမှန်နှစ်များထက် နောက်ကျမည်ဖြစ်ကြောင်း၊ တောမီးရာသီကို ရင်ဆိုင်နိုင်ရေးအတွက် ကနေဒါသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနသည် စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အယ်ဘတ်တာပြည်နယ်မှာ တောမီးလောင်ကျွမ်းမှုရာသီစတင်ပြီဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ဖို့အတွက် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနနဲ့ စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တောမီးအန္တရာယ်ထိန်းချုပ်ကာကွယ်ရေးအတွက် ကြိုတင်ကာကွယ်ရေးအစီအစဉ်တွေကို အခုစပြီးတော့ ပြင်ဆင်သွားမယ်။ သစ်တောရေးရာ စီမံခန့်ခွဲမှုတွေကိုလဲ သေချာစီစဉ် ဆောင်ရွက်သွားမယ်။ ဒေသခံတွေအနေနဲ့လဲ မီးမပေါ့ဆဖို့အတွက် အထူးသတိပေးပါတယ်။ နှစ်စဉ် တောမီး လောင်ကျွမ်းမှုတွေမှာ ဒေသခံတွေရဲ့ မီးပေါ့ဆမှုတွေကြောင့် လောင်ကျွမ်းတဲ့တောမီးက အကြိမ်ရေ များနေတာလဲ တွေ့ရတယ်"ဟု စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီး ဒက်ဗင်ဒရီရှန်က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**ကင်ဘာရာ ဖေဖော်ဝါရီ ၂**

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး ဒေသခံထောင်နှင့်ချီ၍ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ကြောင်း ကွင်းစလန်းပြည်နယ် Regional Emergency Management(REM) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုသည် ဟင်ချင်ဘရော့ခ်ကမ်းခြေတွင် အဓိကဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ဂီရှူမြို့နှင့် တောင်းစဗီးလ်မြို့တို့မှ ဒေသခံများ ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်နေရကြောင်း၊ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံအရေအတွက်ကို မသိရသေးသော်လည်း ကုန်းမြင့်ပိုင်းဒေသများသို့ ဒေသခံများကို နေရာချပေးထားကြောင်း၊ Bureau of Meteorology ၏ ထုတ်ပြန်ချက်အရ ကွင်းစလန်းပြည်နယ်တွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း မိုးရေချိန်မှာ မီလီမီတာ ၆၀၀ ထိ မြင့်တက်ခဲ့ကြောင်း၊ ရေကြီးရေလျှံမှုအခြေအနေမှာ မိုးရေချိန်မြင့်တက်မှုကြောင့် ပိုမိုဆိုးရွားလာဖွယ်ရှိနေပြီး ကယ်ဆယ်ရေးဝန်ထမ်းများက ရေလွှမ်းနေသော နေရာများတွင် ဒေသခံများ အန္တရာယ်ကင်းစေရေးအတွက် အသက်ကယ်လှေများ လူနာတင်ယာဉ်များဖြင့် စောင့်ကြည့်လှည့်လည်ပေးနေကြောင်း သိရသည်။

"ကွင်းစလန်းပြည်နယ် ဟင်ချင်ဘရော့ခ် ကမ်းခြေဒေသတွေနဲ့ ဂီရှူမြို့၊ တောင်းစဗီးလ်မြို့တို့မှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ မိုးရေချိန် ဆက်လက်မြင့်တက်ဖွယ် ရှိနေတဲ့အတွက် ရေကြီးရေလျှံမှု အခြေအနေ ပိုဆိုးလာနိုင်တယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံထောင်နဲ့ချီရှိနေပြီး သေဆုံးသူ တစ်ယောက် ရှိခဲ့ပါတယ်"ဟု Regional Emergency Management(REM)မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# ဘရာဇီးနိုင်ငံ ဆော်ပိုလိုမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်

**ဘရာဇီးလီးယား ဖေဖော်ဝါရီ ၂**

ဘရာဇီးနိုင်ငံ ဆော်ပိုလိုမြို့တွင် ဇန်နဝါရီ ၃၁ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေကြောင်း အရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီ၏ ဖေဖော်ဝါရီ ၁ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် လမ်းများပေါ်တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီး ကားများနစ်မြုပ်မှု၊ မျောပါမှုများ ဖြစ်ပွားခဲ့သကဲ့သို့ နေအိမ်အဆောက်အအုံများအတွင်း ပိတ်မိနေသော လူအများအပြားကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း အဆိုပါအေဂျင်စီ၏ ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ရေကြီးရေလျှံမှုများကြောင့် ပြည်သူ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင်လည်း ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိပြီး မီးရထားပို့ဆောင်ရေး လုပ်ငန်းများကို ရပ်ဆိုင်းထားရကြောင်း၊ မြို့တော်အတွင်း သစ်ပင်များလဲပြိုခြင်းနှင့် အပျက်အစီးများ ပိတ်ဆို့ခြင်းများဖြစ်ပွားလျက်ရှိရာ မြို့တော်စည်ပင်သာယာမှ သန့်ရှင်းရေးအဖွဲ့ ၁၄၅ ဖွဲ့ကို ဖြန့်ကြက်ချထားပြီး အလုပ်သမား ဦးရေ ၂၇၀၀ ကျော်ဖြင့် ရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။



မိုးရွာသွန်းမှု ဆက်လက်ဖြစ်ပေါ်နိုင်ပြီး ရေကြီးရေလျှံမှုများ အပြင် မြေပြိုခြင်းများပါ ဖြစ်ပေါ်နိုင်သဖြင့် ပြည်သူများအနေဖြင့် သတိပြုနေထိုင်ကြရန် မိုးလေဝသဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

# မက္ကဆီကိုနိုင်ငံတွင် စွန့်ပစ်ပလတ်စတစ်အမှိုက်များကို ပြန်လည်အသုံးပြု၍ လောင်စာဆီအဖြစ် ပြောင်းလဲအသုံးပြုလျက်ရှိ

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၂**

မက္ကဆီကိုနိုင်ငံ ဘိုကာဒယ်ရီယိုမြို့ရှိ စွမ်းအင်ကူးပြောင်းရေးကုမ္ပဏီတစ်ခုဖြစ်သော Petgas ကုမ္ပဏီက စွန့်ပစ်ပလတ်စတစ်အမှိုက်ကို ပြန်လည်အသုံးပြု၍ ဓာတ်ဆီ၊ ဒီဇယ်ဆီတို့ကဲ့သို့ လောင်စာဆီအဖြစ် ပြောင်းလဲထုတ်လုပ်လျက်ရှိကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၁ ရက်တွင် ပြောကြားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ယခုအခါ စွန့်ပစ်ပလတ်စတစ်အမှိုက်များအသုံးပြု၍ ဓာတ်ဆီ၊ ဒီဇယ်တို့ကဲ့သို့ လောင်စာအဖြစ် ပြောင်းလဲ အသုံးပြုနေကြောင်း၊ ပလတ်စတစ် ၁ ဒသမ ၅ တန်ကို အသုံးပြုပြီး လောင်စာဆီ ၃၅၆ ဂါလန်ထိ ထုတ်လုပ်နိုင်ကြောင်း Petgas ကုမ္ပဏီ၏ နည်းပညာအရာရှိချုပ် ကာလို့စ်ပါရာဂူရီဒက်ဇ်က ပြောကြားခဲ့သည်။

အဆိုပါ လုပ်ငန်းစဉ်အတွင်း ပလတ်စတစ်မှ လောင်စာအဖြစ် ပြောင်းလဲထုတ်လုပ်ရန် ပရိုပိန်းကို အသုံးပြုရကြောင်း၊ အဆိုပါလောင်စာကိုအသုံးပြုခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထွက်သော်လည်း ဆာလဖာဒိုင်အောက်ဆိုက်ပါဝင်မှု နည်းသောကြောင့် အခြားသော လောင်စာများနှင့် နှိုင်းယှဉ်ပါက ဓာတ်ငွေ့အသားတင်ထုတ်လုပ်မှု လျော့နည်းကြောင်း ကာလို့စ်ပါရာဂူရီဒက်ဇ်က ပြောကြားခဲ့သည်။

ကမ္ဘာပေါ်တွင် နှစ်စဉ် ပလတ်စတစ်ထုတ်လုပ်မှုသည် တန်ချိန်သန်း ၄၀၀ ကျော်ရှိပြီး ပလတ်စတစ်နှင့်ဆိုင်သော မူဝါဒများ ပြောင်းလဲမှုမရှိပါက ၂၀၄၀ ပြည့်နှစ်တွင် ရာခိုင်နှုန်း ၇၀ ထိ တိုးလာနိုင်ကြောင်း ကုလသမဂ္ဂက ပြောကြားထားသည်။

**Ref : Russia Today**
**Trs : AZH**

# အမေရိကန်နိုင်ငံ အိုရီဂွန်ကမ်းခြေရှိ ရေအောက်မီးတောင် ပေါက်ကွဲဖွယ်ရှိနေ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂**

အမေရိကန်နိုင်ငံ အိုရီဂွန်ပြည်နယ် အိုရီဂွန်ကမ်းခြေရေိယာအတွင်းရှိ Axial Seamount ရေအောက်မီးတောင်သည် ယခုနှစ်အတွင်း ပေါက်ကွဲမှုဖြစ်ပွားဖွယ်ရှိနေကြောင်း အိုရီဂွန်တက္ကသိုလ်မှ သုတေသီများက သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အိုရီဂွန်တက္ကသိုလ်မှသုတေသီများက Axial Seamount ရေအောက်မီးတောင်၏ အခြေအနေကိုစောင့်ကြည့်နေပြီး ထူးခြားမှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ Axial Seamount ရေအောက်မီးတောင်သည် နေ့စဉ်နှင့်အမျှ သက်ဝင်လှုပ်ရှားမှုလက္ခဏာများ ပြသလျက်ရှိသကဲ့သို့ ၂၀၁၅ ခုနှစ်က ဖြစ်ပေါ်ခဲ့သော လှုပ်ရှားမှုမျိုးအတိုင်း ဖြစ်ပေါ်နေသည်ကို တိုင်းတာတွေ့ရှိခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်က ဖြစ်ပေါ်ခဲ့သည့်လက္ခဏာမျိုး ဖြစ်ပေါ်နေသကဲ့သို့ လက်ရှိဖြစ်ပေါ်နေသည့်လက္ခဏာများမှာ ပိုမိုပြင်းထန်ပြီး မီးတောင်ပေါက်ကွဲမှု ဖြစ်ပေါ်နိုင်သော လက္ခဏာမျိုးဖြစ်ကြောင်း၊ Axial Seamount ရေအောက်မီးတောင်နှင့်နီးကပ်စွာ ပင်လယ်ကြမ်းပြင်တွင် မီးတောင်အတွင်း သက်ဝင် လှုပ်ရှားမှုများကို စဉ်ဆက်မပြတ် တိုင်းတာမည့် ကိရိယာများကို တပ်ဆင်ထားရှိရန် လိုအပ်နေကြောင်း အိုရီဂွန်တက္ကသိုလ်မှ မီးတောင်ဆိုင်ရာ သုတေသီ ဘီလ်ချက်ဝိစ်ခ်က ပြောကြားခဲ့သည်။

"Axial Seamount ရေအောက်မီးတောင်ဟာ ၂၀၁၅ ခုနှစ်က ဖြစ်ပေါ်ခဲ့တဲ့ လက္ခဏာတွေအတိုင်း ပြန်လည်ဖြစ်ပေါ်လာတာ တွေ့ရတယ်။ ၁၀ နှစ်ကြာမှ မီးတောင်အတွင်း သက်ဝင်လှုပ်ရှားမှုလက္ခဏာတွေ ပြန်လည်ပြသလာတာ ဖြစ်ပါတယ်။ မီးတောင်အတွင်းကနေ မီးခိုးငွေ့အနည်းငယ်ထွက်ပေါ်နေတာကို တွေ့ရပါတယ်။ ရေအောက်ကြမ်းပြင်မှာ မီးတောင်ပေါက်ကွဲနိုင်တဲ့လက္ခဏာကို တိုင်းတာမဲ့ ကိရိယာတွေ တပ်ဆင်နိုင်ဖို့လဲ လိုအပ်ပါတယ်"ဟု အိုရီဂွန်တက္ကသိုလ်မှ မီးတောင်ဆိုင်ရာ သုတေသီ ဘီလ်ချက်ဝိစ်ခ်က ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၃၁၁၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း၃၁၁၃ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းဧက၄၈၀နှင့် ဖူးစားပြောင်း ၃၀၁၅ ဧက စုစုပေါင်း၃၄၉၅ ဧကတို့စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၄၅၈ ဧကနှင့်ဖူးစားပြောင်း ၂၆၅၅ ဧက စုစုပေါင်း ၃၁၁၃ ဧကစိုက်ပျိုးပြီးစီး ပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မော်လိုက်မြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၃၄၉၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၃၁၁၃ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်း အောင်မြင်ဖို့၊ ပိုးမွှား ရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ပြောင်းသီးနှံများ အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းများတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မင်းလှမြို့နယ် ရွာတော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရွာတော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကိုဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကိုဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ရွာတော်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၆ ဒသမ ၈၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာတော်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦးကိုရန်ပုံငွေကျပ် ၅ ဒသမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ရန်ပုံငွေကျပ် ၄ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀၉ကို ရန်ပုံငွေကျပ် ၂၆ ဒသမ ၈၅ သန်း စုစုပေါင်း အသင်းသား၊အသင်းသူ ၁၄၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆ ဒသမ ၈၅ သန်းကိုထုတ်ချေးပေးခဲ့ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးထံမှ သိရသည်။

**ကိုညို**

# လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နွေအပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပုံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ် ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ / သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ၊ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင် / သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင် သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- Gift Card ပေးခြင်း
- Internet Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- ဈေးဝယ်ခြင်း

အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။






ရုံးချုပ် -အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း -၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း -၀၉ ၃၁၀၀ ၁၅၃၄






နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

အရည်အသွေးမြင့်မား တာယာ မှာ TRISTAR

TBB,TBR,PCR
တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇






*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။


## "အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

## အမည်ပြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၁၈) အောင်မင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးကျောင်း Grade-6 တွင် ပညာသင်ကြားနေသော ဦးစိုင်းကိုကို၏သမီး မအိမ့်ကြွယ်စင်အား မမေသူထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမေသူထက်**

## အမည်ပြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သပြေညို ကိုယ်ပိုင်အထက်တန်းကျောင်း Grade-3(ဇလပ်) တွင် ပညာသင်ကြားနေသော ဦးသန်းဇော်၏သမီး မရှင်းသန့်ရတီအား မလင်းလက်ရွှေရည်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မလင်းလက်ရွှေရည်**

## အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်၊ အကွက်(၂၁၆)နေ ဦးကျော်စိုး၏သား မောင်ဖြိုးထက်အောင် (၉/အမဇ(နိုင်)၀၅၀၁၄၆)သည် ၂-၂-၂၀၂၅ ရက်တွင် Suzuki SGG-2B 7H-4196 အား ယူဆောင်ပြီး နေအိမ်မှထွက်သွားရာမှ ပြန်မလာသဖြင့် အဆိုပါမော်တော်ယာဉ်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းများ မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်စိုး**
**(၅/ငဇန(နိုင်)၀၀၀၁၁၇)**

❖ MNDAA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့ကို ၂-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်က အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီးဖြစ်...

❖ ထို့ကြောင့် ၎င်းတို့နှင့် ဆက်နွယ်နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## Singapore Open တင်းနစ်ပြိုင်ပွဲတွင် မာတန့် ချန်ပီယံဆု ဆွတ်ခူး




**စင်ကာပူ ဖေဖော်ဝါရီ ၂**

စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် Singapore Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဘယ်လ်ဂျီယံတင်းနစ်မယ် မာတန့်နှင့် အမေရိကန်တင်းနစ်မယ် အန်နာလီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မာတန့်က (၆-၁၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

မာတန့်အနေဖြင့် ၁၇ လတာကာလအတွင်း ပထမဆုံးဆွတ်ခူးနိုင်ခဲ့သည့်

**စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

## ဇမ္ဗူသီရိမြို့အနီး အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ခတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ယနေ့နံနက် ၉ နာရီ ၄၇ မိနစ် ၀၄ စက္ကန့်အချိန်တွင် နေပြည်တော်မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၆ မိုင်ခန့်အကွာ မြန်မာနိုင်ငံပြည်တွင်း(ဇမ္ဗူသီရိမြို့၏ အနောက်မြောက်ဘက် ၁၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၉ ဒသမ ၉၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၉၅ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခတ်သွားကြောင်း သိရသည်။ (မိုး/ဇလ)

## ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် ခါတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ် / ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၅၄၅၀၀၀၀ ကျပ်။

**ခါတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## မြန်မာဖူဆယ်လိဂ် ပွဲစဉ်(၉)အပြီးတွင် ရာသီဝက်ချန်ပီယံအဖြစ် MIU FC အသင်း ရပ်တည်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာဖူဆယ်လိဂ်-၁ ပွဲစဉ်(၉) ပွဲစဉ်များကို ယနေ့နံနက်၉နာရီမှ စတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင်ကျင်းပခဲ့ရာ MH Dream Team အသင်းကိုအနိုင်ရရှိခဲ့ကာ MIU FC အသင်းက ရာသီဝက်ချန်ပီယံအဖြစ်

**စာမျက်နှာ ၂၂ ကော်လံ ၃ ❖**



MH Dream Team အသင်းနှင့် MIU FC အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

